# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

( ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိအမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင်ပထမအကြိမ်အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး ၊ အခမ်းအနားမှူး အဖြစ် ဦးသိန်း မော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယ ခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့ အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အ စည်းအဝေးကို (၂၁၀)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေ စုစုပေါင်း၏ (၉၆.၃၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ၄၀ နဲ့ နည်းဥပဒေ၂၀(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၂၁)၊ နည်းဥပဒေခွဲ (က)နှင့်(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

# အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၁။**

**ဥက္ကဋ္ဌ၊** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အမျိုးသားလွှတ်တော် ဆိုင်ရာ နည်း ဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့

လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးအေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့်သည် မျက်စိဝေဒနာအတွက် ဆေးကုသမှုခံယူရန် စင်ကာပူနိုင်ငံတွင် ရောက်ရှိနေပါသဖြင့် ၂၉.၈.၂၀၁၁ မှ ၃၀.၈.၂၀၁၁ ရက်နေ့များတွင် ကျင်းပသော လွှ တ်တော်အစည်းအဝေး သို့ တက်ရောက်ခြင်းမှ ခွင့်ပြုပေးနိုင်ပါရန် ဦးမျိုးမြင့် ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါသည်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့်သည် ၂၉.၈.၂၀၁၁ ရက်နေ့မှ ၃၀.၈.၂၀၁၁ ရက်နေ့ အထိ ခွင့်ပန်ကြားခြင်းကို လွှတ်တော်ရဲ့ သဘောထားရယူမှာဖြစ်ပါတယ်။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကိုခွင့်ပြုကြောင်း ကြေညာပါတယ်။( သြဘာသံများ)

**အချိန်၊ ၁၀း၀၄။**

**ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးသွားရောက်နေပါသဖြင့်၂၉.၈.၂၀၁၁မှ ၂.၉.၂၀၁၁အထိ

ခွင့်ပြုပေးနိုင်ပါရန် ဦးစိုင်းဝင်းမောင် ကိုယ်စား ကျွန်တော် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ် မှ ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ၊** ။ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းဝင်းမောင်ရဲ့ ၂၉.၈.၂၀၁၁မှ ၂.၉.၂၀၁၁အထိ ခွင့်ပန်ကြားချက်ကို လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၀၅။**

**ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသောအမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်းမှာ ၂၈ ရက် နံနက် ၉း၀၀ နာရီအချိန်တွင် ဝမ်းလျှောရောဂါကြောင့် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ အရေးပေါ် တက်ရောက်ကုသနေရ ပါသဖြင့် အစည်းအဝေးသို့ မတက်ရောက်နိုင်ပါ။ သို့ပါ၍ ဦးမောင်အေးထွန်း အား ၂၉.၈.၂၀၁၁ မှ ၃၁.၈.၂၀၁၁ ရက်နေ့ အထိ ခွင့် (၃)ရက်ပေးနိုင်ပါရန် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးမြင့်လှိုင် မှ တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ၊** ။ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း၏ ၂၉.၈.၂၀၁၁ မှ ၃၁.၈.၂၀၁၁ ရက်နေ့အထိ တောင်းခံတဲ့ ခွင့်နဲ့ပတ်သက်ပြီး လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကိုလွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။( သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**၊ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအ ဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့်ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**၊ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော် ကိုယ်စားလှယ်(၄)ဦးက မေးမြန်းသည့် မေးခွန်းများသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ က သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ဖြစ်ပါတယ်။

**ကုန်စိမ်းသီးနှံများ ထားသိုနိုင်သော အအေးခန်းကုန်လှောင်ရုံများကို တည်ထောင်၍ အခကြေးငွေဖြင့် ငှားရမ်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင် က ကုန်စိမ်းသီးနှံများထားသိုနိုင်သော အအေးခန်းကုန်လှောင်ရုံများကိုတည်ထောင်၍ အခကြေးငွေဖြင့် ငှားရမ်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင်ဖြစ်ပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်ရဲ့ မေးခွန်းကို ဖတ်ကြားမေးမြန်း ခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ် ။

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။မြန်မာနိုင်ငံ ဈေးကွက်တစ်လျှား ထွက်ကုန်ကုန်စိမ်းသီးနှံများမှာလက်ရှိအနေအထားတွင်ကော်မရှင်စားစနစ်ဖြင့် ရောင်းဝယ်ဖောက်ကားမှုကို ဆောင်ရွက် လျက်ရှိကြောင်း သိ ရှိရပါတယ်။ ထို့ကြောင့် ဈေးနှုန်း မြင့်တက်မှုနှင့် ထုတ်လုပ်သူ တောင်ယာသမားများရရှိမှုဝင်ငွေမှာ ကွာခြားလှပါတယ်။ ဈေးနှုန်းလည်း တည်ငြိမ်မှုမရှိပါ။ နိုင်ငံအများစုတွင် ကျင့်သုံးသောလေလံစနစ်များဆောင်ရွက်၍ ထွက်ကုန်များကို စုဆောင်းရောင်းဝယ်ဖောက်ကားပါက ပိုမို၍ ဈေးနှုန်းတည်ငြိမ်မှုနှင့် တောင်ယာသမားများ ဝင်ငွေ တိုးရရှိလာနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကုန်စိမ်းသီးနှံများ ထားသိုနိုင်သော အအေးခန်းကုန်လှောင် ရုံများကိုတည်ထောင်၍ အခကြေးငွေဖြင့် ငှားရမ်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ ရှိပါက မည်သည့် ကာလတွင် ဆောင်ရွက်ပေးနိုင်မည်မရှိပါက မည်သည့်အတွက်ကြောင့် မဆောင်ရွက်ပေးနိုင်သည်ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးပါရန် တင်ပြအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**တမူးနယ်စပ် ကုန်သွယ်ရေးစခန်း မှ အလတ်စား ၊ အငယ်စား ကုန်သည်များအတွက် ကာလသတ်မှတ်ချက်ဖြင့် Individual Trading Card (ထသက) ထုတ်ပေးသည့်စနစ် ခွင့်ပြုပေးပြီး ကန့်သတ်ပိတ်ပင်ထားခဲ့သော ကုန်ပစ္စည်းများကို တရားဝင်တင်သွင်းခွင့်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်းက တမူးနယ်စပ် ကုန်သွယ်ရေးစခန်းမှ အလတ်စားအငယ်စား ကုန်သည်များအတွက် ကာလသတ်မှတ်ချက်ဖြင့် Individual Trading Card (ထ.သ.က) ထုတ်ပေးသည့်စနစ် ခွင့်ပြုပေးပြီး ကန့်သတ်ပိတ်ပင်ထားခဲ့သော ကုန်ပစ္စည်းများကို တရားဝင်တင်သွင်းခွင့် ပေးရန်နှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်း တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နယ်စပ်ဒေသ တမူး နယ်စပ် ကုန်သွယ်ရေးစခန်းမှာ ဖြစ်ပေါ်နေတဲ့ အကန့်အသတ်များကို ဖြေလျှော့ပေးနိုင်ရန်အတွက် မေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းများကို မေးမြန်းတဲ့နေရာမှာ ဒီမေးခွန်း ပေါ်ပေါက်လာရတဲ့ အခြေအနေလေးနဲ့ နယ်စပ်ကုန်သွယ်ရေးဖြစ်ပေါ်လာရတဲ့ အခြေအနေလေးကို အနည်းအကျဉ်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ၁.၁၂.၁၉၉၁ နေ့မှာ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ဟာ နယ်စပ်ကုန်သွယ်ရေးကိစ္စ ဆွေးနွေးခဲ့ကြပါတယ်။ ၆.၁.၁၉၉၂ နေ့မှစ၍ စမ်းသပ် အကောင်အထည်ဖော်ခဲ့ကြပါတယ်။ ၃၁.၇.၁၉၉၂ နေ့မှာ နယ်စပ်ဒေသကုန်သည်ကြီးများအသင်းကို ဖွဲ့စည်းခဲ့ကြပါတယ်။၂၁.၁.၁၉၉၄ မှာ နှစ်နိုင်ငံကုန်သွယ်ရေး သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါတယ်။ အဲ ဒီလို ချုပ်ဆိုခဲ့ကြပြီးတော့ ကုန်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက် တဲ့နေရာမှာ Individual Trading Card နဲ့သုံးစွဲခဲ့တာကို တွေ့ရှိရပါတယ်။ အဲဒီလို သုံးစွဲတဲ့နေရာမှာ လူတစ်ဦးချင်းအမည်စာရင်းတင်သွင်းပြီးတော့

ကဒ်လုပ်ပြီးတော့မှ တင်သွင်းတဲ့အတွက် နိုင်ငံတော်မှာလည်း အခွန်များစွာ ရရှိခဲ့ပါတယ်။ သာဓက အားဖြင့် ကြည့်မယ်ဆိုလို့ရှိရင် ရရှိတဲ့အခွန်ဟာ ဝင်ငွေများပြားတဲ့အတွက် ယခင်တုန်းက ကလေးက နေပြီးတော့မှ ဘဏ်က ငွေသယ်တဲ့စနစ် ကနေပြီးတော့မှ တမူးကနေ ကလေးကို ငွေပြန်ပို့ရတဲ့ အခြေအနေထိ ရောက်ရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ အဲဒီကနေ တဖြည်းဖြည်း ပြောင်းလဲလာတဲ့ အခါမှာ ကျွန်တော်တို့ ပင်လယ်အကောက်အခွန် ဥပဒေပုဒ်မ ၁၈ က တားထားတဲ့ ပစ္စည်းတွေအပြင် ပုဒ်မ ၁၉ ကနေပြီးတော့ နိုင်ငံတော်က အခါအားလျော်စွာ ကန့်သတ်ပိတ်ပင်ထားတဲ့ ပစ္စည်းတွေ စာရင်းဟာ ထုတ်ပြန်ကြေညာပြီးတော့မှ ကုန်သွယ်မှုလုပ်ငန်းတွေကို ကန့်သတ်ပိတ်ပင်မှုတွေ ရှိတဲ့အခါ ဒီဒေသမှာ လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ အလတ်စား၊ အသေးစား ကုန်သည်များဟာ အခက်အခဲများစွာ ဖြစ်ပေါ်ခဲ့ကြပါတယ် ။ သွင်းကုန်ပို့ကုန်လုပ်ငန်းများကို ကုန်သည်ကြီးများက ကုမ္ပဏီများ ထူထောင်စေပြီးတော့မှလုပ်ကိုင်ဆောင်ရွက်ခဲ့ပေမယ့် အောင်မြင်မှုရှိတဲ့ အခြေအနေကို တွေ့ရှိခဲ့ရပါတယ်။ အဲဒီတော့ အသေး စား၊ အလတ်စား ကုန်သည်တွေဟာ ကုမ္ပ ဏီကြီးတွေမှာ လက်ဝေခံစနစ်နဲ့ ဆောင်ရွက်ခဲ့ရတဲ့အတွက် ထွက်ပေါက်ရှာဖို့စဉ်းစားဆုံးဖြတ်တဲ့အခါကြမှ မှောင်ခို စနစ်ကို ရောက်ရှိသွားပါတယ်။ အဲ ဒီတော့ ဒီနယ်စပ်ကုန်သွယ်ရေးစခန်းမှာ တင်သွင်းခဲ့တဲ့ ပစ္စည်းတွေဟာ ယခင်က ဈေးကွက်ရှိပြီးသားဖြစ်တဲ့ ပစ္စည်းတွေဖြစ်တဲ့အတွက် ဒီပစ္စည်းတွေဟာ စီးဆင်းမြဲ စီးဆင်းနေပြီးတော့မှ မှောင်ခိုစနစ်ကို ယနေ့ ရောက် မှန်းမသိ ရောက်ရှိနေ့တဲ့အတွက် ယခင်တုန်းကလိုပဲ နယ်စပ်ဒေသက အသေးစား၊ အလတ်စား ကုန်သည်တွေ ဥပဒေလမ်းကြောင်း ပေါ်မှာ မှန်မှန်ကန်ကန်အခွန်ပေးသွင်းပြီးတော့ လျှောက်လှမ်းနိုင်ဖို့အတွက် ဒီမေးခွန်းကို ကျွန်တော် မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းနံပါတ်(၁)က တမူးနယ်စပ် ကုန်သွယ်ရေးစခန်းမှ အလတ်စား အငယ်စား ကုန်သည်များအတွက် ကာလသတ်မှတ်ချက်ဖြင့် Individual Trading Card (ထသက) ထုတ်ပေးသည့်စနစ်ဖြင့် ခွင့်ပြုပေးပြီး ကန့်သတ်ပိတ်ပင်ထားသော အောက်ပါ ပစ္စည်းများကို ကန့်သတ်ချက်ဖြေလျော့၍ တရားဝင်တင်သွင်းခွင့် ပြုပေးနိုင်ခြင်းရှိ/မရှိ ဖြစ်ပါတယ်။ အဲဒီကုန်ပစ္စည်းတွေကတော့စားတော်ပဲ ကုလားပဲ သကြား၊ စားအုန်းဆီ အာမွှေး ဆေးဝါးအမျိုးမျိုး ဂျုံစေ့နှင့် ဂျုံမှုန့်၊ ပါပလာ၊ စက်ဘီးနှင့် စက်ဘီးအပိုပစ္စည်းတို့ ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**ကုန်သွယ်လုပ်ငန်းခွန်များကို ပို့ကုန်သွယ်ရေးလုပ်ငန်းများအတွက် ၈ ရာခိုင်နှုန်း မှ ၅ ရာခိုင်နှုန်းသို့ လျှော့ပေးသကဲ့သို့ နယ်စပ်ကုန်သွယ်ရေးနည်း လမ်းဖြင့် ပို့ကုန်ဆောင်ရွက်မှုအပေါ်တွင် လျှော့ချပေးနိုင်မှု ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်းကပဲ ကုန်သွယ်လုပ်ငန်းခွန်များကို ပို့ကုန်သွယ်ရေးလုပ်ငန်းများအတွက်၈ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ လျှော့ပေးသကဲ့သို့ နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် ပို့ကုန်ဆောင်ရွက်မှုအပေါ်တွင် လျှော့ချပေးနိုင်မှု ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော် ဒုတိယမေးခွန်းကို ဆက် လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ၂၄.၈.၁၉၉၉ နေ့မှာ တမူးမြို့ နန်းဖာလုံဈေးမှာ ရောင်းချမယ့် ပစ္စည်းတွေ ဟာ တစ်ဖက်နိုင်ငံက ကသည်းနဲ့ အိန္ဒိယလူမျိုးများ ဈေးဝယ်ရာဒေသဖြစ်တဲ့အတွက် တစ်နည်းအားဖြင့် နိုင်ငံခြားပို့ကုန်အဖြစ် သက်ရောက်စေတဲ့အတွက် အဲဒီတင်သွင်းလာတဲ့ ပစ္စည်းတွေကို နန်းဖာလုံ အမယ်စုံဆိုပြီးတော့မှ အခွန်ကောက်ခံမှု စနစ်ကို စတင်ခဲ့ ပါတယ်။ အဲဒီလိုစတင်တဲ့ နေရာမှာ ယခုအချိန် ဈေးကွက်ဟာ တစ်ဖက်နိုင်ငံက ပုဂ္ဂိုလ်တွေမလာရောက်တဲ့အတွက် ဒီမှာ အခွန်ပေးသွင်းထားတဲ့ ပစ္စည်းတွေဟာ တမူးသူ/တမူးသားများ ပြန်လည်စားသောက်နေရတဲ့အတွက် ဈေးနှုန်းများ မြင့်မားနေခဲ့ပါတယ်။ ဒီမှာဆောင်ရွက်တဲ့ ကုန်သည်များဟာလည်း ပို့ကုန်သွယ်ရေးနဲ့ ဆောင်ရွက်တဲ့ လုပ်ငန်းများမှာ ကုန်သည်လုပ်ငန်းခွန်များကို ယခုအချိန်မှာ သုညအထိ လျှော့ချပေးတာကို တွေ့ရှိနေပေမယ့် နယ်စပ်ကုန်သွယ်ရေးနည်းလမ်းမြန်မာကျပ်ငွေနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းတွေမှာလျှော့ချပေးခြင်းမရှိတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကုန်သွယ် လုပ်ငန်းခွန်များကို ပို့ကုန်သွယ်ရေးလုပ်ငန်းများအတွက် လျှော့ပေးသကဲ့သို့ နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် ပို့ကုန်ဆောင်ရွက်မှုအပေါ်တွင် လျှော့ချပေးနိုင်ခြင်း ရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စိုက်ပျိုးစရိတ် တိုးမြှင့်ရေး ဆောင်ရွက်မည့် အစီအစဉ်နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှိုင်ဦးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အတွက် စိုက်ပျိုး စရိတ် တိုးမြှင့်ရေး ဆောင်ရွက်မည့် အစီအစဉ်နဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးလှိုင်ဦး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမျိုးသား လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှိုင်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့်တကွ ယနေ့ အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်၏ မေးမြန်းချက်အား ဖတ်ကြားတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ကျွန်တော်တင်ပြသွားမယ့် ကိစ္စကတော့ ကျေး လက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စိုက်ပျိုးစရိတ် တိုးမြှင့်ရေး ဆောင်ရွက်မည့် အစီအစဉ်နှင့်စပ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး အဓိကနိုင်ငံဖြစ်သည့် အားလျော်စွာ စီးပွားရေး မူဝါဒတွင် စိုက်ပျိုးရေးကို အခြေခံပြီး အခြားသော စီးပွားရေး ကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတ က်အောင် ဆောင်ရွက်ရန် ပါရှိပါတယ် ။ မြန်မာနိုင်ငံလူဦးရေ၏ (၇၀)ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများ ဖြစ်ကြပြီး လယ်ယာ သားငါးကဏ္ဍတွင် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိကြပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် နိုင်ငံအတွင်းလူဦးရေအများစုဖြစ်သော တောင်သူ လယ်သမားများ၏ ဝင်ငွေတိုးတက်ရေးသည် အဓိကကျလျက်ရှိပါတယ်။ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်

လုံလောက်သော အရှုံးအနှိုးများလိုအပ်မည်ဖြစ်ပါတယ်။ဥပမာ- သတ်မှတ်စံချိန်စံညွှန်းမီစိုက်ပျိုးရန် စပါးတစ်ဧက စိုက်ပျိုးစရိတ် ကျပ်(၁.၂)သိန်းခန့် ကုန်ကျပါတယ်။ မတ်ပဲ၊ ပဲတီစိမ်းကဲ့သို့ ပဲ(၁)ဧက စိုက်ပျိုးစရိတ် ကျပ်(၁.၇)သိန်းခန့် ကုန်ကျပါတယ်။

ယခင်နှစ်များအထိ တောင်သူလယ်သမားများအား ထုတ်ချေးပေးလျက်ရှိသော စိုက်ပျိုးစရိတ်နှုန်းထားများမှာပဲတစ်ဧကလျှင်ကျပ်တစ်သောင်းနှုန်းနှင့်စပါးတစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြစ်ပြီး ယခုအခါ ကျပ်လေးသောင်းနှုန်းသို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ တိုးမြှင့်ပေးမည်ဖြစ်ကြောင်းသိရှိရပါသဖြင့် ကျွန်တော်တို့ပါတီမှ စိုက်ပျိုး စရိတ် တိုးမြှင့်ပေးရန် တင်ပြမည့်အစီအစဉ်နှင့် လိုက်လျောညီထွေရှိသည့်အတွက်ဝမ်းမြောက်ဝမ်းသာ ကြိုဆိုထောက်ခံပါကြောင်းနှင့် လယ်သမားများကိုယ်စား ပြည်ထောင်စုအစိုးရအဖွဲ့ကို အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်းပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ အထူးအလေးထားတင်ပြလိုတာကတော့ စိုက်ပျိုးစရိတ်တိုးမြှင့်ပေးရေး ဆောင်ရွက်ရာတွင် တစ်ပြည်လုံး အတိုင်းအတာဖြင့် စိုက်ဧက အားလုံး လွှမ်းခြုံမိစေရန် နှင့် စိုက်ပျိုးစရိတ် ကုန်ကျမှုနှင့် ချေးငွေပမာဏ ကွာဟမှု အနည်းဆုံးဖြစ်စေရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုဖြင့် အထူးပြုကုမ္ပဏီများ သမဝါယမအသင်းအဖွဲ့များ၏ ပံ့ပိုးမှု ရယူဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ စိုက်ပျိုးစရိတ် တိုးမြှင့်ရေး ဆောင်ရွက်ပေးစေလိုသည့်အစီအစဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ(က) ဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ၊ (ခ) မရှိလျှင် မည်သည့်အတွက်ကြောင့်နည်း၊ (ဂ) ရှိလျှင် မည်သို့ဆက်လက်ဆောင်ရွက်သွားမည်နည်း ဆိုသည့်အချက်များကို သိရှိလို ပါသဖြင့် တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

## ဖြေကြားချက်

**ဦးဝင်းမြင့်၊ (ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ကျွန်တော်ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာခုလိုဖြေကြားခွင့်ရတဲ့အတွက်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ကြယ်ပွင့်ပြမေးခွန်းများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ မေးခွန်း(က)၊ (ခ)၊ (ဂ)၊ (ဃ)ထိ မေးခွန်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖြေကြားရမှာဖြစ်တဲ့အတွက် (က)မှ (ဃ)အထိ တစ်ဆက်တစ်စပ်တည်း ဖြေကြားခွင့်ပြုပါရန်။ မေတ္တာရပ်ခံအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် မေးမြန်းတင်ပြထားတဲ့ ကုန်စိမ်းသီးနှံများထားသိုနိုင်သော အအေးခန်းကုန်လှောင်ရုံများကို တည်ထောင်ပြီးတော့ အခကြေးငွေဖြင့် ငှားရမ်းဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့စပ်လျဉ်းပြီ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ဦးဆွေအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ် (၁၂) ရန်ကုန်တိုင်းဒေသကြီးမှ လက်ရှိ ဈေးကွက်မှာ လယ်ယာထွက်ကုန်စိမ်းသီးနှံများ ကော်မရှင်စနစ်ဖြင့် ရောင်းဝယ်ဖောက်ကားကြခြင်းကြောင့်၊ တောင်သူလယ်သမားများ ဝင်ငွေရရှိမှုမှာ ကွာခြားကြောင်း၊ နိုင်ငံတကာမှာ ကျင့်သုံးလျက်ရှိတဲ့ လေလံစနစ်များဆောင်ရွက်ပါက ဈေးနှုန်းတည်ငြိမ်မှုနဲ့ တောင်ယာသမားများ ဝင်ငွေ တိုးတက် ရရှိနိုင်မှာဖြစ်ပြီး ကုန်စိမ်းသီးနှံများ ထားသိုနိုင်ရန် အ အေးခန်းသိုလှောင်ရုံများ တည်ဆောက် ၍ အခကြေးငွေဖြင့် ငှားရမ်းဆောင်ရွက်ရန် ရှိ /မရှိ မေးမြန်းထားခြင်းနဲ့ ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် ယခုအခြေအနေမှာ ကုန်စိ မ်းသီးနှံများကို ကော်မရှင် ၁၀ ရာခိုင်နှုန်းရယူပြီး ရောင်းဝယ်မှုများ ရှိနေသည်မှာ မှန်ပါတယ်။ ၎င်းရောင်းဝယ်မှုစနစ်များ လျော့နည်းပပျောက်သွားစေရန်အတွက် မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းနဲ့ ပြည်နယ်တိုင်းဒေသကြီး အသီးသီးတို့မှာဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်းနဲ့၎င်းအသင်းများရဲ့ ဦးဆောင်မှုနဲ့ အစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ လိုအပ်တဲ့နေရာများမှာ ကုန်စည်ဒိုင်များ တိုးချဲ့ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်စည်ဒိုင်များ ရှိလာတဲ့အခါမှာ ကော်မရှင်ယူ ရောင်းဝယ်မှုစနစ်မှာ

သီးနှံအမျိုးအစားကို လိုက်ပြီးတော့ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းဝယ်လာရေးကို ဦးတည် ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်စည်ဒိုင်များမှာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများမှစပြီး မည်သူ မဆို လာရောက်ရောင်း ဝယ်ဖောက်ကားနိုင်ရန်အတွက်လည်းပဲ ကုန်စည်ဒိုင်ရဲ့ နေ့စဥ်ပေါက်ဈေး ဈေးနှုန်းများကို အခြားပြည်နယ် /တိုင်းဒေသကြီးမှာရှိတဲ့ ကုန်စည်ဒိုင်များနဲ့ ချိတ်ဆက်အသိပေး ဆောင်ရွက်လျက်ရှိတဲ့အပြင်တောင်သူများသိရှိနိုင်ရန် ရေဒီယို၊ တယ်လီဖုန်းSMS များဖြင့် ထုတ်ပြန် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကုန်စိမ်းသီးနှံများ ပျက်စီးမှုနည်းပါးစေရေးနှင့် အရည်အသွေး ကျဆင်းမှုများ မရှိစေရေးအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ရောင်းဝယ်ဖောက်ကားမှု အချက်အချာ ကျတဲ့နေရာများမှာ အအေးခန်းသိုလှောင်ရုံများကို နောင်နှစ်အနည်းငယ်တွင် ဆောက်လုပ်ပြီးတော့ ဝန်ဆောင်မှု ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရဲ့ကြီးကြပ်မှုနဲ့ မြန်မာနိုင်ငံသစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းရဲ့ အစီအစဥ်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား စုစည်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက် ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအမှတ်(၉)မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်းရဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁)မှာ တမူး နယ်စပ် ကုန်သွယ်ရေးစခန်းမှာ အလတ်စား၊ အငယ်စား ကုန်သည်များအတွက် ကာလသတ်မှတ်ချက်ဖြင့် Individual Trading Card (ထသက) ထုတ်ပေးတဲ့စနစ် ခွင့်ပြုပေးပြီး ကန့်သတ်ပိတ် ပင်ထားခဲ့တဲ့ ကုန်ပစ္စည်း (၉)မျိုး ဖြစ်တဲ့ စားတော်ပဲ၊ ကုလားပဲ၊ သကြား၊ စားအုန်းဆီ၊ အာ လူး၊ ဆေးဝါးအမျိုးမျိုး၊ ဂျုံစေ့နဲ့ဂျုံမှုန့်၊ ပါပလာ၊ စက်ဘီးနှင့် စက်ဘီးအပိုပစ္စည်း များကို ကန့်သတ် ဖြေလျှော့ပြီး တရားဝင်တင်သွင်းခွင့် ပေးနိုင်ရေး ရှိ /မရှိ ဆိုတဲ့မေးခွန်းကို ဖြေကြားရမယ်ဆိုရင် ပထမအချက် အနေနဲ့ တမူးနယ်စပ် ကုန်သွယ်ရေးစခန်းအပါအဝင်နယ်စပ်ကုန်သွယ်ရေးစခန်းတွေမှာ၁၉၉၅ ခုနှစ်၊ နယ်စပ်ကုန်သွယ်ရေး နယ်စခန်းများ စတင်ဖွင့်လှစ်စဥ်က ကုမ္ပဏီဖွဲ့စည်း ထူထောင်လုပ်ကိုင်ခြင်း မပြုနိုင်သေးတဲ့ ကနဦးကာလများမှာ ထုတ်ကုန်၊သွင်းကုန်များ လုပ်ကိုင်နိုင်ရေးအတွက် ကုန်သည်တစ်ဦးချင်းကို Trading Card (ထသက)ကဒ်များကို ထုတ်ပေးဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် လုပ်ငန်း ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်များရဲ့ စာရင်း ဇယား မှန်ကန်တိကျမှုအားနည်းခြင်း၊ ကုန်သွယ်မှုလုပ်ငန်း

ဆောင်ရွက်ရာမှာ ပီပြင်မှုနည်းပါးခြင်း၊ အခွန်စည်းကြပ်ရန် အခက်အခဲများ ဖြစ်ပေါ်ခဲ့တဲ့အတွက် အဆင့်မြှင့်ပြီး ကုမ္ပဏီဖွဲ့စည်းကာ ပုံမှန်ကုန်သွယ်ရေးစနစ်ဆောင်ရွက်တဲ့ အလေ့အကျင့်ရရှိစေဖို့ ရည်ရွယ်ချက်နှင့် ဒေသအလိုက် (ထသက)ကဒ် ထုတ်ပေးတဲ့စနစ်ကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်မှာ ရပ်ဆိုင်းခဲ့ပြီး ကုမ္ပဏီထူထောင်ပြီးမှသာ (ထသက)ကဒ် ထုတ်ပေးတဲ့စနစ်ကို ကျင့်သုံးခဲ့ခြင်း ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ကုန်သွ ယ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာနဟာ ကုမ္ပဏီမှတ်ပုံတင်ပြီးရင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင် ထုတ်ပေးဆောင်ရွက်လျက်ရှိ ပါတယ်။ နယ်စပ်များမှာရှိတဲ့ ကုန်သည်အလတ်စား၊ အငယ်စားများအနေနဲ့ ကုမ္ပဏီ ထူထောင်ရန် အခက်အခဲရှိပါက ဒေသတွင်းထုတ်ကုန်သွင်းကုန် သမဝါယမအသင်း လီမိတက်များအဖြစ် ဖွဲ့စည်းပြီး ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင် (ထသက)မှတ်ပုံတင်ရရှိရေးကို နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန မှာရှိတဲ့ နယ်စခန်းရုံးများမှာ ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ မေးခွန်းနံပါတ်(၁)ရဲ့ ဒုတိယပိုင်းအနေနဲ့ ပစ္စည်း (၉)မျိုးကို အမယ်အလိုက် ဖြေကြားရမယ်ဆိုရင် စားတော်ပဲနှင့်ကုလားပဲတို့အား ကန့်သတ်ချက်ဖြေလျှော့ပြီး တရားဝင်တင်သွင်းခွင့် ပြုပေးနိုင်ခြင်း ရှိ/မရှိ နှင့်ပတ်သက်၍ နယ်စပ်ဒေသနေ ပြည်သူများ စားသုံးရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး အဆင်ပြေအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သကြားတင်သွင်းခွင့် ပေးနိုင်ခြင်း ရှိ/မရှိ နှင့်ပတ်သက်ပြီးတော့ ကြံလုပ်ငန်းရှင်များအသင်း၏ ထောက်ခံချက်ဖြင့်Refine Sugar အား တင်သွင်းခွင့်ပြုထားပြီးတော့ ရိုးရိုးသကြားကိုတော့ ကျွန်တော်တို့ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူများ ထိခိုက်နစ်နာနိုင်တဲ့အတွက်ကြောင့် တင်သွင်းခွင့် မပြုပါကြောင်း ဖြေကြား အပ် ပါတယ်။ Refine Sugar တင်သွင်းရာမှာတော့ စားသောက်ကုန် ဖြစ်တဲ့အတွက်ကြောင့်လည်းပဲ FDA ထောက်ခံချက် လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ စားအုန်းဆီတင်သွင်းခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ နှင့်ပတ်သက်ပြီးလောလောဆယ်နယ်စပ်ပေါက်မှ တင်သွင်းခွင့်မပြုသေးဘဲ ပင်လယ်ရေကြောင်း မှသာ FDA ထောက်ခံချက်ဖြင့် Guarantee ရှိတဲ့သူတိုင်းကို တင်သွင်းခွင့်ပြုလျက်ရှိပါတယ်။ နယ်စပ်မှတင်သွင်းလိုပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုမှု ထောက်ခံကြီးကြပ်မှုဖြင့် ဒေသလိုအပ်ချက် ပမာဏအတွက် အစုအဖွဲ့ကုမ္ပဏီများ ဖွဲ့စည်းပြီးတော့FDA ထောက်ခံချက် ဖြင့် တင်သွင်းခွင့် တောင်းမယ်ဆိုရင် ပိုမိုသင့်လျော်မှာ ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။အာမွှေးနှင့်

ပါပလာ တင်သွင်းခွင့်ပြုပေးနိုင်ခြင်း ရှိမရှိ နှင့်ပတ်သက်၍ စားသောက်ကုန်ဖြစ်တဲ့အတွက်ကြောင့် FDA ထောက်ခံချက်ဖြင့် တင်သွင်းခွင့်ပြု လျက်ရှိပါတယ်။ ဆေးဝါးအမျိုးမျိုး တင်သွင်းခွင့်နဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့မှ ထုတ်ပေးတဲ့ ဆေးဝါးတင်သွင်းခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် (Drug Importation Approval Certificate)၊ ဆေးဝါး လက်လီလက္ကား ရောင်းချသူ လိုင်စင် (Drug Registration Certificate)များဖြင့် ပြည့်စုံစွာ တင်ပြလျှောက်ထားလာပါက တင်သွင်းခွင့် ပြုပေးလျက်ရှိပါတယ်။ FDA ထောက်ခံချက် လိုအပ်ပါတယ်။ ဂျုံစေ့၊ ဂျုံမှုန့် တင်သွင်း ခွင့်ပြု ပေးနိုင်ခြင်း ရှိ/မရှိ နှင့်ပတ်သက်ပြီး ဂျုံစေ့အား တင်သွင်းခွင့်ပြုလျက်ရှိပြီး ဂျုံမှုန့်အား တင်သွင်းခွင့် မရှိပါကြောင်း ဖြေကြားအပ် ပါတယ်။ စက်ဘီးနှင့် စက်ဘီးအပိုပစ္စည်း တင်သွင်းခွင့်ပေး နိုင်ရေး ရှိ/မရှိ နှင့်ပတ်သက်ပြီးတော့ စက်ဘီးနှင့် စက်ဘီးအပိုပစ္စည်း အသစ်များကို တင်သွင်းခွင့်ပြုလျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၂)ဖြစ်တဲ့ ကုန်သွယ်လုပ်ငန်းခွန်များကို ပုံမှန်ကုန်သွယ်ရေးလုပ်ငန်း များ အတွက် ၈ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ လျှော့ပေးသကဲ့သို့ နယ်စပ်ကုန်သွယ်ရေး နည်းလမ်းဖြင့် ပို့ကုန်ဆောင်ရွက်မှုအပေါ်မှာ လျှော့ချ ပေးနိုင်မှု ရှိ /မရှိနှင့် ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့(၁၁.၈.၂၀၁၁)ရက်စွဲဖြင့် ထုတ်ပြန်ကြေညာတဲ့ အမိန့်ကြော်ငြာစာ အမှတ်(၁၄၂/၂၀၁၁)ဖြင့် နယ်စပ်ကုန်သွယ်မှုမှာ ကျပ်ငွေဖြင့် ပို့ကုန်ရောင်းရငွေ ရှိပါက ယင်းရငွေ စုစုပေါင်း၏ ၈ ရာခိုင်နှုန်းကို ကျပ်ငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရန် သတ်မှတ်ထားခြင်း အစား ၅ ရာခိုင်နှုန်းသာ ပေးဆောင်ရန် လျှော့ ပေါ့ပေးခဲ့ပါကြောင်း၊ နယ်စပ်ဖြတ်ကျော် ပုံမှန် ကုန်သွယ်ရေးနည်းလမ်းဖြင့် ရရှိတဲ့နိုင်ငံခြားငွေအဖြစ် နယ်စပ်နည်းလမ်းဖြင့် ရရှိသည့်ကျပ်ငွေလည်း အကျုံးဝင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ၎င်းအပြင် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှာ ထုတ်ပြန်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာ အမှတ်(၃၂/၂၀၁၁)ဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေချို၊ ရေငန်ထွက် ရေထွက်ပစ္စည်းများ တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ပစ္စည်းများ(ကန့်သတ်ကုန်ပစ္စည်းများမှအပ)၏ ပြည်ပပို့ကုန်ရောင်းရငွေ အပေါ် စည်းကြပ် ကောက်ခံတဲ့ ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဃ)အရ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ အထိ (၆)လကင်းလွတ်ခွင့် ပြုပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ပြည်ထောင်စုဝန်ကြီးများခင်ဗျား ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှိုင်ဦး မေးမြန်းတင်ပြထားတဲ့ လက်ရှိ တောင်သူလယ်သမားများအား နိုင်ငံတော်မှ ထုတ်ချေးပေးလျက် ရှိသော စိုက်စရိတ်နှုန်းထားများမှာ စပါး(တစ်)ဧက (နှစ်သောင်း)ကျပ်နှုန်းဖြစ်ပြီး၊ ပဲ (တစ်)ဧက (တစ်သောင်း)ကျပ်နှုန်း ဖြစ်ပါတယ်။ ကုန်ကျစရိတ်နဲ့ ချေးငွေပမာဏ ကွာခြားမှု များပြားနေကြောင်း တွေ့ရှိရပါတယ်။ သို့ပါ၍ စိုက်စရိတ်တိုးမြှ င့် ရရှိရေးအတွက် နိုင်ငံတော်ရဲ့ စီမံမှုဖြင့် အထူးပြု ကုမ္ပဏီများနှင့် သမဝါယမအသင်းများရဲ့ ပံ့ပိုးမှုများကို ရယူ ပြီး တ စ်ပြည်လုံး စိုက်ဧက အားလုံး လွှမ်းခြုံမိအောင် ဆောင်ရွက်ပေးမှသာ ပိုမို အကျိုးဖြစ်ထွန်းနိုင်မည် ဖြစ်ပါတယ်။ နိုင်ငံတော်မှ စိုက်စရိတ် တိုးမြှင့်ပံ့ပိုးဆောင်ရွက်သင့်ပါတယ်။ ၎င်းကိစ္စနှင့် ပတ်သက်ပြီး (က) ဆောင်ရွက်မည့် အစီအစဉ် ရှိ/မရှိ။ (ခ) မရှိလျှင် မည်သည့်အတွက်ကြောင့်နည်း။ (ဂ) ရှိလျှင် မည်သို့ဆက်လက် ဆောင်ရွက်မည်နည်းဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် အထူးပြုကုမ္ပဏီများနှင့် သက်ဆိုင်တဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အပိုင်းနှင့် သက်ဆိုင်တဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမအသင်းနှင့် ပတ်သက်တဲ့ သမဝါယမဝန်ကြီးဌာနရဲ့ ဖြေကြားချက်များကို စုစည်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ ဆန်စပါးအထူး ပြု ကုမ္ပဏီများနဲ့ ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် မြ န်မာ့ဆန်စပါးလောကနဲ့ အခြားသီးနှံလောက ဖွံ့ဖြိုးရေးအတွက် ၂၀၀၉-၂၀၁၀ စိုက်ပျိုးရာသီမှစပြီး နိုင်ငံတော်အကြီးအကဲများရဲ့လမ်းညွှန်ချက်နဲ့ ဆန်စပါးအထူးပြုကုမ္ပဏီများနှင့် ပဲမျိုးစုံအထူးပြု ကုမ္ပဏီများကို သတ်မှတ် အင်္ဂါရပ်များနဲ့အညီ ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀ စိုက်ပျိုးရာသီမှစပြီး ယနေ့အချိန်အထိ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီးနှင့် ရန် ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီ ဒေသအသီးသီးမှာ ဆန်စပါးအထူးပြု ကုမ္ပဏီ(၃၉)ခု၊ ပဲအထူးပြုကုမ္ပဏီ(၂၁)ခု စုစုပေါင်း အထူးပြုကုမ္ပဏီ(၆၀)ခု ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ အဆိုပါ ကုမ္ပဏီ(၆၀)အနေဖြင့် ၂၀၀၉-၂၀၁၀ မိုးစပါး၊ နွေစပပါး စိုက်ပျိုးရာသီမှာ တောင်သူ (၄၅၉၀၉)ဦး၊ စိုက်ဧက (၁၁၃၆၉၁)ဧကအတွက် စပါးစို က်ပျိုးရန် စိုက်ပျိုးစရိတ်နှင့် သွင်းအားစု ပံ့ပိုးမှု တန် ဘိုးငွေပမာဏ ကျပ်(၁၆.၉၄၇ဘီလီယံ)ကို ပံ့ပိုးပေး ခဲ့ပါတယ်။ ၂၀၀၉-၂၀၁၀ ပဲမျိုးစုံ

စိုက်ပျိုးရာသီမှာ တောင်သူ (၁၅၅၆၄)ဦး စိုက်ဧက(၁၁၆၂၈၁)ဦးအတွက် ပဲစိုက်ပျိုးဖို့ စိုက်ပျိုး စရိတ်နှင့် သွင်းအားစုပံ့ပိုးငွေ တန်ဘိုး ငွေပမာဏ(၄.၁၁၆ ဘီလီယံ) ပံ့ပိုးပေးခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာလည်း မိုးစပါး၊နွေစပါး စိုက်ပျိုးရာသီမှာ တောင်သူ (၈၂၁၉၂)ဦး၊ စိုက်ဧက (၆၀၀၀၀၀)ကျော်အတွက် စပါးစိုက်ပျိုးရန် စိုက်ပျိုးစရိတ်နှင့်သွင်းအားစုပံ့ပိုးငွေ(၂၉.၃၁၉ ဘီလီယံ) ပံ့ပိုးပေးခဲ့ပါတယ်။၂၀၁၀-၂၀၁၁ပဲစိုက်ပျိုးရာသီမှာ တောင်သူ(၈၇၄၇)ဦး၊ စိုက်ဧက(၁၇၀၀၀၀)ကျော် အတွက် ပဲစိုက်ပျိုးရန် စိုက်ပျိုးစရိတ်နှင့် သွင်းအားစုပံ့ပိုးငွေပမာဏ(၆.၆၄ ဘီလီယံ)ကို ပံ့ပိုးပေးခဲ့ပါ တယ်။ ယခု ၂၀၁၁-၂၀၁၂ မှာတော့ မိုးစပါးမှာ စပါးစိုက် ပျိုးတောင်သူ(၄၇၇၉၀)ဦး၊ စိုက်ဧက (၃၆၀၀၀၀)ကျော်အတွက်စပါးစိုက်ပျိုးရန် စိုက်ပျိုးစရိတ်နှ င့် သွင်းအားစုပံ့ပိုးမှုတန်ဖိုး (၁၆.၃၃၄ ဘီလီယံ)ကျပ်ကို ပံ့ပိုးပေးခဲ့ပြီး ဖြစ်ပါတယ်။ မိုးစိုက်ပဲမျိုးစုံအတွက် တောင်သူ(၃၉၃၄)ဦး၊ စိုက်ဧက (၁၆၀၀၀)ကျော်အတွက် ပဲစိုက်ပျိုးရန် စိုက်ပျိုးစရိတ်နှ င့် သွင်းအားစုပံ့ပိုးမှု တန်ဖိုးငွေပမာဏ ကျပ်သန်း(၀.၈၀၉ ဘီလီယံ)ကို ပံ့ပိုးပေးပြီး ဖြစ်ပါတယ်။ ယခုနှစ် မိုးစပါးနှင့် မိုးပဲမျိုးစုံအတွက် အထူးပြုကုမ္ပဏီများမှ ဆက်လက်ပံ့ပိုး ထုတ်ပေးနေဆဲ ဖြစ်ပါတယ်။ ၎င်းအပြင် ၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီမှာ ဆန်စပါး အထူးပြုကုမ္ပဏီ(၁၁)ခု၊ ပဲမျိုးစုံ အထူးပြုကုမ္ပဏီ(၆)ခု၊ စိုက်ပျိုးရေး အထူးပြုကုမ္ပဏီ(၁)ခု စုစုပေါင်း (၁၈)ခုကို မြို့နယ် (၁၈)မြို့နယ်မှာ အသစ်ဖွဲ့စည်း ရေး လုပ်ငန်း အဆင့်ဆင့်ကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါကြောင့် ဆန်စပါးအထူးပြုကုမ္ပ ဏီ(၅၀)ခု၊ ပဲမျိုးစုံ အထူးပြုကုမ္ပဏီ(၂၇)ခုနဲ့ သီးနှံမျိုးစုံ စိုက် ပျိုးရေး အထူးပြုကုမ္ပဏီ(၁)ခု စုစုပေါင်း အထူးပြု ကုမ္ပဏီ(၇၈)ခုထိ ထပ်မံတိုးချဲ့ဖွဲ့စည်း ပြီး စိုက်ပျိုးစရိတ် ချေးငွေများ ပိုမိုတိုးတက် ပံ့ပိုး နိုင်ဖို့ ရည်မှန်းထားချက်များအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဖြေကြားချက်အရ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေနဲ့ ၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီမှာ စပါး (၁)ဧက ကျပ်(၂၀၀၀၀)နှုန်း၊ အခြားသီးနှံ (၁)ဧက ကျပ်(၁၀၀၀၀)နှုန်း ထုတ်ချေးလျက်ရှိရာမှာ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်အရစပါး(၁)ဧက ချေးငွေကျပ်(၄၀၀၀၀)အထိ တိုးမြှင့်ထုတ်ချေးနိုင်ဖို့ ထပ်မံလိုအပ်ငွေ တစ်ဧက ကျပ်(၂၀၀၀၀)ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှစ၍ ထုတ်ချေးလျက်ရှိပါကြောင်းနှင့် အခြားသီးနှံ (၁)ဧက ကျပ်(၁၀၀၀၀)နှုန်း ထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ သမဝါယမဝန်ကြီးဌာနရဲ့ ဖြေကြားချက်အရ နေပြည်တော်ကောင်စီ ၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာ ၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီအတွက်

မြို့နယ်(၅၀)မှာရှိတဲ့ လယ်ယာကုန်ထုတ်နဲ့ လက်လုပ်လက်စား ငွေစုငွေချေးအသင်း (၁၃၂၂) သင်းမှ အသင်းသား(၂၂၄၃)ဦး၊ စိုက်ဧက(၇၉၀၀၀)ကျော်အတွက် ကျပ်သန်း(၃.၅၇၁) ဘီလီယံကို ပံ့ပိုးပေးခဲ့ပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေးမှာ ထုတ်လုပ်ရေး သမဝါယမအသင်းများသို့ ပြည်နယ်/တိုင်းဒေသကြီး(၁၃)ခု၊ မြို့ နယ်(၁၁၉)မြို့နယ်မှ အသင်း (၅၇၇)သင်းတို့ရဲ့ စိုက်ဧက (၂၃၀၀၀၀)ကျော်အတွက် စိုက်ပျိုးစရိတ်ပံ့ပိုး ငွေ(၄.၄၄၇ ဘီလီယံ) ပံ့ပိုးခဲ့ကြောင်း ဖြေကြားအပ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေနဲ့ စပါး (၁)ဧကကို ချေးငွေကျပ်(၄၀၀၀၀)အခြား သီးနှံ(၁)ဧကကို ကျပ်(၁၀၀၀၀)နှုန်းနဲ့ ထုတ်ချေးပေးလျက်ရှိပြီး သမဝါယမဝန်ကြီးဌာနရဲ့ အစီအစဥ်နဲ့ လယ်ယာထုတ်ကုန်နဲ့ လက်လုပ်လက်စားငွေစုငွေချေးအသင်း၊ စိုက်ပျိုးရေးထုတ်လုပ်မှု သမဝါယမ အသင်းများမှတဆင့် တောင်သူများကို သီးခြားပံ့ပိုးထုတ်ပေးလျက်ရှိပါကြောင်းနဲ့ ဆန်စပါးအထူးပြု ကုမ္ပဏီများ၊ ပဲ အထူးပြုကုမ္ပဏီများဟာလည်း တောင်သူများလိုအပ် တဲ့ စိုက်ပျိုးစရိတ်၊ မျိုး၊ သွင်းအားစု၊ လယ်ယာသုံးစက်ကိရိယာများနှင့်နည်းပညာများကို ပံ့ပိုးနေတဲ့အပြင် ဆန်၊ ပဲ အထူးပြု ကုမ္ပဏီများ၊ မြို့နယ်တွေမှာ တိုးချဲ့ဖွဲ့စည်းပြီး တောင်သူများကို ဆက်လက်ပံ့ပိုးပေးသွားမှာ ဖြစ်ကြောင်းနှင့် နိုင်ငံတော်အနေနဲ့ တောင်သူများ စိုက်ပျိုးစရိတ် တိုးမြှင့် ရရှိရေးအတွက် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် အစီအစဥ်၊ အထူးပြုကုမ္ပဏီများနှ င့် သမဝါယမ အသင်းအဖွဲ့များ၏ ပံ့ပိုးမှုများကိုရယူပြီး တစ်ပြည်လုံးစိုက်ဧကအားလုံး လွှမ်းခြုံပြီး ပံ့ပိုးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အခုလို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှိုင်ဦး ရဲ့ မေးခွန်းကို ဖြေကြားခွင့်ရတဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တက်ရောက် လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို အထူး ကျေးဇူးတင်ရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

## ပင်လယ်ငါးဖမ်းလုပ်ငန်းတွင် သဘာဝမျိုးစိတ်များ မပျက်စီးစေရအောင် ရေရှည်လုပ်ဆောင်နိုင်ရေး နှင့် စပ်လျဉ်းသည့်မေးခွန်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်မြင့် က ပင်လယ်ငါးဖမ်းလုပ်ငန်းတွင် သဘာဝမျိုးစိတ်များ မပျက်စီးစေရအောင် ရေရှည်လုပ်ဆောင်နိုင်ရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးတင်မောင်မြင့်(တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃))**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပင်လယ်ငါးဖမ်းလုပ်ငန်းမှာသဘာဝမျိုးစိတ်များ မပျက်စီးအောင်နဲ့ ရေရှည်တည်တံ့လုပ်ဆောင်ရန် မည်သို့အစီအမံများ ပြုလုပ်ထားရှိကြောင်း ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသရဲ့ အနောက်ဘက် ပင်လယ်ပြင်မှာ ကမ်းဝေးငါးဖမ်းလှေကြီးများဖြစ်တဲ့ ပိုက်၊ ဒရွတ်ဆွဲ ဝါးလပ်လှေကြီးများဟာ ကမ်းနဲ့ တစ်မိုင်ကွာနီးထိမှာပင် လာပြီးတော့ ဆွဲယူဖမ်းဆီးနေတာတွေကို တွေ့မြင်ရပါတယ်။ အဲဒီလို ဖမ်းဆီးကြတဲ့အတွက်ကြောင့် ဒေသခံကမ်းနီးငါးဖမ်းလှေများအဖို့ အခက်အခဲများစွာ ကြုံတွေ့ရပါတယ်။ နောက်ပြီး ငါးမဖမ်းရကာလအဖြစ် သတ်မှတ်ထားတဲ့အချိန်များမှာပါ ဝင်ရောက်ပြီးတော့ ဖမ်းဆီး နေကြပါတယ်။ နောက်တ စ်နည်း ငါးမျိုးပြုန်းတီး စေနိုင်တဲ့ ပိုက်ကွက် စိပ်စိပ်များကို အသုံးပြု ပြီး လျှပ်စစ်ဓာတ်အား သတ်မှတ်ဗို့အားထက် ပိုမိုအသုံးပြုပြီးတော့ ဖမ်းဆီးနေတဲ့ ငါးမီးထွန်း လှေများ ဟာလည်း တားမြစ်ထားတဲ့ကြားကနေပြီးတော့ ဥပဒေမဲ့ဝင်ပြီးတော့ ဖမ်းဆီးနေကြပါတယ်။ အဲဒီလို လုပ်နေကြတဲ့အတွက်ကြောင့် နောင်မှာငါးမျိုးပြုန်းတီးပြီးတော့ငါးသားရှားပါးလာမယ့်အနေအထားမျိုး ကြုံတွေ့လာနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့် အနေနဲ့ ပင်လယ်ငါးဖမ်းလုပ်ငန်းမှာ ငါးသဘာဝ မျိုးစိတ်များ မပျက်စီး ရအောင်နဲ့ ရေရှည်ငါးဖမ်း နိုင်အောင် သက်ဆိုင်ရာမှ မည်သို့အစီအမံများ ပြုလုပ်ထားရှိသည်ကို သိရှိလိုပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ပတ်သက်ပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၆။**

**ဦးတင်နိုင်သိန်း(ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် ရဲ့ ပင်လယ်ငါးဖမ်းလုပ်ငန်းတွင် သဘာဝမျိုးစိတ်များ မပျက်စီးစေရန် ရေရှည် လုပ်ဆောင်နိုင်ရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုပါကြောင်း မေးမြန်းချက်နှင့် စပ်လျဉ်းပြီး ကျွန်တော် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း က ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တနင်္သာရီ တိုင်းဒေသကြီးရဲ့ အနောက်ဘက်ပင်လယ်ပြင်မှာ ကမ်းဝေး ငါးဖမ်းလှေများဖြစ်တဲ့ ဒရွတ်ဆွဲ ဝါးလပ်လှေကြီးများဟာ ကမ်းနှင့်တစ်မိုင်ခန့်အကွာထိ ဝင်ရောက်ပိုက်ဆွဲ ငါးဖမ်းတဲ့အတွက် ဒေသခံကမ်းနီး ငါးဖမ်းလှေများအဖို့ အခက်ကြုံနေကြောင်း မေးမြန်းတင်ပြထားတဲ့ ပထမအချက်နဲ့ စပ်လျဉ်းပြီး ဖြေကြားရရင် တနင်္သာရီတိုင်းဒေသကြီး ကမ်းရိုးတန်းမှာ ကမ်းခြေမှ(၁၀)မိုင်အကွာအဝေးအတွင်းရှိ ရေပြင်ဟာ ကမ်းနီးရေပြင် လို့ သတ်မှတ်ပြီး အလျားပေ (၃၀)နှင့် မြင်းကောင်ရေ (၂၀)ထက်မပိုတဲ့ အင်ဂျင်တပ်ဆင်ထားတဲ့ လှေ များကိုသာ ကမ်းနီးငါးဖမ်း လိုင်စင် ရယူစေပြီး ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုလျက်ရှိပါတယ်။ အလျားပေ (၃၀)နှင့် မြင်းကောင်ရေ (၂၀)ထက် ကြီးတဲ့လှေများကို ကမ်းဝေးလှေအဖြစ် သတ်မှတ်ပြီး ကမ်းခြေက(၁၀)မိုင်အကွာအဝေး အပြင်ဘက်မှာငါးဖမ်းလိုင်စင် ရယူစေလျက် ငါးဖမ်း လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုထားပါတယ်။ ဒရွတ်ဆွဲ ဝါး လပ်လှေကြီးများ အပါအဝင် ကမ်းဝေးငါးဖမ်းလှေများဟာ ကမ်းနီးအတွင်း ဝင်ရောက်ဖမ်းဆီးပါက စည်းကမ်းပျက်လှေအဖြစ် သတ်မှတ်ကာ ဒဏ်ရိုက်အရေးယူမှုများ ပြု လုပ်ပါတယ်။ ဒါကြောင့် စည်းကမ်းပျက် ငါးဖမ်းလှေများ တွေ့ရှိပါက ငါးလုပ်ငန်းဦးစီးဌာနကို တိုင်ကြားလျှင် ဥပဒေစည်းမျဉ်းနှင့်အညီ အရေးယူမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ထို့အပြင် ငါးမဖမ်းရကာလများတွင် ဝင်ရောက် ငါးဖမ်းဆီးကြောင်း ဦးတင်မောင်မြင့် ရဲ့ ဒုတိယမေးမြန်းတင်ပြချက်နှင့်စပ်လျဉ်းပြီး ဖြေကြားရရင်

တနင်္သာရီတိုင်းဒေသကြီးရှိ တနင်္သာရီ ငါးဖမ်းကွက်တွင် မြောက်လတ္တီကျု ၁၃ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီကျု ၁၆ ဒီဂရီနှင့် အရှေ့ လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊ မြောက်လတ္တီကျု ၁၂ ဒီဂရီမှ မြောက်လတ္တီကျု ၁၃ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊ မြောက်လတ္တီကျု ၁၁ ဒီဂရီ ၅၅ မိနစ်မှ မြောက်လတ္တီကျု ၁၂ ဒီဂရီ နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၉ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၁၅ မိနစ်အတွင်း (တနင်္သာရီတိုင်း၊ ကျွန်းစုမြို့နယ်၊ ဝက်ဖြူတောင်နှင့် သားများမိကျွန်းတစ်ဝိုက်)ရှိ ငါးလုပ်ငန်းရေပြင်ဟာ ငါး/ပုစွန် မျိုးပွားတဲ့ ရာသီဖြစ်တဲ့ (ဇွန်လ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ) ငါးမဖမ်းရ နယ်မြေအဖြစ် နှစ်စဉ် သတ်မှတ်ထုတ်ပြန်ပါတယ်။ ငါးမဖမ်းရနယ်မြေများတွင် ဝင်ရောက်ဖမ်းဆီးသောငါးဖမ်းလှေများဟာ သတ်မှတ်စည်းကမ်း ဖောက်ဖျက်တဲ့အတွက် ဖော်ထုတ်တိုင်ကြားပါရန်နှင့် ဥပဒေစည်းမျဉ်းနှင့်အညီ အရေးယူသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးတင်မောင်မြင့်ရဲ့ တတိယမေးမြန်းတင်ပြချက်တွင် ပိုက်ကွက်စိတ်များ အသုံးပြုပြီး လျှပ်စစ်မီးအား ခွင့်ပြုဖို့အားထက် ပိုမိုအသုံးပြုကာ ငါးကို မြူဆွယ်ဖမ်းဆီးနေတဲ့ မီးထွန်းလှေများဟာ တားမြစ်တဲ့ ကြားက ဥပဒေမဲ့ ဝင်ရောက် ဖမ်းဆီးလျက်ရှိကြောင်း မေးမြန်းတင်ပြထားပါတယ်။ ဌာနအနေနဲ့ ငါး/ပုစွန် သယံဇာတမျိုး မပြုန်းတီးစေရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖမ်းဆီး ထုတ်လုပ်နိုင်ရေး အတွက် ငါးဖမ်းဆီးရာမှာ ဒရွတ်ဆွဲ ငါးဖမ်းပိုက်ကွက် Cod End Mesh Size ကို (၂)လက်မအရွယ် သတ်မှတ်ထားပြီး ငါးမြူကိရိယာဖို့အားမြှင့် လျှပ်စစ်မီးအသုံးပြုပြီးတော့ မြူဆွယ်ဖမ်းဆီးခြင်း မပြုရန် ငါးလုပ်ငန်းဦးစီးဌာနက နေပြီးတော့မှ ၃၀.၄.၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁၃/၂၀၁၀)နဲ့ ထုတ်ပြန်ထားရှိပြီး ဖြစ်ပါတယ်။ သတ်မှတ်စည်းကမ်းကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေစည်းမျဉ်းနှင့်အညီ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဌာနအနေနဲ့ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ကမ်းနီးသို့ ဝင်ရောက်ဖမ်းဆီးတဲ့ ကမ်းဝေးငါးဖမ်းလှေ(၂၇)စီးနှင့် ငါးမဖမ်းရကန့်သတ် နယ်မြေအတွင်း ဝင်ရောက်ဖမ်းဆီးတဲ့ လှေ (၅)စီးကို အပြစ်ပေးအရေးယူခဲ့ရပါတယ်။ သတ်မှတ် ပိုက်ကွက် အရွယ်အစား များဖြင့်သာ ဖမ်းဆီးရာမှာ အသုံး ပြုနိုင်ရန် ငါးဖမ်းလှေ မထွက်ခွာမီ သက်ဆိုင်ရာ စစ်ဆေးရေးစခန်းများမှာ ပိုက်ကွက်အရွယ်အစားများကိုဌာနဝန်ထမ်းများမှ စစ်ဆေး တိုင်းတာ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်၊ဌာနအနေနဲ့ ငါးမျိုးပြုန်းတီးပြီး သားငါးရှားပါးလာတဲ့ အဖြစ်မျိုး မကြုံတွေ့ရစေရန် ပညာရှင် လုပ်ငန်းရှင်များ စုံညီစွာပါဝင်တဲ့ မြန်မာ့ပင်လယ်ငါးလုပ်ငန်း

ရေပြင်ရဲ့ ငါး ၊ ပုစွန်၊ သယံဇာတ ရေရှည်တည်ရှိမှုနှင့် ထုတ်ယူသုံးစွဲမှုဆိုင်ရာ စာတမ်းဖတ်ပွဲကို ၁.၇.၂၀၁၁ နှင့် ၄.၇.၂၀၁၁ ရက်နေ့အထိ ရန်ကုန်မြို့မှာ ကျင်းပခဲ့ရာ ငါးသယံဇာတ ထိခိုက်စေတဲ့ ငါးဖမ်းကိရိယာများကို ခွင့်မပြုရန်နှင့် သတ်မှတ်စည်းကမ်းချက် များကို လိုက်နာရန်ပျက်ကွက်တဲ့ စည်းကမ်းပျက် ငါးဖမ်းလှေများကို ထိရောက်စွာ အရေးယူနိုင်ရန် ဆွေးနွေးပွဲရလဒ် (၁၇)ချက် ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါတယ်။ အဲဒီအချက် (၁၇)ချက်ကတော့ ၁။ ငါးဖမ်းလှေများမှာ သယံဇာတ ထိခိုက်စေတဲ့ ငါးဖမ်းကိရိယာများ ခွင့်မပြုရန်၊ စည်းကမ်းချက်ပါက ထိရောက်စွာ အရေးယူသွားရန်။ ၂။ နိုင်ငံသားပိုင် ငါးဖမ်းလှေများကို ရေနက်ပိုင်း ငါးဖမ်းလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်နိုင်ရန်အတွက် ကူညီအားပေးရန်။ ၃။ သတ်မှတ် ငါးမဖမ်းရ နယ်မြေ များတွင် တာဝန်ရှိမှု အသိစိတ်ဓာ တ်ဖြင့် သယံဇာတ ထိန်းသိမ်းရေးဆောင်ရွက်ရန်၊ ၄။ လူလုပ်သန္တာကျောက်တန်း Artificial Reef များအား ငါးများ ခိုအောင်းပေါက်ဖွားရာ နေရာများတွင် ချထားရေးဆောင်ရွက်ရန်။ ၅ ။ ငါးဖမ်းလှေ အလျား (၃၀)ပေနှင့်အောက်၊ မြင်းကောင်ရေ (၂၅)ကောင်နှင့်အောက်ကို ကမ်းနီးလှေအဖြစ် သတ်မှတ်ရန်။ ၆။ ရေငန်ငါး သယံ ဇာတ တည်ရှိမှုအခြေအနေနှင့် ငါးဖမ်းကွက်အလိုက် ငါးဖမ်းရေယာဉ် စီးရေ တို့ကို ဟန်ချက်ညီညီ ဆောင်ရွက်ရန်။ ၇။ ငါးသားပေါက်သည့်ရာသီတွင် ငါးသားပေါက်ဖွားသည့် နေရာနှင့် လက်ရှိငါးမဖမ်းရ ဧရိယာ၊ငါးမဖမ်းရရာသီ သတ်မှတ်ချက်များကို ပြန်လည်စိစစ်သွားရန်။ ၈။ ငါးသယံဇာတ ကြွယ်ဝမှုလေ့လာရေး သုတေသနလုပ်ငန်းများအား ငါးလုပ်ငန်းဦးစီးဌာန ပညာရှင်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ NGO များနှင့် ပူးပေါင်းဆောင်ရွက်သွားရန်။ ၉။ ငါးဖ မ်းရေယာဉ်အမည်နှင့် လိုင်စင် များအား ဖုံးအုပ်ထားသည် များကို ဖော်ထုတ်ဖမ်းဆီးရမိ သည့်အခါ ထိရောက်စွာ အရေးယူသွားရန် ။ ၁၀။ ဒရွတ်ဆွဲ ငါးဖမ်း ရေယာဉ်များမှငါးသားပေါက်နှင့် ပင်လယ်လိပ်များ လွတ်မြောက်စေသည့် TEDs,JTEDs ကိရိယာများ တပ်ဆင်အသုံးပြုသွားရန် ။ ၁၁။ ကမ်းဝေး ငါးဖမ်းရေယာဉ် များအတွက် တားမြစ်ငါးဖ မ်းကာလ (Closed Season)ကို ဇွန်၊ ဇူလိုင်လ၊ ဩဂုတ် (၃)လ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ၏ တောင်ဘက်၊ အရှေ့လောင်ဂျီကျူ၉၆ ဒီဂရီ ၃၀ မိနစ်၏ အရှေ့ဘက်ရေပြင်ဧရိယာအား သတ်မှတ်ဆောင်ရွက်ရန် ၁၂။ ဝိုင်းချုပ်ပိုက်များတွင် သတ်မှတ်အရွယ်အစားအောက် ငါးများ လွတ်မြောက်စေနိုင်သည့် Purseine Excluder Device ကိရိယာများ တပ်ဆင်အသုံးပြုဆောင်ရွက်သွားရန် ၁၃။ ငါးအမျိုးအစား အလိုက် မျှောပိုက်များ၏ ပိုက်ကွက်အရွယ်အစား သတ် မှတ်ချက်အား လိုက်နာဆောင်ရွက်ရန်။ (ဥပမာ - ငါးသလောက် မျှောပိုက်အား ၄ လက်မအောက် ခွင့်မပြုရန်) ၁၄။ Ghost Fishing မဖြစ်

စေရေးအတွက် ငါးဖမ်းကိရိယာများ ပင်လယ်ပြင်ထဲတွင် စွန့်ပစ်၊ ပျောက်ဆုံးခြင်းတို့ကို ပညာပေးရေး ကာကွယ်တားဆီးရန်။ ၁၅။ ကမ်းဝေးမျှောပိုက်အလျားအား ခွင့်ပြုထားသည့် အလျား(၁)မိုင်ခွဲ ထက်ပိုပါက ထိရောက်စွာအရေးယူရန်။ ၁၆။ ပင်လယ်လိပ်များအား ကာကွယ်ရန်၊ ငါးမျှားတန်း ကိရိယာများမှာ C Hook စက်ဝိုင်းသဏ္ဍာန် ငါးမျှားချိတ် အသုံးပြုရန်နှင့် အစာအဖြစ် ကင်းမွန်နှင့် ရေခူများ အသုံး မပြုရန်။ ၁၇။ ကင်းမွန်လှေများအောက်တွင် ရေကျောက်(Sea Anchor)များ ကိုသာ အသုံးပြုရန်။ ၁၈။ ငါးဖမ်းရေယာဉ်များ အသစ်တည်ဆောက်ခွင့်၊နိုင်ငံခြားမှ တင်သွင်းခွင့် လေလံဆွဲဝယ်ယူထားသည့် ရေယာဉ်များအား ငါးဖမ်းရေယာဉ်အဖြစ် အသုံးပြုခွင့်များကို ရပ်ဆိုင်း ထားရန်၊ ငါးသယ်လှေအဖြစ် တည်ဆောက်ခွင့်၊ တင်သွင်းခွင့်၊ လုပ်ကိုင်ခွင့်ကို စိစစ်ဆောင်ရွက်ရန်။ ၁၉။ ငါးသယံဇာတ ထိန်းသိမ်းနိုင်ရန် အလို့ငှာ ကျားဖောင်များအား လိုင်စင်ထုတ်ပေးရာတွင် ကျားဖောင် အရေအတွက်နှင့် ပိုက်ကွက်များ ပြန်လည်စိစစ်သတ်မှတ်ရန်။ ၂၀။ တင်ဒါပိုက်ချက်များ ခွင့်ပြု ကိရိယာ အရေအတွက်နှင့် ပိုက်ကွက် များအား ပြန်လည် စိစစ် သတ်မှတ်သွားရန်နှင့် ငါးသလောက်သားပေါက်များ အများအပြား ဖမ်းဆီးရမိသော ပိုက်ချက်များအား ဖျက်သိမ်းသွားရန်။ ၂၁။ ငါးနေငါးထိုင်တောများဖြစ်သည့် ဒီရေတောများ ခု တ်ထွင်ခြင်းမပြုရေး၊ ပညာပေးစည်းရုံး သွားရန်။ ၂၂။ တနင်္သာရီတိုင်းဒေသကြီးတွင် ပိုက်စိတ်အသုံးပြု၍ ငါးနုတ်ငါးငယ်များကို ဖမ်းဆီး နေခြင်းများကို ထိရောက်စွာ အရေးယူသွားရန်။ ၂၃။ သုံးထပ်ပိုက်ဖြင့် ငါးဖမ်းဆီးခြင်းသည် ငါး သယံဇာတ ပြုန်းတီးစေသည့်အတွက် ခွင့်မပြု ရန်နှင့် တင်သွင်းရော င်းချသူများအား စည်းရုံး ပညာပေး အရေးယူဆောင်ရွက်သွားရန်။ ၂၄။ မြှုံးဖြင့် ငါးဖမ်းဆီးခြင်းအား နေရာသတ်မှတ် ခွင့်ပြု သွားရန်။ ၂၅။ ငါးဖမ်းရက် တိုးမြှင့် သတ်မှတ်ရန် တင်ပြခြင်းအတွက် ဘက်ပေါင်းစုံမှ ပြည့်စုံ ခိုင်လုံသော အထောက်အထား အချက်အလက်တင်ပြပေးသွားရန်။၂၆။ ငါးသယံဇာတ ထိန်းသိမ်းရေး ကော်မတီအဆင့်ဆင့်ကို ဗဟိုအဆင့် ပြည်နယ် /တိုင်းဒေသကြီး၊ ခရိုင်မြို့နယ်အလိုက် ဖွဲ့စည်း ဆောင်ရွက်သွားရန်နှင့် ၎င်းတို့၏ တာဝန်နှင့်ဝတ္တရားများကို ရေးဆွဲတင်ပြစေရန်။ ၂၇။ ငါးဖမ်း ပိုက်ကွက်အရွယ်အစား ထိန်းသိမ်းရန် ပြည်ပနိုင်ငံမှ ပိုက်ဝယ်ယူခြင်း၊ မိမိနိုင်ငံမှ ထုတ်လုပ်ပြုပြင် ခြင်းများအတွက် ငါး လုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ဆောင်ရွက်သွားရန်။ ၂၈။ ၂၅-၂-၂၀၁၁ ရက်နေ့တွင် စီးပွားရေး အရ အရေးပါသော ငါးသလောက်ငါးမျိုး သယံဇာတထိန်းသိမ်းရေး ဆွေးနွေးပွဲ သဘောတူညီချက် ရလဒ်များအား လိုက်နာဆောင်ရွက်သွားရန်။ ၂၉။ ပင်လယ်ပြင်တွင် ဥပဒေမဲ့ ငါးဖမ်းခြင်းများ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် မွေးမြူ ရေးနှင့် ရေလုပ်ငန်း

ဝန်ကြီးဌာနက ကာကွယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြပြီး အရေးယူဆောင်ရွက်သွားရန်။ ၃၀။ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးဖမ်းရေယာဉ်များအား စောင့်ကြပ်ကြည့်ရှုထိန်းသိမ်း အ ရေးယူဆောင်ရွက်နိုင်ရန်အတွက် MCS System တိုးမြှင့် ဆောင်ရွက်သွားရန်။ ၃၁။ နိုင်ငံခြားကင်းမွန် ငါးဖမ်းလှေများကို ရပ်တန့်သွားရန် နှင့် ပြည်တွင်း ကမ်းဝေး ကင်းမွန် ငါးဖမ်းလှေများကို ၂၀၁၂-၂၀၁၃ ခုနှစ် ငါးဖမ်းရာတွင် ကုန်ဆုံးသည့် အချိန် ဩဂုတ်လတွင် ရပ်တန့်ရန်။ ၃၂။ နိုင်ငံခြား ငါးဖမ်းလှေများနေရာတွင် ပြည်တွင်းငါးဖမ်း လှေများ ဝင်ရောက်လုပ်ကိုင်နိုင်သည်နှင့်အမျှ နိုင်ငံခြားငါးဖမ်းလှေစီးရေ လျှော့ချသွားရန်။ ၃၃။ တနင်္သာရီ တိုင်းမှ တိုင်းပြောင်းငါးဖမ်းရေယာဉ်များအား အခြားခွင့်ပြုပေးနိုင်သည့် ငါးဖမ်းကွက်များတွင် ခွင့်ပြုရန်နှင့် ဖမ်းမိကုန်တင်များအား ပြည်တွင်း ငါးချဆိပ်ကမ်းများတွင် ငါးချရန်။ ၃၄။ ငါးလုပ်ငန်း စစ်ဆေးကြီးကြပ်ခြင်းအတွက် ဝန်ထမ်းများ၏ အရည်အချင်းမြှင့်တင်ရေး စီမံဆောင်ရွက်သွားရန်။ ၃၅။ ငါးဖမ်းရေယာဉ်များပေါ်တွင် နိုင်ငံခြားသား ကျွမ်းကျင်သူပညာရှင်များ လိုက်ပါခွင့်ပြုရေးနှင့် စပ်လျဉ်း၍ (၂၂)ဦးကနေ ကန့်ကွက်ပြီး (၃)ဦးသာ သဘောတူတဲ့အတွက် အများဆန္ဒအရ ဆက်လက် ဆောင်ရွက်သွားရန်။ ၃၆။ နိုင်ငံသားအမည်ခံ နိုင်ငံခြားသားပိုင် ရေယာဉ်များကို စိစစ်ဖော်ထုတ်၍ တားမြစ်သွားရန်။ ၃၇။ ၁၇.၆.၂၀၁၁ ရက်နေ့ ထိုင်းနိုင်ငံမှာ ကျင်းပပြုလုပ်တဲ့ ASEAN– Southeast Asian Fisheries Development Center Conference for Sustainable Fisheries for Food Security towards 2020 တွင် ဝန်ကြီးအဆင့် အစည်းအဝေးဆုံးဖြတ်ချက်(၁၀)ချက်အား လိုက်နာဆောင်ရွက်သွားရန်တို့ဖြစ်ပါတယ်။

ဌာနအနေနဲ့ အရှေ့တောင်အာရှ ငါးလုပ်ငန်းဖွံ့ဖြိုးရေးဗဟိုဌာန Southeast Asian Fisheries Development Center ရဲ့ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့အပြင် ဒေသတွင်းသူ့ပေါင်း ဆောင်ရွက်ရေးကိစ္စရပ်များအရ တရားမဝင်ငါးဖမ်းခြင်းများမရှိစေရေးနဲ့ ငါးသယံဇာတဖြုန်းတီးမှုမှ ကာကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဌာနဆိုင်ရာများ ပညာရှင်များနဲ့ ရေလုပ်ငန်းများက ရေသယံဇာတ၊ ငါးသယံဇာတများ ကာကွယ်ထိန်းသိမ်းရေးဆုံးဖြတ်ချက်များနဲ့ASEAN - Southeast Asian Fisheries Development Center ရဲ့ ဒေသတွင်း ရေရှည် ငါးသယံဇာတထိန်းသိမ်းရေး ညှိနှိုင်းဆောင်ရွက်ချက်များဟာ ဦးတင်မောင်မြင့် မေးမြ န်းတဲ့ သဘာဝမျိုးစိတ်များ မပျက်စီး စေရန် ရေရှည်လုပ်ဆောင်သွားမယ့် အစီအမံများဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၁ ခုနှစ် ဇွန်လ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ ပြုလုပ်တဲ့ ASEAN Conference for Sustainable

Fisheries for Food Security Towards 2020 Conference ကနေပြီးတော့မှ ဝန်ကြီးအဆင့် အစည်းအဝေးဆုံးဖြတ်ချက်အချို့ကို ကောက်နှုတ် တင်ပြရရင် ၁။ ဒေသအဆင့် (Regional)၊ ဒေသခွဲအဆင့် (Sub-Regional) စောင့်ကြည့်၊ ထိန်းချုပ်၊ ထောက်လှမ်း (MCS)စနစ်ကွန်ယက် ဖော်ဆောင်မှု အပါအဝင် ငါးလုပ်ငန်းစီမံခန့်ခွဲမှုနှင့် (IUU)တရားမဝင် ငါးဖမ်းဆီးမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများနှင့်ပတ်သက်၍ ဒေသ၊ ဒေသခွဲအဆင့် ပေါင်းစပ်ညှိနှိုင်းမှု တိုးမြှင့် ဆောင်ရွက်ရန်။ ၂။(IUU) တရားမဝင်ငါးဖမ်းဆီးမှု တိုက်ဖျက်ရာတွင်MCS ကွန်ယက်အား တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဒေသအတွင်း၊ ဒေသခွဲအတွင်း အဖွဲ့ဝင်နိုင်ငံများနှင့် ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် တာဝန်ရှိ အရာရှိများနှင့် ဆွေးနွေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ လွယ်ကူချောမွေ့ စေရန် ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ တရားဝင်မူဘောင်အတွင်းမှ ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။ ၃။ ရေသယံဇာတ ရေရှည် တည်တံ့နိုင်ရန်အတွက် ငါးဖမ်းဆီးရာတွင် အသုံးပြုသော ကွဲပြားခြားနားတဲ့ ငါးဖမ်းကိရိယာများနဲ့ ပတ်သက်၍ သတ်မှတ်ခွင့်ပြုထားသော ငါးဖမ်းကိရိယာများကို ပိုမိုအသုံးပြုရေး၊ အမျိုးမျိုးသော ငါးဖမ်းနည်းစနစ်ပုံစံများရဲ့ ဂေဟစနစ်နှင့် ရေသတ္တဝါများအပေါ် အကျိုးသက်ရောက်မှုကို လည်းကောင်း၊ ငါးဖမ်းရေယာဉ်များမှ စွန့်ပစ်ငါးများနှင့်အသုံးမလိုသောပစ္စည်းများ စွန့်ပစ်ခြင်းဖြင့် အဏ္ဏဝါဂေဟစနစ်အပေါ် အကျိုးသက်ရောက်မှုကိုလည်းကောင်း၊ သုတေသနပြု ဆောင်ရွက်ရန်။ ၄။ By Catch (Targeted Species)မဟုတ်သော ငါးဖမ်းဆီးမှုနှင့် စွန့်ပစ်ငါးများ လျှော့ချရေး ဆိုင်ရာ FAO ၏လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ အာဆီယံဒေသတွင်း စီးပွားရေးအရ တွက်ခြေ မကိုက်သည့် အရွယ်မရောက်သေးသော ငါးငယ်များ အလွန်အကျွံ ဖမ်းဆီးမှုအပါအဝင်By Catch ပြဿနာအပေါ် အဖြေရှာ ဖော်ထုတ်ရန်။ ၅။ ကမ်းနီးရေတိမ်ပိုင်းမှာ ငါးသယံဇာတ ပေါက်ပွား စေရန် လူလုပ်အတားအဆီးများဖြစ်သော သန္တာကျောက်တန်းအတုများ ချထားခြင်း သယံဇာတ တိုးပွားစေရေး အစီအမံများဆောင်ရွက်ရန်၊ ကမ်းရိုးတန်းငါးလုပ်ငန်း စီမံခန့်ခွဲမှုအတွက် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်၍ ထိရောက်သော အစီအမံများအားပေးရန် ပတ်ဝန်းကျင်ထိခိုက်မှုအကဲဖြတ်ချက် (EIA)ဆိုင်ရာ လေ့လာမှုများ၊ စီးပွားရေးအရ အရေးပါတဲ့ ငါးမျိုးစိတ် မျိုးစိုက်ထားခြင်းနှင့် အထက်ပါ အစီအမံများ အကောင်အထည်ဖော်မှုအတွက် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးကို ဦးစားပေး လုပ်ဆောင်ရန်။ ၆။ ငါးလုပ်ငန်း ရည်မှန်းချက်များမှာ အနာဂတ်၌ ဆောင်ရွက်ရမည့် Marine Protected Areas များအတွက် စီမံခန့်ခွဲမှု အစီအစဉ်များ၊ ငါးခိုအောင်းရာ နယ်မြေ များကို ဆောင်ရွက်ရာမှာ ASEAN – Southeast Asian Fisheries Development Center

ဒေသဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ ငါးခိုအောင်းကြီးပြင်းရာနေရာ သတ်မှတ်ခြင်းကို ငါးလုပ်ငန်း စီမံခန့်ခွဲရေးလုပ်ငန်းအဖြစ် သင့်လျော် သည့် နေရာများတွင်ဆောင်ရွက်ရန်။ ၇။ ကမ်းရိုးတန်း ဒေသရှိ သဘာဝမပျက်စီးရေးအတွက် ဒီရေတော၊ သန္တာကျောက်တန်း၊ ပင်လယ်မြက်ခင်းပြင် ကဲ့သို့ အဓိကအရေးပါသော ကမ်းနီးရေတိ မ်ပိုင်း၊ ငါးနေငါးထိုင် တောများအား ရေရှည်တည်တံ့ စေရေးအတွက် ဒေသအတွင်း အကောင်အထည်ဖော်သည့် လုပ်ငန်းရပ်များအပေါ် ပညာပေးခြင်း၊ သတင်းအချက်အလက် ဖြန့်ဝေခြင်း၊ သင့်လျော်သည့်လုပ်ငန်း တိုးမြှင့် ဆောင်ရွက်ခြင်းတို့ကို ဆုံးဖြတ်ခဲ့ပါတယ်။ ဒီနေရာမှာ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်က ရေသယံဇာတ ထိန်းသိမ်းရေး စာတမ်းဖတ်ပွဲ ရလဒ်(၃၇)ချက်အပေါ် အချို့အချက်အလက်များ ကို လျှော့ပေါ့ စဉ်းစားပေးရန်နှင့် ဌာနမှာ ကြိမ်ဖန်များစွာ အရေးယူခဲ့သော်လည်း ထပ်မံစည်းကမ်းဖောက်ဖျက်မှုများ ရှိနေခြင်းများ လျှော့နည်းစေရန်၊ ကမ်းဝေးငါးဖမ်းရေယာဉ်များက ကမ်းနီးရေပြင် မှာ ဝင်ရောက် ငါးဖမ်းခြင်းကို ပထမအကြိမ် ဒဏ်ကြေးပေးဆောင်ခြင်း၊ ဒုတိယအကြိမ် ငါးဖမ်းရေယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခြင်းနဲ့ စပ်လျဉ်းပြီး ရာသီဥတု ဆိုးရွားမှုနဲ့ ပဲ့နင်း၏ လုပ်ဆောင်မှုကြောင့် လှေပိုင်ရှင်နစ်နာရမှုအား ပြစ်ဒဏ်လျှော့ပေါ့ စဉ်းစားပေးရန် တောင်းဆိုမှု များရှိနေတဲ့အတွက် ပြန်လည်လျှော့ပေါ့စဉ်းစား ဆောင်ရွက်ပေးခဲ့ရပါတယ်။

ဒါကြောင့် တစ်ဖက်ကလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်မောင်မြင့် တို့လို ရေသယံဇာတ ထိန်းသိမ်းပြီးတော့မှ ဒေသအကျိုး၊ အများပြည်သူအကျိုး ရှေးရှုပြီး ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်ရန်၊ စည်းကမ်းဖောက်ဖျက်တဲ့ ငါးဖမ်းလှေများကို တားဆီးအရေးယူ ပေးစေလိုသောသူများ ရှိသကဲ့သို့ တ စ်ဖက်ကလည်း ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျော င်း ပြုနေသူများက ၎င်းတို့၏ အကျိုးစီးပွားထိခိုက်စေပြီး အရေးယူဆောင်ရွက်မှုများကို လျှော့ပေါ့ပေး စေလိုသူများ ရှိနေကြောင်းတွေ့ရှိရပါတယ်။ သို့ပါ၍ တနင်္သာရီတိုင်းအတွင်း၌ပင် ရေသယံဇာတ ကာကွယ်တားဆီး အရေးယူလိုသူများနှင့် ထိုသို့ကာကွယ်ထိန်းသိမ်းရာတွင် လျှော့ပေါ့ ပေးစေလိုသူ များအတွင်း ပြန်လည်ညှိနှိုင်းဆွေးနွေးပြီး အမျိုးသားအကျိုး စီးပွား၊ ရေရှည်အကျိုး စီးပွားနှင့် လက်တွေ့လုပ်ကိုင်နေတဲ့ ဒေသခံများရဲ့ အကျိုးစီးပွား မျှတအောင် ချင့်ချိန်ဆောင်ရွက် သွားသင့် ပါတယ်။ ဌာနဆိုင်ရာအနေဖြင့်လည်း ASEAN - Southeast Asian Fisheries Development Center ကဲ့သို့သော ဒေသဆိုင်ရာ သဘောတူညီချက်များအတိုင်း လို က်ပါဆောင်ရွက်ရသည့် နည်းတူ နိုင်ငံတော်မှ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကိုလည်း လိုက်နာ

ဆောင်ရွက်ရသည့်အတွက် သဘာဝရေသယံဇာတ ကာကွယ်စောင့်ရှောက်ရေးကို မဖြစ မနေ ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အပြစ်ပေး အရေးယူရခြင်းထက် ရေလုပ်ငန်း လုပ်ကိုင်သူတို့က တာဝန်သိသိ အသိစိတ်ဓာ တ်ရှိရှိဖြင့် အမျိုးသား အကျိုးစီးပွား ရေရှည်အကျိုး စီးပွားကို လေးစားလိုက်နာ ဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်းနှင့် ကိုယ်စားလှယ် တော်ကြီးများကလည်း ဝိုင်းဝန်းစည်းရုံးပညာပေး ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**စက်ရှင်တရားသူကြီးများသည် အကျဉ်းထောင်များသို့ သွားရောက်စစ်ဆေး၍ အစီရင်ခံရန်နှင့် တရားဝင် ထုတ်ပြန်ရန် နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။အချိန်အားဖြင့် တစ်နာရီပြည့်သွားပြီဖြစ်သော်လည်း မူလလျာထားတဲ့ မေးခွန်း(၂)ခု ကျန်နေသေးတဲ့အတွက် ဆက်လက်ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က စက်ရှင် တရားသူကြီးများသည် အကျဉ်းထောင်ကြီးများသို့ သွားရောက်စစ်ဆေး၍ အစီရင်ခံရန်နှင့် တရားဝင် ထုတ်ပြန်ရန်နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်များ ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က တော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော်တင်ပြလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ ၁၉၆၂ ခုနှစ်က တရားရုံး ညွှန်ကြားလွှာအမှတ်(၈/၆၂)ဆိုပြီး ထုတ်ပြန်ခဲ့ပါတယ်။ ဒီညွှန်ကြားလွှာရဲ့ ဆိုလိုရင်းကတော့ မြန်မာနိုင်ငံမှာရှိတဲ့ စက်ရှင် တရားသူကြီး တွေဟာ မိမိတို့ခရိုင်အတွင်းမှာရှိတဲ့ အကျဉ်းထောင်တွေကို လစဉ် ပုံမှန် သွားရောက်စစ်ဆေးဖို့ ညွှန်ကြားထားပါတယ်။ နောက်ပြီးတော့ တစ်ခါ ၁၉၆၈ ခုနှစ်မှာ ထုတ်ခဲ့တဲ့ တရားရုံးညွှန်ကြားလွှာ အမှတ်(၈/၆၈)အရလည်း တရားသူကြီး တွေဟာ မိမိ တို့ ခရိုင်အတွင်းမှာရှိတဲ့ အကျဉ်းထောင် တွေကို အနည်းဆုံးတ စ်လတစ်ကြိမ် သွားရောက် စစ်ဆေးရမည်ဆိုပြီးတော့ ညွှန်ကြားချက် ထပ်မံ

ထုတ်ပြန်ထားခဲ့ပါတယ်။ ဒီလိုညွှန်ကြားချက် ထုတ်ပြန်ထားတာတွေကို သိရှိပါသလား ခင်ဗျား။ နောက်ဒုတိယမေးခွန်းကတော့ ကျွန်တော်တို့ အကျဉ်းထောင်တွေကို သွားရောက်ကြည့်ရှုတဲ့သူတွေ ရှိပါတယ်။ သွားရောက်ကြည့်ရှုတဲ့သူတွေ က အကျဉ်းထောင်တွေမှာရှိတဲ့ အချုပ်တရားခံတွေ၊ အကျဉ်းသားတရားခံတွေရဲ့ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အခြေအနေတွေကိုလေ့လာပြီး အနည်းဆုံး တစ်လတစ်ကြိမ်အစီရင်ခံရမယ့်ညွှန်ကြားချက်ရှိပါတယ်။ ကျွန်တော် အထက်က တင်ပြခဲ့တဲ့အတိုင်း ညွှန်ကြားချက်၊ အစီရင်ခံချက်တွေအရ ဒီလိုလုပ်ဆောင်မှု ရှိယိုလား။ လုပ်ဆောင်မှုရှိတယ် ဆိုလို့ရှိရင်လည်း အဲဒါကျွန်တော်တို့ လုပ်ဆောင်မှုရှိပါသလား။ မရှိဘူးဆိုလို့ ရှိရင်လည်း ဘာကြောင့် လုပ်ဆောင်မှု မရှိသလဲဆိုတာ ကျွန်တော်မေးမြန်းလိုပါတယ်။ လုပ်ဆောင်မှု ရှိခဲ့တယ်ဆိုရင်လည်း ဒီလုပ်ဆောင်မှု ဥပဒေကို သိရှိနိုင်ရန်အတွက် တရားဝင် ထုတ်ပြန် ကြေညာ ပေးဖို့ အစီအစဉ် ရှိပါသလားခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုတရားသူကြီးချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၁။**

**ဦးထွန်းထွန်းဦး (ပြည်ထောင်စုတရားသူကြီးချုပ် )။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ပြည်ထောင်စုတရားသူကြီးချုပ်ဖြစ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ၏ မေးခွန်းနှင့်စပ်လျဉ်းလို့ ဖြေကြားပါမယ်။ တရားရုံးများ ညွှန်ကြားလွှာ အမှတ်(၈/၆၂)နှင့်(၈/၆၈)တို့ ရှိသည်ကို သိပါတယ်။ အဆိုပါ ညွှန်ကြားလွှာများမှာ စက်ရှင်တရားသူကြီးများက ရာဇဝတ်မှုများ စစ်ဆေးရာတွင် ကြန့်ကြာမှု ရှိ /မရှိ သိရှိရန် အကျဉ်းထော င်များ လစဉ် သွားရောက်စစ်ဆေးရန် ညွှန်ကြားခြင်းဖြစ်ပါတယ်။ ထိုသို့ သွားရောက်စစ်ဆေးရင်းနဲ့အချုပ်တရားခံများ အကျဉ်းသားများရဲ့ နေထိုင်ရေး၊ စားသော က်ရေး၊ ကျန်းမာ ရေးတို့ကိုလည်း မေးမြန်းကြည့်ရှုပြီး အစီရင်ခံစာကို ထည့်သွင်းဖော်ပြရန် ညွှန်ကြားခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယင်းညွှန်ကြားလွှာများကို ထုတ်ပြန်စဉ်က အကျဉ်းဦးစီးဌာနသည် တရားရေးဝန်ကြီးဌာနအောက်တွင် ရှိစဉ်ကာလ ဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ်မှာ အကျဉ်းဦးစီးဌာနသည် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့ ထမ်းဆောင်လျက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ၁၉၇၄ ခုနှစ်၊ ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ၊ ၁၉၈၈ ခုနှစ် တရားစီရင်ရေးဥပဒေ၊ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေတွေမှာသတ်မှတ်ထားတဲ့ တရားသူကြီးများသည်ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရ သူများနဲ့ ပတ်သက်ပြီး မှုခင်း ဆောင်ရွက်ချက်များမှာ ဥပဒေနှင့်အညီ ရသင့်ရထိုက်တဲ့ အခွင့်အရေးနဲ့ အမှုစစ်ဆေးတဲ့အခါမှာ ကြန့်ကြာမှုမရှိစေရေးတို့အတွက်အချုပ်စခန်း၊ ရဲဘက်စခန်း၊ အကျဉ်းစခန်း များကို သွားရောက်စစ်ဆေးနိုင်တယ်ဆိုပြီးတော့ ဥပဒေမှာကို ပြဋ္ဌာန်းခဲ့ပါတယ်။ ထို့အတူ၂၀၁၀ ပြည့်နှစ် ပြည်ထောင်စု တရားစီရင်ရေး ဥပဒေမှာလည်း အဆိုပါကဲ့သို့ပဲ ဥပဒေမှာ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် တို့ တရားသူကြီးများဟာ ကျွန်တော်တို့ အကျဉ်းစခန်း၊ ရဲဘက်စခန်းကို စစ်ဆေးတဲ့ အခါမှာ အမှုကြန့်ကြာမှု မရှိစေရေးအတွက်သာ စစ်ဆေးနိုင်ပြီးတော့(၆၂)(၆၈)တို့ရဲ့ ညွှန်ကြားလွှာအတိုင်း ဆောင်ရွက်ရန် မလိုအပ်တော့ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ ပြည်ထောင်စု တရားစီရင်ရေး ဥပဒေနဲ့အညီ ဆောင်ရွက်လျ က် ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ရခိုင်ပြည်နယ် မောင်တောခရိုင်ရှိ ဒေသခံများ လွတ်လပ်စွာခရီးသွားလာနိုင်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးဇာယာဒ်ရော်မံ (ခ)ဦးဌေးဝင်း က ရခိုင်ပြည်နယ် မောင်တောခရိုင်ရှိ ဒေသခံများ လွတ်လပ်စွာခရီးသွားလာနိုင်ရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၁။**

**ဦးဇာယာဒ်ရော်မံ(ခ)ဦးဌေးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပြီး ဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလို တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး အတိုချုံး ရှင်းလင်းချက်ကို ဖတ်ရှုခွင့်ပြုပါရန် ခွင့်တောင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဇာယာဒ်ရော်(ခ)ဦးဌေးဝင်း၊ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မောင် တောခရိုင်သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆန္ဒမဲ ရာခိုင်နှုန်း အများဆုံးပေးခဲ့သော ခရိုင်တစ်ခု ဖြစ်ပါတယ် ခင်ဗျား။ ထိုဒေသနေထိုင်တဲ့ ၉၀ ရာခိုင်နှုန်းသော ပြည်ထောင်စုဖွား ဒေသခံ မြန် မာမွတ်ဆလင်များသည် ခေတ်အဆက်ဆက် နိုင်ငံသားများ၏ အမြင့်မားဆုံးသော အခွင့်အရေးဖြစ်သော မဲပေးပိုင်ခွင့်၊ ရွေးကောက်ခံပိုင်ခွင့်များကို ရရှိခဲ့ပါတယ်။ ထို့အတွက်လည်း နိုင်ငံတော်အစိုးရကို အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း မဲဆန္ဒရှင်များကိုယ်စား တင်ပြလိုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မောင်တောခရိုင်ရှိ ပြည်ထောင်စုဖွား ဒေသခံမြန်မာမွတ်ဆလင် မဲဆန္ဒရှင်များသည်တစ်ရွာမှ တစ်ရွာသို့လည်းကောင်း၊ တစ်မြို့မှတစ်မြို့သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ပြင် ပအခြား ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့လည်းကောင်း လွတ်လွတ်လပ်လပ် ခရီးသွားလာနိုင်ခြင်း မရှိကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ အကြောင်းကိစ္စ တစ်ခုခုကြောင့် ခရီးသွားလိုလျှင် နယ်စပ်ဒေသ လူ ဝင်မှုစိစစ်ရေးနှင့် ကွပ်ကဲမှုဌာနချုပ်(နစက)၏ ဒေသန္တရအမိန့်အရ (လဝက)ပုံစံ(၄)ယူပြီး ရက်အကန့်အသတ်ဖြင့် သွား နေရပါတယ်။ (လဝက) ပုံစံ(၄)ဖြင့် ရက်အက န့်အသတ်နဲ့ ခရီး သွားလာခြင်းသည် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူများအတွက်ဖြစ်ပြီး မဲဆန္ဒရှင် နိုင်ငံသားများနဲ့ မသက်ဆိုင်ကြောင်းသိရှိရပါတယ် ခင်ဗျား။ ပုံစံ (၄)၏သက်တမ်းမှာ ရက် (၃၀)ဖြစ်ပြီး ရက်ကန့်သတ်မှုရှိသဖြင့် လူမှုစီးပွား ဘဝတွင် များစွာအခက်အခဲနဲ့ ရင်ဆိုင်နေရပါတယ်။ ထိုကဲ့သို့ ပိတ်ဆို့မှုများနဲ့ အခက်အခဲများ ကြောင့် မဖြစ်သင့်သော ကျူးလွန်မှုများ၊ တရားမဝင်လမ်းကြောင်းမှ စီးပွားရှာမှုများ တဖြည်းဖြည်းများပြား တိုးတက်လာသည်ကို တွေ့ရှိနေရပါတယ်ခင်ဗျား။ တစ်ဖက်မှာ လွတ်လပ်စွာခရီးသွားလာနိုင်မှသာ အခြားဒေသရှိ တိုင်းရင်းသားညီအစ်ကိုများနဲ့ ချစ်ခင်ရင်းနှီးစွာ ထိတွေ့ဆက်ဆံနိုင်ပြီး စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်များ၊ ဝတ်စားဆင်ယင်မှုများ၊ စည်းလုံးညီညွတ်မှုများ ဖြစ်ပေါ်မည်ဟု ယုံကြည် ပါသည်။ သို့ပါ၍ နိုင်ငံတော်အစိုးရမှ ထိုဒေသခံမဲဆန္ဒရှင် နိုင်ငံသားများ လွတ်လပ်စွာခရီးသွားလာ

နိုင်ရန် ဆောင်ရွက်သင့်သည်ဟု ရိုးသားစွာ ယုံကြည်သည့်အတွက် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ မေးခွန်းမှာ ရခိုင်ပြည်နယ် ၊ မောင်တောခရိုင်ရှိ ပြည်ထောင်စုဖွား ဒေသခံမြန်မာမွတ်ဆလင် မဲဆန္ဒရှင်များသည် လွတ်လပ်စွာ ခရီးသွားလာနိုင်ခြင်း မရှိကြပါ။ ရခိုင်ပြည်နယ်အတွင်းတွင်သော်လည်းကောင်း၊ ရခိုင်ပြည် နယ် ပြင်ပ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်းကောင်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊လူမှုရေးကိစ္စ တစ်ခုခုအတွက် ခရီးသွားလိုလျှင် (နစက)၏ ဒေသန္တရအမိန့်အရ (လဝက)မှ ပုံစံ(၄)ယူပြီး အကန့်အသတ်ဖြင့်သာ သွားရသဖြင့် လူမှုစီးပွားရေးဘဝတွင် လွန်စွာအခက်အခဲနဲ့ ရင်ဆိုင်နေရပါတယ်။ ယင်းအခက်အခဲကို ပြေလည်အောင် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါကြောင်း မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၈။**

**ဦးခင်ရီ(ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးဇာယာဒ်ရော်မံ (ခ)ဦးဌေးဝင်း က ရခိုင်ပြည်နယ် မောင်တောခရိုင်ဒေသမှာရှိတဲ့ မြန်မာမွတ်ဆလင်များဟု သုံးနှုန်းသွားသူများ ခရီးသွားလာခွင့်ကိစ္စနှင့် စပ်လျဉ်းတဲ့ မေးမြန်းချက်ကို ဖြေကြားသွား မှာ ဖြစ်ပါတယ်။ ယခုလို ရှင်းလင်းဖြေကြားခွင့်ရတဲ့အတွက်လည်း အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ် တော်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ် မောင်တောဒေသအတွင်းမှာ နေထိုင်ကြ ပြီးတော့ မေးခွန်းရှင်က မြန်မာမွတ် ဆလင်များလို့ သုံးနှုန်းသွားသူများဟာအဲဒီဒေသအတွင်းမှာ နေထိုင်ကြတဲ့ ဘင်္ဂါလီလူမျိုးများကို ရည်ညွှန်း

ပြောဆိုခြင်းလို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့် မေးမြန်းချက်နဲ့ပတ်သက်ပြီးနောက်ခံဖြစ်ရပ်များ ကိုပါ အကျဉ်းချုံး ဆက်စပ်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မောင် တောဒေသဟာ တစ်ဖက်နိုင်ငံနဲ့(၁၅၂)မိုင်ခန့် နယ်နိမိတ်ထိစပ်နေပါတယ်။ ရခိုင်ပြည်နယ်မောင်တောခရိုင်အတွင်းမှာ နေကြတဲ့ ဘင်္ဂါလီလူမျိုးတွေဟာ တစ်ဖက်နိုင်ငံမှာနေထိုင်တဲ့ ဘင်္ဂါလီလူမျိုးများနဲ့ ကိုးကွယ်ယုံကြည်မှု ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ရုပ်ရည်သွင်ပြင်၊ ဘာသာစကားကစပြီး တူညီမှုတွေ ရှိနေကြတဲ့အတွက် ရှေးအစဉ်အဆက် ကာလတွေကတည်းက နှစ်နိုင်ငံအကြား အပြန်အလှန်ကူးလူးသွားလာဆက်ဆံ ပေါင်းသင်းမှုများ ရှိခဲ့ကြပါတယ်။ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိကြတဲ့ နိုင်ငံများဖြစ်တဲ့အလျောက် တူညီတဲ့အချက်တွေအပေါ်မှာ အခြေခံပြီး အထူးသဖြင့် တစ်ဖက်နိုင်ငံမှာရှိတဲ့ ဘင်္ဂါလီလူမျိုးများဟာ ရေမြေသယံဇာတ ပိုမိုကောင်းမွန်ကြွယ်ဝတဲ့ ကျွန်တော်တို့နိုင်ငံအတွင်းကို တရားမဝင်ထိုးဖောက် ဝင်ရောက်မှုများရှိခဲ့ကြပြီး ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ ဘင်္ဂါလီလူမျိုးစုများနဲ့ အပြန်အလှန် အိမ်ထောင်ပြုခြင်းများ ရှိခဲ့ကြသလို မိမိနိုင်ငံအတွင်းမှာ လူဦးရေရောထွေးနေထိုင်မှုများရှိခဲ့ခြင်းဟာ ငြင်းကွယ်လို့မရတဲ့ ဒီနေ့ပကတိဖြစ်ရပ် အခြေအနေများဖြစ်သည်ကိုအားလုံးအသိပင်ဖြစ်ပါကြောင်း ကနဦး တင်ပြလိုပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော် ရှင်းလင်းပြောကြားခဲ့သလို ကာလရှည်ကြာစွာ မြန်မာနိုင်ငံအတွင်းကို တစ်ဖက်နိုင်ငံက တရားမဝင်ဝင်ရောက်နေထိုင်သူများအများအပြားရှိလာတဲ့အတွက်၁၉၇၈ ခုနှစ်အတွင်းမှာ နယ်မြေ ဒေသလုံခြုံရေးနဲ့ အမျိုးသားရေး လိုအပ်ချက်အရ နဂါးမင်းစစ်ဆင်ရေးအမည်နဲ့ စစ်ဆေးခြင်းတွေ လုပ်ခဲ့ရပါတယ်။ အဲဒီကာလအတွင်းမှာ စစ်ဆေးမှုမခံနိုင်သူတွေ မခံဝံ့သူအချို့ဟာ တစ်ဖက်နိုင်ငံကို ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြလို့ နှစ်နိုင်ငံ သဘောတူညီချက်တွေအရ ဟသ်ာ စီမံချက်အမည်နဲ့ လူဦးရေ(၁၈၀၀၀၀)ကျော်ကို ပြန်လည်လက်ခံမှု ပြုခဲ့ရပါတယ်။ ဒ့ါအပြင် ရခိုင်ပြည်နယ်အတွင်းက ဘင်္ဂါလီလူမျိုးများဟာ ၁၉၉၀ ခုနှစ်နဲ့ ၁၉၉၁ ခုနှစ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက် နိုင်ငံကို ထွက်ခွာသွားခဲ့ကြလို့ နှစ်နိုင်ငံ သဘောတူညီချက်တွေနဲ့ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ (၂၂)ရက်နေ့ကစပြီး ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့တာ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ အထိ လူဦးရေအားဖြင့် (၂၃၀၀၀၀)ကျော် လက်ခံဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီနောက်ပိုင်းမှာ ကျွန်တော်တို့ဘက်က ယနေ့အထိ လက်ခံရေးစခန်း ဖွင့်လှစ်ထားသော်လည်း တရားဝင်ပြန်လည် ဝင်ရောက်လာသူတွေ မရှိတော့ပါ။ သို့ပါသော်လည်း နည်းမျိုးစုံနဲ့ရောထွေးပြီး တရားမဝင်ခိုးဝင်မှု တွေကတော့ ကနေ့တိုင် ရှိနေဆဲပဲဖြစ်ကြောင်းလည်း တစ်ပါတည်းပြောကြားလိုပါတယ်။ အမျိုးသား

လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်အခုတင်ပြနေတဲ့ တစ်ဖက်နိုင်ငံနေ ဘင်္ဂါလီလူမျိုးများဟာ ကျွန်တော်တို့နိုင်ငံဘက်မှာ နေထိုင်သူများနဲ့ တူညီမှုရှိတဲ့ အခြေခံအချက်ကို အခွင့်ကောင်းယူပြီးတော့ အစဉ်မပြတ် တရားမဝင်ထိုးဖောက်ဝင်ရောက် နေထိုင်လာခဲ့ကြတာဟာ ဆက်စပ်နေတဲ့နယ်စပ်ဒေသတွေကိုသာမကတော့ဘဲ တစ်ဆထက်တစ်ဆ တစ်ဆင့်တက်ပြီး နိုင်ငံအတွင်းပိုင်းသို့ပါ တရားမဝင်တိုးချဲ့ ဝင်ရောက်လာကြပြီးတော့ ကနေ့အခါမှာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်စတဲ့ ပြည်နယ်များ အပါအဝင် နို င်ငံအတွင်းပိုင်း နေရာများစွာသို့ ရောက်ရှိပျံ့နှံ့နေထိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။ အဲဒီအခြေအနေတွေကို ကြည့်မယ်ဆိုရင် တစ်ဖက်နိုင်ငံအတွင်းမှာနေတဲ့ ဘင်္ဂါလီလူမျိုးများဟာ မိမိနိုင်ငံအတွင်းကို နည်းမျိုးစုံနဲ့ တရားမဝင်ရောင်တော်ပြန် ထိုးဖောက်ဝင်ရောက်မှုတွေကို စိစစ်တားဆီးဖို့ အမှန်တကယ်လိုအပ်နေဆဲ ဖြစ်နေသေးတဲ့အချက်ကို သိသာနိုင်မည် ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။ ဒါကြောင့် နောက်ကြောင်းဖြစ်စဉ်တွေကိုအခြေခံပြီး နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားရေးလိုအပ်ချက်အရ လတ်တလောမှာ ခွဲခြားဖို့ ခက်ခဲတဲ့အတွက် အခုလို ခရီးသွားလာခွင့်ပုံစံ(၄)ကို အသုံးပြု ခရီးသွားလာစေတဲ့နည်းကို စိစစ်ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်းမှာ ခရီးသွားလာကြရာမှာ မည်သူပဲမဆို လူတိုင်းလူတိုင်းဟာ ရောက်ရှိ တည်းခိုနေထိုင်ရတဲ့ နေရာတိုင်းမှာ စနစ်တကျ ဧည့်စာရင်းတိုင်ကြားနေထိုင်၊ ထပ်တိုးခွင့် တောင်းခံရခြင်းစတဲ့စနစ်တွေဟာ နေရာတိုင်း၊ လူတိုင်းအတွက် နိုင်ငံတော်လုံခြုံရေး အခြေအနေအရ လက်ရှိကျင့်သုံး နေတဲ့ရှိပြီး စနစ် တစ်ခု ဖြစ်နေတယ်ဆိုတာကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ခရီးသွားလာခွင့်ပုံစံ(၄)ကို အသုံးပြုခြင်းဟာခရီးသွားလာခွင့် ပိတ်ပင်ခြင်းမဟုတ်ပါ။စနစ်တကျစစ်ဆေးခွင့်ပြုတဲ့စနစ်ကိုကျင့်သုံးခြင်းသာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီစနစ်မှာ မြို့နယ်အတွင်းဆိုရင် တစ်ရွာနဲ့တစ်ရွာသာမက ခွင့်ပြုချက်မလိုဘဲ နေရာတိုင်းကို လွတ်လပ်စွာ သွားလာနိုင်ခွင့် ပြုပြီးဖြစ်ပါတယ်။ ပြည်နယ်အတွင်း မြို့နယ်ကျော် သွားလာမယ်ဆိုရင်တော့ မြို့နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ ပြည်နယ်ဦးစီးမှူးများထံ လျှောက်ထား သွားလာနိုင်ပါကြောင်း တွေ့ရပါတယ်။ ပြည်နယ်ကျော်သွားမယ်ဆိုရင် ပြည်နယ်မှူးရဲ့ထောက်ခံချက်နဲ့ တင်ပြခွင့်ပြုချက်ဖြင့် ခွင့်ပြုပေးလျက်ရှိပါတယ်။ လက်ရှိအခြေအနေထိ သတ်မှတ်ချက်နဲ့ ပြည့်စုံတဲ့ ခရီးသွားလာခွင့်အားလုံးကို ခွင့်ပြုပေးလျက်ရှိကြောင်းလည်းအသိပေးလိုပါတယ်။ ပညာသင်ကြားခွင့် ကျန်းမာရေး လူမှုရေးစတဲ့ကိစ္စတွေမှာလည်း လိုအပ်ချက် တွေပေါ် မူတည်ပြီး ရောက်တဲ့နေရာက

တင်ပြချက်အပေါ် ထပ်တိုးခွင့်ပြုချက်များလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပါတယ်။ ဥပမာအနေနဲ့ ကိန်းဂဏန်းအရ ထုတ်နုတ် ပြရရင် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့ကနေ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်နေ့ မနေ့ကအထိ ပြည်မဒေသ အထူးသဖြင့် ရန်ကုန်အပါအဝင် မြို့ကြီးတွေကို သွားရောက်ဖို့ခွင့်ပြုပေးခဲ့တဲ့ ဦးရေ ၃၆ဝကျော် ရှိပါတယ်။ အဲဒီထဲကနေ လိုအပ်ချက်အရ ထပ်တိုးနေထိုင်မှုများ ကိုလည်း အရေအတွက်များစွာ ခွင့်ပြုပေးခဲ့ ပြီး ဖြစ်ပါ တယ်။ တစ်ခါ ပညာသင်ကြားရေးအပိုင်းကို ကြည့်မယ်ဆိုရင် ၂၀၁၁ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့ ကနေ ၂၀၁၁ခုနှစ်၊ မနေ့က ဩဂုတ်လ (၂၈) ရက်နေ့အထိ ရန်ကုန်ဆေးတက္ကသိုလ်အပါအဝင် တက္ကသိုလ်အသီးသီးမှာ ပညာသင်ကြားဖို့ ထပ်တိုးခွင့်ပြုချက်တွေ အပါအဝင် ပညာသင်နှစ်တစ်လျှောက်လုံး နေထိုင်ခွင့် ပြုခဲ့တဲ့ စနစ်များ ထားရှိပြီးဖြစ်ပါတယ်။ လတ်တလောမှာကိုက ပညာသင်ကြားနေတဲ့ တက္ကသိုလ် ကျောင်းသားများ (၂၃)ဦးရှိနေပါကြောင်း အသိပေးပြော ကြားလိုပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ထပ်ဆင့်တင်ပြလိုတဲ့အချက်ကတစ်ဖက်နိုင်ငံနေ ကျွန်တော်စောစောက တင်ပြခဲ့တဲ့ ဘင်္ဂါလီလူမျိုးဟာ မိမိနိုင်ငံဘက်ခြမ်းနေသူတွေနဲ့ အသွင်တူ ရောထွေးပြီး နေထိုင်သွားလာမှုတွေကြောင့် ၂၀၀၅ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံ အတွင်းကို တရားမဝင် ဝင်ရောက်လာသူ တစ်ဖက်နိုင်ငံသား(၂၅၈)ဦးကို နေရာအနှံ့မှာစိစစ်ဖော်ထုတ် ဖမ်းဆီးအရေးယူခဲ့ရပါတယ်။ တစ် ခါ ဖမ်းဆီးမိ သော်လည်းပဲ အရေးမယူဘဲ လာရာလမ်းအတိုင်း ပြန်လည်စေလွှတ်ပေးခဲ့တဲ့ တရားမဝင် ခိုးဝင်လာသူ အရေအတွက်ကလည်း ရာဂဏန်း ရှိနေခဲ့တဲ့ အတွက် စနစ်တကျ စစ်ဆေးစိစစ်ခွင့်ပြုဖို့ ယနေ့အချိန်အခါမှာ အမှန်တကယ်လိုအပ်နေဆဲဖြစ်တယ် ဆိုတဲ့အချက်ကို ဖော်ညွှန်းပြသရာ ရောက်နေပါကြောင်းလည်း တင်ပြလိုပါတယ်။ ဒါကြောင့် လက်ရှိ အခြေအနေမှာ ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း တစ်ဖက်နိုင်ငံကနေ ဘင်္ဂါလီလူမျိုးများရဲ့ တရားမဝင် ဝင်ရောက်ရောထွေးနေထိုင်မှုများကြောင့်သာ လတ်တလောခွဲခြားရန် ခက်ခဲတဲ့အခြေအနေ များအရ နိုင်ငံတော် လုံခြုံရေးနဲ့ အမျိုးသားရေး လိုအပ်ချက်အရ ခရီးသွားလာခွင့် ပုံစံ(၄)ဖြင့် စနစ်တကျ စိစစ်ခွင့်ပြုရခြင်းသာ ဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းသော အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက ဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဦးမြညိမ်း(ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ)** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇) မှ ဦးမြညိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော် မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်ချက် အစီရင်ခံစာအား တင်ပြသွားမှာ ဖြစ်ပါတယ်။

နိဒါန်း။ ။ ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၁ ခုနှစ်၊ သြဂုတ်လ (၈)ရက် ရက်စွဲပါ စာအမှတ်၊ ၁/ပထ(ကော်မတီ) ၁/၂၀၁၁-၆ ဖြင့် ပြည်ထောင်စုရွေးကော က်ပွဲကော်မရှင်၏ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ကို အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စတင်ဆွေးနွေးဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါသည်။ အဆိုပါ ဥပဒေမူကြမ်းကို ဥပဒေကြမ်းကော်မတီမှ အသေးစိတ် စိစစ်လေ့လာပြီး သက်ဆိုင်ရာကော်မရှင်မှ တာဝန်ရှိသူနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ မူလကော်မရှင် ဥပဒေတွင် အခန်း(၄)ခန်းနှင့် ပုဒ်မပေါင်း ၁၄ ခု ပါဝင်ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ။ ။အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် အထက်ပါဥပဒေမူကြမ်းကို လေ့လာစိစစ်ရာ၌ အောက်ပါအတိုင်း လေ့လာစိစစ်တွေ့ရှိ ရပါသည်။

ယခုပြင်ဆင်သည့် ဥပဒေမူကြမ်း၌ နိဒါန်းနှင့် ပုဒ်မပေါင်း(၇)ခုကို ပြင်ဆင်ရန်ဖြစ်ကြောင်း အဆိုပြု တင်ပြလာခြင်းဖြစ်ပါသည်။ ဥပဒေများရေးဆွဲရာတွင် ပြ င်ဆင်ချက်ဥပဒေသည် မူလ

ဥပဒေနှင့် အနှစ်သာရပိုင်းတွင် ကွဲပြားခြားနားသွားလျှင် သော်လည်းကောင်း၊ မူလဥပဒေကို ဆက်လက်ကျင့်သုံး၍ မရနိုင်လျှင်သော်လည်းကောင်း၊ မူလဥပဒေ၏ထက်ဝက်ကျော်ကို ပြင်ဆင်ရမည်ဆိုလျှင်သော်လည်းကောင်း၊ မူရင်း ဥပဒေကို ပြင်ဆင်ဖြည့်စွက်မည့်အစား ဥပဒေအသစ်တစ်ရပ်အဖြစ် ပြန်လည်ရေးဆွဲရသည့် အစဥ်အလာတစ်ရပ်ရှိပါသည်။ ယခု ပြင်ဆင်ဖြည့်စွက်လိုသည့် တင်ပြချက်၌ မူလဥပဒေပေါင်း၊ ပုဒ်မပေါင်း ၁၄ ခုရှိသည့်အနက် နိဒါန်းနှင့် ပုဒ်မပေါင်း (၇)ခုကို ပြင်ဆင်ဖြည့်စွက်ခြင်းဖြစ်၍ ၅၀ ရာခိုင်နှုန်းကျော် ပြင်ဆင် ဖြည့်စွက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် တည်ဆဲဥပဒေကို ပြင်ဆင်မှု ပြုလုပ်သည်ထက် ဥပဒေသစ်တစ်ရပ် ပြန်လည်ရေးဆွဲရန် သင့်/မသင့် စဥ်းစားရန် အခြေအနေ ရှိလာပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမှာ မူလလက်ရှိ ပြဋ္ဌာန်းချက် နိဒါန်း။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံသားတိုင်းသည် လွှတ် တော်များသို့ ရွေးကောက်တင်မြှောက်ခွင့်နှင့်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးကြရာတွင် ကြီးကြပ်ပေးရန်နှင့် နိုင်ငံရေးပါတီများကိုလည်း ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဆိုပြီး နိဒါန်းမှာ မူလဥပဒေပြဋ္ဌာန်းချက်ရှိပါတယ်။ ကော်မရှင်က ပြင်ဆင်ပြဋ္ဌာန်းတဲ့အချက် ဒုတိယအကွက် ဖြစ်ပါတယ်။

နိဒါန်း။ ။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားတိုင်းသည် လွှတ်တော်များသို့ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေး ကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးကြရာတွင် ကြီးကြပ်ပေးရန်နှင့် နိုင်ငံရေးပါတီများကိုလည်း ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းနိုင်ရေးနှင့်တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်နိုင်ရေးတို့အတွက် ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၄၀၃ တို့နှင့်အညီ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဆိုပြီးတော့ ပြင်ဆင်ချက် ပြဋ္ဌာန်းချက်မှာ တွေ့ရပါတယ်။

အဲဒီပြဋ္ဌာန်း ချက်ကို ကျွန်တော်တို့ ဥပဒေကြမ်းကော် မတီအနေနဲ့ လျော်ကန်သင့်မြတ်ကြောင်း တင်ပြထားပါတယ်။ အဲဒီမှာ ခြားနားချက်ကလေးကို ကျွန်တော် တင်ပြရရင်

ပထမ Bold  တင်ထားပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုတဲ့နေရာမှာ ကျွန်တော်တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်လို့ ထည့် သွင်းထားပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ် နိုင်ရေးအတွက် မူလက နိုင်ငံတော်အေးချမ်း  သာယာနှင့် ဖွံ့ဖြိုးရေးကောင်စီလို့  ဖော်ပြသတ်မှတ်ထားပါတယ်။ ဒါကို  ကျွန်တော်တို့  ပြည်ထောင်စု လွှတ်တော်ဆိုပြီးတော့ ထည့်သွင်းပြင်ဆင်ခြင်း ဖြစ်ပါတယ်။ တစ်ခါမူလက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်  ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ ပြဋ္ဌာန်းသည် ဆိုတဲ့နေရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၃၉၈ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၄၀၃ တို့နှင့်အညီ  အောက်ပါဥပဒေကို  ပြဋ္ဌာန်းသည်ဆိုပြီးတော့ ပြင်ဆင်လိုက်တာ  ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဥပဒေကြမ်းစိစစ်ရေးကော်မတီက ထောက်ခံတင်ပြထားပါတယ်။ ပြင်ဆင်ရန်မရှိပါ။ ကျွန်တော်တို့ ဖို့မ ၃ မှာ လက်ရှိပြဋ္ဌာန်းချက်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပထမအကြိမ်လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးပါတီ များကို ကြီးကြပ်နိုင် ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်း ရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အနည်းဆုံးအဖွဲ့ဝင် ငါးဦးကို ခန့်အပ် တာဝန်ပေးနိုင်သည် ဆိုပြီးတော့ ရေးသားထားပါတယ်။ အဲဒီတော့ ကော်မရှင်ကပြင်ဆင်တဲ့ပြဋ္ဌာန်းချက် ဒုတိယပိုဒ်မှာ နိုင်ငံတော်  သမ္မတသည် လွှတ်တော် ရွေးကောက်ပွဲများကို ကျင်းပနိုင် ရေးအတွက် လည်းကောင်း၊ နိုင်ငံရေးပါတီ  များကို ကြီးကြပ်နိုင်ရေးအတွက်လည်းကောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို  ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံ  အခြေခံ ဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ပြဋ္ဌာန်းချက်များနှင့်အညီ ကော်မရှင် ဥက္ကဋ္ဌ အပါအဝင်အဖွဲ့ဝင် အနည်းဆုံးငါးဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်ဆိုပြီးတော့ ကျွန်တော်တို့ ပြင်ဆင်ထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကလွှတ်တော်ရွေးကောက်ပွဲ များကို  ကျင်းပနိုင်ရေးအတွက်လည်းကောင်း၊  နိုင်ငံရေးပါတီများကို  ကြီးကြပ်နိုင်ရေးအတွက် လည်းကောင်း  နိုင်ငံတော်သမ္မတသည်  ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အနည်းဆုံး အဖွဲ့ဝင် ငါးဦးကို ခန့်အပ်တာဝန် ပေးအပ်နိုင်သည်ဟု ကျွန်တော်တို့ ပြင်ဆင်  ရေးသားသင့်ကြောင်း  ထောက်ခံတင်ပြထားပါတယ်။ ဒီနေရာမှာ  ကိုယ်စားလှယ်ကြီးများကို ရှင်းလင်းစေရန်အတွက် ကျွန်တော်   ရှင်းလင်းချက်လေး ထည့်ထားပါတယ်။ ဒီနေရာမှာ ပုဒ်မ  ၃ ကို ပြင်ဆင်ချက်ထဲမှာ ပါရှိတာက နိုင်ငံတော်ဖွဲ့စည်းပုံ

အခြေခံ ဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ဆိုပြီးတော့ ပြင်ဆင်ထားတာကို တွေ့ရပါတယ်။ ဒါကို ကျွန်တော်တို့ ရှင်းလင်းတင်ပြထားတာ ကတော့ -

ရှင်းလင်းချက်။ ပုဒ်မ ၃ ကို အစားထိုးရေးသားရာ၌ မြန်မာစာသဒ္ဒါရေးထုံးနှင့်ကိုက်ညီစေရန် ပြင်ဆင်ရေးသားသင့်ပါသည်။ ပြင်ဆင်ရေးသားသင့်သည့်အရေးအသားအချို့ပါရှိသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့် အညီ ကော်မရှင်ဥက္ကဋ္ဌများနှင့် အဖွဲ့ ဝင်များကို ခန့်အပ်တာ ဝန်ပေးအပ်နိုင်သည်ဟု အစားထိုး ဖြည့်စွက်ရေးသားထားရာ ပြည်ထောင်စု ဝန်ကြီး ခန့်အပ်တာ ဝန်ပေးသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(က)ပါ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ရန် အရည်အချင်းများနှင့် လည်းကောင်း၊ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(ခ)ပါ ပြည်ထောင်စု ဝန်ကြီး များအဖြစ် ခန့်အပ်တာဝန်ပေးသည့် နည်းလမ်းများနှင့်သော်လည်းကောင်း၊ မရှင်းမလင်း ရောထွေး သွားနိုင်မှာ ဖြစ်ပါတယ်။ ဒါလေးကို ကျွန်တော်ထောက်ပံ့ဆင့်ပြီး ရှင်းလင်းရင် အဲဒီဝန်ကြီးများ ခန့်ထားရေးနဲ့ ပုဒ်မ ၂၃၂ မှာဆိုရင် ဝန်ကြီးများရဲ့အသက်ကိုအသက်(၄၀)လို့ရေးထားပါတယ်။ ဒီမှာက ကော်မရှင် အသက်ကတော့ မူလကတည်းက ပုဒ်မ ၄ မှာ အသက် (၅၀) နှစ်ပြည့်ပြီးသူများဖြစ်ရမည်လို့ ဖော်ပြပါရှိတာ ဖြစ်တဲ့အတွက် အဲဒီလိုများ ထည့်သွင်းပြဋ္ဌာန်းမိရင် ပုဒ်မ ၂၃၂ ကို ကျွန်တော် တို့ ပြဋ္ဌာန်းချက်ကို Apply လုပ်မိရင် ကျွန်တော်တို့ ဒီနေရာမှာ ရောထွေးသွားနိုင်မှာ ဖြစ်ပါတယ်။ အသက် (၄၀)နဲ့ (၅၀)ကလည်း ကွာခြားချက်တွေဖြစ်ပါတယ်။ ခန့်အပ်တာဝန်ပေးမှုအပိုင်းအနေနဲ့ မရှင်းမလင်း ရောထွေးသွားနိုင်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကတော့ ပြင်ဆင်ရေးသားထားပါတယ်။ ပုဒ်မ ၄ ကတော့ ကျွန်တော်တို့ အထူးတင်ပြစရာမရှိပါဘူး။ ပုဒ်မ ၄ မှာတော့ ပြင်ဆင်ချက်အနေနဲ့ကတော့ ကျွန်တော်အတိုချုပ် တင်ပြရရင် ပြင်ဆင်ချက် ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)(၁)ကို အစားထိုးလိုက်ခြင်းပဲ ဖြစ်ပါတယ်။ (ဂ)(၁)မှာ မူလ (ဂ)မှာတော့ သိက္ခာသမာဓိ နှင့် ပြည့်စုံပြီး အတွေ့အကြုံ ရင့်ကျက်သူဖြစ်ရမည် ဆိုပြီးတော့ မူလပြဋ္ဌာန်းချက်မှာပါရှိပါတယ်။ ကော်မရှင်က ပြင်ဆင်ပြဋ္ဌာန်းချက်က တော့ (ဂ)(၁)မှာ ဖြည့်စွက်ထားပါတယ်။ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော် တရားသူကြီးအဖြစ် ဖြစ်စေ၊ အလားတူ ရာထူးတာ ဝန် တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့သူဖြစ်ရမည်။ သို့မဟုတ် တိုင်းဒေသကြီး

သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့ မဟုတ် ဥပဒေအရာရှိ ရာထူးတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည်။ သို့မဟုတ် တရားလွှတ်တော် ရှေ့နေအဖြစ် အနည်းဆုံး (၂၀) နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ် ထင်ပေါ် ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်ရမည်ဆိုတဲ့ ပုဒ်မခွဲ (ဂ)ကို ကျွန်တော်တို့ အချ က်အလက် ထည် ့သွင်းခြင်းဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့(င)မှာ မူလပြဋ္ဌာန်းချက် နိုင်ငံရေးပါထီင် မဟုတ်သူဖြစ်ရမည်ဆိုပြီး မူလပြဋ္ဌာန်းချက်မှာ ရှိပါတယ်။ ဒါကို ကော်မရှင်က ပြည် သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များ နှင့် ငြိစွန်းခြင်းမရှိသူ ဖြစ်ရ မည်ဆိုပြီး ထည့်သွင်းထားတာ ဖြစ်ပါတယ်။ ဒါဟာလဲ ကျွန်တော်တို့ ပြင်ဆင်ချက်ကောင်းမွန်တဲ့အတွက် အထူး ပြင်ဆင်ရန်မရှိပါဘူး။ နောက်တစ်ခါ (ဇ) ကတော့ မူလမှာ မပါရှိပါဘူး။ ကော်မရှင်က ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။ (ဇ)က လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူ ဖြစ်ရမည်ဆိုတဲ့ (ဇ)ကလေးကိုပဲ ကော်မရှင်က ပြင်ဆင်ဖြည့်စွက်တာဖြစ်တဲ့အတွက် ပုဒ်မ (၄)ကိုတော့ ဥပဒေကြမ်း စိစစ်ရေးကော်မတီကနေ ထောက်ခံတင်ပြတဲ့ အကြံပြုချက်ကတော့ ပြည်ထော င်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၉၈(ခ)ပါ အချို့အချက်များကို ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၁)မှ(၄)အထိလည်းကောင်း၊ ပု ဒ်မခွဲငယ် (၁)နှင့် ပုဒ်မခွဲ (ဇ)အဖြစ်လည်းကောင်း ဖြည့်စွက်ရေးသားထားကြောင်း တွေ့ရှိရသည့်အတွက် ရွေးကောက်ပွဲကော်မရှင်ရဲ့ အဆိုပြုချက်မှာ လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ပုဒ်မ ၅ လက်ရှိပြဋ္ဌာန်းချက်ကတော့ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင်ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထံ စာဖြင့်တင်ပြပြီး နုတ်ထွက်နိုင်သည်ဆိုပြီး မူလပြဋ္ဌာန်း ချက်ရှိပါတယ်။ ဒါကို ကျွန်တော်တို့ ကော်မရှင်က ပြင် တာကတော့ ကျွန်တော် bold တင်ထားပါတယ်။ ပုဒ်မ ၅ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ ဝင်သည် မူလ ကတော့ ရာထူးသက်တမ်း မကုန်ဆုံးမီ ဆိုတဲ့ ဟာကိုထည့်ပါတယ်။ အခုတော့ ရာထူးတာ ဝန် ထမ်းဆောင်နေစဉ်အကြောင်း တစ်ခုခုကြောင် ့ မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း နိုင်ငံတော် သမ္မတထံ စာဖြင့်တင်ပြပြီး နုတ်ထွက်နိုင်သည်။ မူ လက နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်

ဖွံ့ဖြိုးရေးကောင်စီထံဆိုတဲ့နေရာမှာ နိုင်ငံတော် သမ္မတထံဆိုပြီး ထည့်သွင်းတာဖြစ်တဲ့ အတွက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၀၁ (က)နှင့် ညီညွတ်စေရန် ပြင်ဆင်ရေးသားထား ကြောင်း တွေ့ရှိရသည့် အတွက် ယင်းအဆိုပြုချက်ကို လျော်ကန်သင့်မြတ်ကြောင်း ထောက်ခံတင်ပြထားပါတယ်။ ပုဒ်မ ၆ ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာ ဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ၊ ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဤဥပဒေနှင့်အညီ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အသစ် ခန့်အပ်တာဝန်ပေးနိုင်သည်။ ထို့သို့ခန့်အပ်တာဝန် ပေးခြင်းခံရသော ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ ဝင်၏ရာထူးသက်တမ်းသ ည် ကော်မရှင်၏ ကျန်ရှိသော သက်တမ်း အတွက်သာ ဖြစ်စေရမည်ဆိုပြီးတော့ မူလ ပြဋ္ဌာန်းပါတယ်။ ကော်မရှင်က ပြင်ဆင်ချက်ကတော့ ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာ ဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေဆိုပြီး ကွယ်လွန်ခြင်းကို ထည့်သွင်းထားပါတယ်။ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ၊ ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော် သမ္မတသည် ဤဥပဒေနှင့် အညီ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သစ်ခန့်အပ် တာဝန်ပေးနိုင်သည်။ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ ဝင်သည် နိုင်ငံ့ ဝန်ထမ်းဖြစ်လျှင် ကော် မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများ နှင့် အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်ဆိုပြီး ပြင်ဆင်ထား ပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသော ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ကော်မရှင်၏ သက်တမ်းအတွက်သာ ဖြစ်စေရမည်ဟူသော ပြဋ္ဌာန်းချက်ကို ပြင်ဆင်ချက်မှာ ဖော်ပြထားတာ မတွေ့ရပါဘူး။ ဒီတော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၀၁ (ခ)၊(ဂ)တို့နှင့် ညီညွတ်စေရန် မျဉ်းတားထားတဲ့ အချက်တွေကိုတော့ ဖြည့်စွက်ရေးသားထားသည်ကိုတွေ့ရတဲ့အတွက် ကော်မရှင်၏အဆိုပြုချက်ကို သည်မျဉ်းတားထားတဲ့အချက်တွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ ကော်မတီကနေလျော်ကန်သင့်မြတ် ကြောင်း ထောက်ခံတင်ပြထားပါတယ်။ ပုဒ်မ ၇ ဖွဲ့စည်းထားသော ကော်မရှင်၏ သက်တမ်းသည် နိုင်ငံတော်သမ္မတက ပြည်ထောင် စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပြီးသည်အထိ ဖြစ်သည်ဆိုပြီးမူလ ပြဋ္ဌာန်းထားပါတယ်။ ကော်မရှင်က

ပြင်ဆင်ပြဋ္ဌာန်းချက်ကတော့ ပုဒ်မ ၇ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးအား စွပ်စွဲပြစ်တင်လိုလျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။ ဒါနှင့်ပတ်သက်လို့ ကျွန်တော်တို့ မူလပုဒ်မ ၇ ကို ပြင်ဆင်မည့် ပြဋ္ဌာန်းချက်ဟာ မူလပုဒ်မ ၇ ရဲ့ မူရ င်းဥပဒေမှာ ပါရှိခြင်း မရှိပါ။ အပိုဒ်လိုက် အစားထိုးထားသည်ကို တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဥပဒေကြမ်းအနေနဲ့ လက်ရှိပုဒ် မ ၇ ပြဋ္ဌာန်းချက်ကို စာပိုဒ်ကို မူလအတိုင်းထားရှိပြီးတော့ ပုဒ်မ ၇ ၌ အစားထိုးပြင်ဆင်လို သည့် စာပိုဒ်ကိုတော့ ပုဒ်မခွဲအသစ်တစ်ခုအနေဖြင့်သာ ထည့်သွင်းပြဋ္ဌာန်းသင့်ပါသည်။ ဤပုဒ်မ ၇ နဲ့ ပတ်သက်လို့ ကျွန်တော်ထပ်မံပြီးတော့ ကိုယ်စားလှယ်ကြီးများကိုရှင်းလင်းတင်ပြချင်တာကတော့ ရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို သက်တမ်းကန့်သတ်ထားဖို့ မရှိခြင်းနဲ့ကိစ္စသည် ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဆီလျော်ကိုက်ညီမှုမရှိပါ။ ထို့ကြောင့် ဖွဲ့စည်းထားသောကော်မရှင်ရဲ့ သက်တမ်းသည် နိုင်ငံတော်သမ္မတကဖွဲ့စည်းပုံအခြေခံဥပဒေ အရ ကော် မရှင်တစ်ရပ် ကို ဖွဲ့စည်းပြီးသည့်အထိ ဖြစ်သည် ဆိုသောပြဋ္ဌာန်းချက်ကို ထည့်သွင်းထားခြင်း သာ ဖြစ်ပါသည်။ ရွေး ကောက်ပွဲကော်မရှင်ကို စတင်ခန့်အပ်တာဝန် ပေးသင့်သည့်ရက်မှာ ပုံမှန်ရွေးကောက်ပွဲ တစ်ရပ်ကျင်းပခြ င်းမပြုမီ ပြင်ဆင်ရန်လိုအပ်သော ကာလက စတင်သင့်ပြီး ၄င်း၏သက်တမ်းမှာ ၅ နှစ်ထက် မပိုသင့်ပါ။ ယခုလက်ရှိရွေးကောက်ပွဲကော်မရှင်ကို လွှတ်တော် သက်တမ်း စတင်သည့် အချိန်တွင် ခန့်အပ်ခြင်းသည်ဆီလျော်မှု မရှိပါ။ ကော်မရှင်က လွှတ်တော်သက်တမ်း (၁)ရပ်အတွက် ရွေးကောက်ပွဲကို ကျင်းပပေးပြီး နောက်ဆ က်တွဲ အငြင်းပွားမှုများကို ဤကော်မတီကပင် ဆုံးဖြတ်ခြင်းနှင့် ပါတီများကိုကြီးကြပ်ခြင်း ပြုရမည်သာဖြစ်သည်။ နိုင်ငံတော်သမ္မတက နောက်တစ်ကြိမ် လွှတ်တော်သက်တမ်းအတွက် ရွေးကောက်ပွဲမကျင်းပမီ ပြင်ဆင်ချိန်ရရှိစေရေးအတွက် ရွေးကောက်ပွဲကော်မရှင်အသစ်တစ်ရပ်ကို ခန့်အပ်တာဝန်ပေးရမည်ဖြစ်သည်။ ကော်မရှင်အဟောင်းသည် ကော် မရှင်အသစ်ကိုတာဝန်လွှဲပြောင်းပေးပြီးသည့်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါတယ်။ ဒါကြောင့်မို့ မည်သည့်အတွက် ကာလအထိ တာဝန်ထ မ်းဆောင်နိုင်မည်ဟု ပြဋ္ဌာန်းရန် မလိုပါ။ စတင်ခန့်အပ်စဉ်ကအသက်(၅၀)နှစ်ထက်မငယ်ရသာ ပါရှိပါတယ်။ အသက်ဘယ်လောက်ထက်မကြီးရဟု ပြဋ္ဌာန်းထားခြင်းလည်း မရှိပါဘူး။ အဲဒီတော့လိုအပ်လျှင်လည်းနိုင်ငံတော်သမ္မတက အချိန်မရွေး တာဝန်မှရပ်ဆိုင်းထားနိုင်ရန်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ ပုဒ်မ၇ ကို မူလ ပုဒ်မ ၇ သည်

ဖွဲ့စည်းထားသော ကော်မရှင်၏သက်တမ်းသည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကော်မရှင်(၁)ရပ်ကို ဖွဲ့စည်းပြီးသည့်အထိ ဖြစ်သည်ဆိုသည့် ပြဋ္ဌာန်းချက်သည် လျော်ကန်သင့်မြ တ်တာဖြစ်တဲ့အတွက် လက်ရှိအတိုင်းပဲ ထားသင့်ကြောင်း ထပ်မံရှင်းလင်းတင်ပြခြင်း ဖြစ်ပါတယ်။ ပုဒ်မ ၈ ကော်မရှင်ရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။ ကျွန်တော်တို့ အသေးစိတ် (က) (ခ) (ဂ) (ဃ) ဒါတွေ ပြင်ဆင်ခြင်း မရှိပါဘူး။ ပြင်ဆင်ချက်မှာ (ည)ကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၉၆၊ ပုဒ်မခွဲ(က)နှင့်(ခ) တို့အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုကြောင်း သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး၁ ရာခိုင်နှုန်းတို့က ကော်မရှင်သို့ တင်ပြလာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆၊ ပုဒ်မခွဲ (ဂ)၊(ဃ)၊(င)တို့နှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်း ဖြစ်သည်ဆိုပြီးတော့ မူလ(ည)နေရာမှာ ကော်မရှင်ကနေပြီး (ည) အသစ်တစ်ခု ထည့်ထားတာ ဖြစ်ပါတယ်။ ကျန်တာတွေကတော့ ကျွန် တော်တို့အမှတ်စဉ်ကို လျော့ပြီးတော့ အောက်ဆင်းသွား တာလည်းဖြစ်ပါတယ်။ ကျန်တာကတော့ ဒီပုဒ်မကို ပြင်ဆင်ခြင်း မရှိတဲ့ အတွက် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ဒါကိုလည်း ထောက်ခံအတည်ပြုထားပါတယ်။ နောက် ကျွန်တော်တို့ ပုဒ်မ ၁၂ ပါ ၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို ဤ ဥပဒေအရ ဖွဲ့စည်း သောကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဆက်ခံဆောင်ရွက်ရမည်ဟု လက်ရှိ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဒါကို ကော်မရှင်က ပြင်ဆင်တဲ့ အချက်ကတော့ ပုဒ်မ ၁၂ ယခင်က တည်ရှိခဲ့ သော ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ကော်မရှင်နှင့်သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က ဆက်ခံဆောင်ရွက်ရမည်ဆိုပြီး ပြင်ဆင်ထားတာဖြစ်ပါတယ်။ ဒါကိုပဲ ကျွန်တော်တို့ အနေနဲ့ကတော့ လက်ရှိအတိုင်း ပြဋ္ဌာန်းသင့်ပါတယ်ဆိုပြီးတော့ ပုဒ်မ ၁၂ ကို ကျွန်တော်တို့ ဒီအတိုင်း ပဲ ထားခဲ့ပါတယ်။ အဲ ဒီတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကတော့ ဒါ ပဲ ဖြစ်ပါတယ်။ အားလုံးကို ကျွန်တော်တို့ အထူးပဲကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်သွင်းထားတဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြင်ဆင်သည့် ဥပ ဒေမှာ ကော်မရှင်ရဲ့ သက်တမ်းနဲ့ ပတ်သက်လို့ လုံးဝပယ်ဖျက် လိုက်ပြီးတော့မှ မူလအနှစ်သာရ ပျောက် သွားတာ တွေ့ရပါတယ်။ မူလအနှစ်သာရအရ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကော်မရှင်ရဲ့ သက်တမ်းကို ထည့်သွင်းထားခြင်း မရှိပါဘူး။ ဘာကြောင့်လဲဆိုရင် ဒီနေ့ဖွဲ့စည်း နောက်နေ့ဖျက်သိမ်းနိုင်အောင်လို့ ဖြစ်ပါတယ်။ သို့သော်လည်း ကော်မရှင်ရဲ့သက်တမ်းဟာ နောက် ကော်မရှင်တစ်ရပ် ဖွဲ့စည်းသည့်အချိန်အထိ ဖြစ်ရမည်ဆိုပြီး ဥပဒေမှာ ပြဋ္ဌာန်းပေးထားပါတယ်။အဲဒါကို ပယ်ဖျက်လိုက်မယ်ဆိုရင် ကော်မရှင်ဟာ ရာသက်ပန် (Impeach)လုပ်ဖို့ အပြစ်မရှိသမျှ ကာလပတ်လုံး အသက်ကန့်သတ်ချက်မ ရှိ ဆောင်ရွက်နိုင်မယ်ဆိုတဲ့ အ ဓိပ္ပာယ်ကို ပြော င်းပြန်သက်ရောက်သွားတဲ့ အနေအထားလည်း ရှိပါတယ်။ နောက်တစ်ခုက ကော်မရှင်ဥက္ကဋ္ဌ နဲ့ အဖွဲ့ဝင်များရဲ့ အရည်အချင်း ကန့်သတ်ချက်မှာ (ဂ)(၁)(၂)(၃) ဥပဒေဆိုင်ရာ အတွေ့အကြုံတွေကို ထည့်သွင်းထားတဲ့အတွက် ဥပဒေသမားတွေသာ ဆောင်ရွက်ရမယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးကို သက်ရောက်သွားနိုင်တဲ့ အနေအထားရှိပါတယ်။ မူလက ဒီအချက်တွေ ထည့်သွင်းထားခြင်း မရှိတာဟာ ကော်မရှင်မှာ ဥပဒေသမားသာမက ကျန်တဲ့ပုဂ္ဂိုလ်တွေလည်း အားလုံးပါဝင်ကြိုးကြပ်နိုင်တယ်ဆိုတဲ့ သဘောဖြစ်အောင် ရေးဆွဲထားတာဖြစ်ပါတယ်။ နောက်တစ်ခုက ပု ဒ်မ ၆ မှာ အဖွဲ့ဝင်တစ်ယောက် ယောက် တစ်ခုခုဖြစ်လျှင် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အသစ်ခန့်အပ် တာဝန်ပေးအပ်နိုင်သည်။ ထို သို့ ခန့်အပ်တာဝန်ပေးအပ်ခြင်း ခံရသော ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ကော်မရှင်၏ကျန်ရှိသည့် သက်တမ်းအတွက်သာဖြစ်သည်။ ဒါကို ဖြုတ်လိုက်တဲ့အတွက် ခုနက သက်တမ်းဆိုတာ ပျောက်သွားပါတယ်။ နိုင်ငံတော်သမ္မတက နောက်ထပ် ကော်မရှင်အသစ်ဖွဲ့စည်းဖို့ မရဘူးဆိုတဲ့ အဓိပ္ပာ ယ် အထိ သက်ရောက်သွားနိုင်တဲ့ အနေအထား ရှိပါတယ်။ နောက်တစ်ခုက ပုဒ်မ ၇ မှာ မူလဖွဲ့စည်းထားသော ကော်မရှင်၏ သက်တမ်းသည်နိုင်ငံတော်သမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပြီးသည်အထိဖြစ်သည်ဟု ဥပဒေမှာ ဖော်ပြထားပါတယ်။ အခြေခံဥပဒေမှာ ဖော်ပြစရာမလိုတဲ့အတွက် ဖော်ပြခြင်းမရှိပါဘူး။ ဒါကို ပယ်ဖျက်ပြီးတော့မှ အခြေခံဥပဒေ ပုဒ်မ ၄၀၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ဖို့ဆိုပြီး ထည့်ထားတာ ဖြစ်ပါတယ် ။ အဲ ဒီတော့ စွပ်စွဲပြစ်တင်စရာအကြောင်း ရှိသည်ဖြစ်စေ မရှိသည်

ဖြစ်စေ ကော်မရှင်ကို ရပ်စဲနိုင်တဲ့အခြေအနေ ရပ်စဲသင့်တဲ့အခြေအနေဆိုတာ အမျိုးမျိုး ပေါ်ပေါက်လာနိုင်တဲ့ အနေအထားဖြစ်တဲ့အတွက် ဒါလည်းဆီလျော်မှုမရှိဘူးဆိုတာ တွေ့ရှိရပါတယ်၊ အဲဒီတော့ လွှတ်တော်ရဲ့ ထုံးတမ်း အစဉ်အလာအရ ဥပဒေကြမ်း ကော်မတီရဲ့ ထောက်ခံတင်ပြချက်အတိုင်းပဲ အတည်ပြု ဆွေးနွေးမှာဖြစ်ပါတယ်။ထို့သော် ဒီဥပဒေကြမ်းနဲ့ပတ်သက်လို့လွှတ်တော်ကိုယ်စားလှယ်များကို ရှင်းပြတဲ့အချက်တွေကို အသေးစိတ် စဉ်းစား ဆွေးနွေးဖို့ လွှတ်တော်ကို ရပ်နားပါ မယ်။ ထမင်းစားရင်းနဲ့ တစ်ခါတည်း စဉ်းစား ဆွေးနွေးဖို့ဖြစ်ပါတယ်။ ထမင်းစားပြီးတော့ ပြန်ပြီးတော့ လွှတ်တော်ကျင်းပတဲ့အချိန်မှာ ဒါကို အပိုဒ်တစ်ပိုဒ်ချင်း ပုဒ်မတစ်ခုချင်း အတည်ပြုချက် ရယူသွားမှာဖြစ်ပါတယ်။ အဲဒီအချိန်မှာလည်း ဆွေး နွေးနိုင်ပါတယ်။ အခုအချိန်ကစပြီး လွှတ်တော် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။ နေ့လယ် ၁ နာရီ ၁၅ မိနစ် အချိန်မှာကျမှ လွှတ်တော်ကို ပြန်လည်စတင် ကျင်းပမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးကို ၁၁း၄၄ နာရီတွင် ခေတ္တရပ်နားပြီး ၁၃း၁၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။

**အချိန်၊ ၁၃း၁၅။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စောစောက ပြင်ဆင်ချက် ပုဒ်မ ၄ (ဂ)(၁)(၂)(၃)အား ပြန်လည်စိစစ်တဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ပါပြီးသားဖြစ်တဲ့ အတွက်ဒါကို ခွင့်ပြုရမှာဖြစ်ပါတယ်။

ယခု ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားဖို့အတွက် ဆောင်ရွက်မှာ ဖြစ်ပါတယ် ။ ဒါကြောင့် သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ဝင်က ဆွေးနွေးစဉ်းစားပေးပါရန် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောထားရယူခြင်း

**အချိန်၊ ၁၃း၁၇။**

**ဦးအောင်မြင့်(အဖွဲ့ဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော ် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တင်ထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို ကျွန်တော့်အနေနဲ့ လွှတ်တော်က ဆွေနွေးဖို့အတွက် ဒီအဆိုကို တင်သွင်းပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

လွှတ်တော်က သဘောတူတဲ့အတွက် ဒီဥပဒေကြမ်းကို စတ င်ဆွေးနွေးမှာဖြစ်ပါတယ်။ အဆိုမှာ -

ဤဥပဒေကြမ်း၏ အပိုဒ်(၁)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်

ဒီအဆိုကို သဘောတူရင် တူတယ်လို့ပြောပါ။

သဘောမတူရင် မတူဘူးလို့ ပြောကြပါ။

(သဘောမတူသူမရှိပါ။)

အဆိုကို သဘောတူပါသလား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို သဘောတူတဲ့အတွက် ဒီပြင်ဆင်သည့် ဥပဒေကြမ်း၏ အပိုဒ်(၁)သည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်သည်ဆိုတဲ့ အဆို အတည်ဖြစ်ပါသည်။

အပိုဒ်(၂)၊ ပုဒ်မ ၃ မှာ ဥပဒေကြမ်းကော်မတီက ပြည်ထောင်စုဝန်ကြီးများ ခန့်အ ပ် တာဝန်ပေးသည့် အခြေခံ ဥပဒေပုဒ်မ ၂၃၂၊ (က)ပါ ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ရန် အရည်အချင်းများနှင့် လည်းကောင်း၊ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ခ) ပါ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသည့် နည်းလမ်းများ နှင့် သော်လည်းကောင်း မရှင်းမလင်း ရောထွေးသွား နိုင်ပါသည်။ ထို့ကြောင့် ပုဒ်မ ၃ ကို ပြင်ဆင်ဖြည့်စွက်မည်ဆိုပါက လွှတ်တော် ရွေးကောက်ပွဲများကို ကျင်းပပေးနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်နိုင်ရေးအတွက် လည်းကောင်း၊နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကော က်ပွဲကော်မရှင်ကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ကော်မရှင် ဥက္ကဋ္ဌအပါအဝင် အနည်းဆုံးအဖွဲ့ဝင် (၅)ဦးကို ခန့်အပ် တာဝန်ပေးနိုင်သည်ဆိုပြီးတော့ တင်ပြထားတာရှိပါတယ်။ ဒါကြောင့် အခုအပိုဒ် (၂) (က) ပုဒ်မ ၃ မှာ လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်နိုင် ရေးအတွက် လည်းကောင်း၊ နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲ

ကော်မရှင်ကိုဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာ တွင် ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အနည်းဆုံး အဖွဲ့ဝင်(၅)ဦးကို ခန့်အပ် တာဝန်ပေးနိုင်သည်ဆိုသော အဆိုကို ဤအဆိုသည်ပြင်ဆင်ချက် ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်ဆိုတဲ့အဆိုကို သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူရှိရင် မတူကြောင်း ပြောနိုင်ပါတယ်။

(သဘောမတူသူမရှိပါ။)

**ဥက္ကဋ္ဌ**။ ။ အဆိုကို သဘောမတူသူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။

အပိုဒ်(၂)၊ (ခ) ပုဒ်မ ၄ ကို အောက်ပါ အတိုင်းအစားထိုးရမည်။ အဆိုမှာ -

ပုဒ်မ ၄ ကော်မရှင် ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များသည် -

(က) အသက်(၅၀)နှစ်ပြည့်ပြီး သူများဖြစ်ရမည်။

(ခ) အသက်ကန့်သတ်ချက်မှ အပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် သတ်မှတ်ထားသည့် အရည်အချင်းများ နှင့် ပြည့်စုံသူဖြစ်ရမည်။

(ဂ) (၁) ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးအဖြစ် ဖြစ်စေ၊ အလားတူ ရာထူး တာဝန်တစ်ခုခုတွင်ဖြစ်စေ အနည်းဆုံး (၅)နှစ် ဆောင်ရွက်ခဲ့သူဖြစ်ရမည် သို့မဟုတ် (၂)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ထက် မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး(၁၀)နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည်၊သို့မဟုတ် (၃) တရားလွှတ်တော်ရှေ့နေ အဖြစ် အနည်းဆုံး(၂၀)နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ် (၄)ထင်ပေါ် ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော် သမ္မတက ယူဆသူဖြစ်ရမည်။

(ဃ) သိက္ခာသမာဓိနှင့် ပြည့်စုံပြီး အတွေ့အကြုံ ရင့်ကျက်သူ ဖြစ်ရမည်။

( င ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များ နှင့်အညီ ငြိစွန်းခြင်းမရှိသူဖြစ်ရမည်။

( စ ) နိုင်ငံတော် နှင့် နိုင်ငံသားများ အပေါ် သစ္စာရှိသူဖြစ်ရမည်။

( ဆ) နိုင်ငံရေးပါတီဝင် မဟုတ်သူဖြစ်ရမည်။

( ဇ ) လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူဖြစ်ရမည်။

( ဈ ) လစာစရိတ် ကြေး ငွေရသော အခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်း မပြုသူဖြစ်ရမည်။

ဒီအပိုဒ်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည် ဆိုတဲ့အဆိုကို လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ။)

သဘောမတူတဲ့ သူမရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ မူလတင်ပြတဲ့ ဥပဒေကြမ်းထဲမှာ ပုဒ်မ ၅ မပါဘူး။

**ဥက္ကဋ္ဌ**။ ။ ယခုပုဒ်မ ၆ နဲ့ပတ်သက်တဲ့အဆိုကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ပုဒ်မ ၆ မှာ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲ ခံရခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် နေရာလစ်လပ်လျှင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဤဥပဒေနှင့်အညီ ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အသစ် ခန့်အပ်တာဝန်ပေးအပ်နိုင်သည် ။ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသော ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည်

ကော်မရှင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်သည်ဆိုတာ မူလပြဋ္ဌာန်းချက် ဖြစ်ပါတယ်။ ယခုတင်ပြချက်က၊ ပုဒ်မ ၆ (က)ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဤဥပဒေနှင့်အညီ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အသစ်ခန့်အပ် တာဝန်ပေးအပ်နိုင်သည်။ ဒီနေရာမှာ ထို သို့ ခန့်အပ်တာဝန်ပေးခြင်းခံရသော ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ကော်မရှင်၏ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်သည်ဆိုတာကို ပြင်ဆင်ချက်မှာ ဖြုတ်ထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့သက်တမ်းဖြုတ်လို့ရှိရင် လက်ရှိခန့်အပ်တဲ့သူတွေကို တစ်သက်လုံးထားရမယ့်ကိစ္စမျိုး ဖြစ်နေပါတယ်။ ဒါကြောင့် မူလ ပုဒ်မအတိုင်း အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

အဆိုမှာ ပုဒ်မ ၆ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ ၊ တာဝန်မှ ရပ်စဲခံရ ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ်အဖွဲ့ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဤဥပဒေ နှင့်အညီ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အသစ်ခန့်အပ် တာဝန်ပေးနိုင်သည်။ ထိုသို့ ခန့်အပ် တာဝန်ပေးခြင်းခံရသော ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ကော် မရှင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်စေရမည် ဆိုတဲ့အဆိုကို လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ဒီအဆိုကို သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဒီအဆိုကို သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ။)

သဘောမတူတဲ့ သူမရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။

ပုဒ်မ ၇ ကို ဆက်လက် ဆောင်ရွက်မှာဖြစ်ပါတယ်။ ပုဒ်မ ၇ မှာ -

မူလပြဋ္ဌာန်းချက် ဖွဲ့စည်းထားသော ကော်မရှင်၏သက်တမ်းသည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပြီး ဖြစ်သည်အထိဖြစ်သည်။ အသစ်ပြင်ဆင်ထားတဲ့အထဲမှာ ဒီအချက် လုံးဝမပါဘဲနဲ့ ပုဒ်မ ၇ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးအား စွပ်စွဲပြစ်တင်လိုလျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၄၀၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်ဆိုပြီးတော့ ပြင်ထားတာဖြစ်ပါတယ်။ မူလက ဒီလို စွပ်စွဲပြစ်တင်ခြင်း မပါတာက အပြစ်ရှိသည်ဖြစ်စေ ၊ မရှိသည်ဖြစ်စေ လိုအပ်တဲ့အချိန်မှာ နိုင်ငံတော်သမ္မတသည် ကော်မရှင် အသစ်ကို ခန့်အပ်လိုက်လို့ရှိရင် လက်ရှိကော်မရှင်သည် တာဝန်မှရပ်စဲပြီးဖြစ်ရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲကာလက ဆောင် ရွက်သွားတဲ့ ကော်မရှင်ကို ပြီးခဲ့တဲ့ ပထမ အကြိမ် ပြည်ထောင်စုလွှတ်တော်မှာ အသစ်ဖွဲ့စည်းလိုက်တဲ့အခါမှာ ရပ်စဲသွားတဲ့ သဘော တရား အတိုင်းပဲ ဖြစ်ပါတယ်။ ဒါကိုဖြုတ်လိုက်လို့ရှိရင် ဒီကော်မရှင်ကို ရပ်စဲလို့မရဘဲနဲ့ ဒီကော်မရှင် ပဲ ဆက်လက်ဆောင်ရွက်သွားမယ့် အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူလပုဒ်မအတိုင်းကို ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်းအတည်ပြုချက် ရယူမှာဖြစ်ပါတယ်။

အဆိုမှာ ပုဒ်မ ၇ ဖွဲ့စည်းထားသော ကော်မရှင်၏ သက်တမ်းသည် နိုင်ငံတော် သမ္မတက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းပြီးသည်အထိ ဖြစ်သည်ဆိုသည့် ပုဒ်မသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်ဆိုတဲ့ အဆိုနဲ့ ပတ်သက်လို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ။)

သဘောမတူတဲ့ သူမရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။

ပုဒ်မ ၈ ကို ဆက်လက် ဆောင်ရွက်ပါမယ်။ ပုဒ်မ ၈ ကို -

ဥပဒေကြမ်းကော်မတီရဲ့ အကြံပြုချက် ပုဒ်မ ၈ ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပြင်ဆင်ဖြည့်စွက်ရန် ပြဋ္ဌာန်းထားသည့် အဆိုပြုချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၉၆ ပါ တာဝန်လုပ်ပိုင်ခွင့် များကို ပုဒ်မခွဲ (ည) အဖြစ် ဖြည့်စွက် ရေးသားထားကြောင်း တွေ့ရှိရ၍ ရွေးကောက်ပွဲ ကော်မရှင်၏ ပြင်ဆင်သည့် ပြဋ္ဌာန်းချက်မှာ လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါသည် ဆိုပြီးတော့ တင်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့် ပြင်ဆင်ချက်ဥပဒေမူကြမ်းပါအတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။ အဆိုမှာ ပုဒ်မ ၈ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း။

(ခ) လွှတ်တော်ရွေးကောက်ပွဲများကိုကြီးကြပ်ခြင်းနှင့်ကြီးကြပ်စေခြင်း။

(ဂ) ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုဖွဲ့စည်းခြင်း၊ဖွဲ့စည်းစေခြင်း၊ကြီးကြပ်ခြင်းနှင့်ကြီးကြပ်စေခြင်း။

(ဃ) မဲဆန္ဒနယ်များ သတ်မှတ်ခြင်း နှင့် ပြင်ဆင်သတ်မှတ်ခြင်း။

(င) မဲစာရင်းများပြုစုခြင်း၊ ပြုစုစေခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြင်ဆင်စေခြင်း။

(စ) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်း။

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်အသိအမှတ်ပြုလွှာထုတ်ပေးခြင်း။

(ဇ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲ ခုံအဖွဲ့များ ဖွဲ့စည်းခြင်း။

(ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၆၊ ပုဒ်မခွဲ(ဇ)အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံထားရ၍ ယင်းသို့ရွေးချယ်ခံထားရသည့်ပုဂ္ဂိုလ်နှင့်ပတ်သက်၍ကန့်ကွက်

ချက်များရှိပါက ယင်းကန့်ကွက်ချက်များကို စစ်ဆေးဆုံးဖြတ် ပေးနိုင်ရေးအတွက် ရွေးကောက်ပွဲ ခုံအဖွဲ့များ ဖွဲ့စည်းခြင်း။

(ည) ဒါအသစ်ထပ်တိုးတဲ့အပိုဒ် ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆၊ ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ လွှတ်တော် ကိုယ်စားလှယ် တစ်ဦးဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုကြောင်း သက်ဆိုင်ရာမဲဆန္ဒနယ်၏မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး(၁)ရာခိုင်နှုန်းတို့က ကော်မရှင်သို့ တင်ပြလာလျှင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ(ဂ)(ဃ)(င)တို့နှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်း။

( ဋ ) ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အတွက် ရန်ပုံငွေခွဲဝေချထားခြင်း၊ အသုံးစရိတ်များကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း။

ဒီအချက်နှင့် ပတ်သက်ပြီးတော့ ဒီအဆိုမှာ ပြင်ဆင်ချက် ဥပဒေကြမ်းရဲ့အစိတ်အပိုင်း ဖြစ်သင့်သည်ဆိုတဲ့ အဆိုကို လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအဆိုနဲ့ပတ်သက်ပြီး-

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ။)

သဘောမတူသူ မရှိတဲ့ အတွက် အဆိုအတည်ဖြစ်တယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမြညိမ်း ပုဒ်မ ၁၂ က ဒီမှာ ပြင်ဆင်ထားတာ မရှိဘူး။ ပုဒ်မ ၁၂ ကို ပြင်ဆင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အဆိုပြုထားချက်သည် လက်ရှိပြဋ္ဌာန်းချက်၏ အနှစ်သာရနှင့် တူညီနေသည့်အတွက် လက်ရှိ ပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ပါသည်။ သူတို့ ဥပဒေကြမ်းမှာ ၁၂ မပါဘူး။ ၅ လည်း မပါဘူး။ စကားရပ်များ အစားထိုးခြင်း ဥပဒေနှင့် အကျုံးဝင်ခြင်း မရှိဘူး လား။ ဒီ မှာ ပေးထားတဲ့ Copy မှာ မပါဘူး ဖြစ်နေတယ်။ ၅ နဲ့ ၁၂ ခင်ဗျားတို့ဆီမှာရတာ ပါလား။ ဇယားမှာလည်း မတွေ့ဘူး။ ပြင်တယ်ဆိုရင် ရေးရမှာပေါ့။ ၅ ရယ်၊ ၁၂ ရယ်၊ နိဒါန်းရယ် ဒီထဲမှာ ရေးမထားဘူး။ မပါဘူး။ ခင်ဗျားတို့ ကန့်ကွက်စရာ ရှိလား။ ဘာမှ ပြင်မထားဘူး။ မပြင်လည်း ပြဿ နာမရှိဘူး။ လွှတ်တော်ကို တင်တဲ့အထဲမှာ မပါဘူး။ မူလတင်

တုန်းက ခင်ဗျားတို့က မညှိနှိုင်းခင်က တင်တာကိုး။ ညှိနှိုင်းပြီးမှ တင်တဲ့ဟာက လွှတ်တော်ကို ရောက်လာတာမပါဘူး။ အဲဒီကိစ္စကို ဆုံးဖြတ်စရာမလိုဘူး။ မူလပြဋ္ဌာန်းတဲ့အတိုင်း ထားလိုက်ရုံပေါ့။

**ဦးအောင်မြင့် (အဖွဲ့ဝင်၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**   ။ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၅ ရဲ့ မူရင်းစာသားကတော့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထံ စာဖြင့်တင်ပြပြီး နုတ်ထွက်နိုင်သည်ဆိုတာ ပါပါတယ်။ ဥက္ကဋ္ဌကြီးပြောသလို စကားရပ် အစားထိုး တာကတော့ ထိုးထားပြီးသား ၂၀၁၁ ခုနှစ် စကားရပ်အစားထိုး ဥပဒေအရ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစား နိုင်ငံတော်သမ္မတ အဖြစ် အစားထိုးထားပြီးသား ဖြစ်ပါ တယ်။ သို့သော် ကျွန်တော်တို့အနေနဲ့ တင်ပြလိုတာက ဒီမှာ ပြင်ဆင်တဲ့ဥပဒေကို ပြဋ္ဌာန်းမှာဖြစ်တဲ့ အတွက်ကြောင့် ဥပဒေအသစ်မှာ တစ်ခါတည်းပဲ တစ်ခြားပုဒ်မတွေကို ပြင်တဲ့နေရာမှာ ဒီပုဒ်မ ကိုပါ တစ်ခါတည်း ပြင်လိုက်ရင်တော့ သင့်မြတ်မယ်လို့ ယူဆကြောင်းတင်ပြပါတယ်။

**ဥက္ကဋ္ဌ**။   ။ဟုတ်တယ်လေ။ သင့်မြတ်လို့ရှိရင် လွှတ်တော်ကိုတင်တဲ့အခါ ပါလာရ မှာပေါ့။ အခု မပါဘူး။ နိဒါန်းလည်း မပါဘူး။   ၅ လည်း မပါဘူး။   ၁၂ လည်း မပါဘူး။ နိဒါန်းမပြင်လည်း ပြဿနာမရှိဘူး။   ၅ မပြင်လည်း ပြဿနာမရှိဘူး။ လွှတ်တော်ကို တင်တဲ့ အထဲမှာ ပါကို မပါဘူး။ လွှတ်တော်ကို တင်တဲ့အထဲမှာ နိဒါန်းပြင်ဆင်ချက် မပါဘူး။ ဟုတ်တယ် နော်။ မူလတင်တုန်းက ခင်ဗျားတို့နှင့် မညှိနှိုင်းရသေးခင် တင်တာကိုး။ ညှိနှိုင်းပြီးကော ပြန်တင်တဲ့ဥစ္စာ ကျွန်တော်တို့ဆီ ရောက်လာတာကို ဒါလွှ   တ်တော်ကို တင်တဲ့ဟာ မပါဘူး။ အဲဒီကိစ္စကို ဆုံးဖြတ်စရာမလိုဘူး။ မူလတင်တဲ့အတိုင်း ထားလိုက်ရုံပဲ ရှိတာပေါ့။ ဟုတ်ပြီနော်။

**ဥက္ကဋ္ဌ**။   ။   ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း တစ်ပိုဒ်ချင်း အတည်ပြုပြီးပါပြီ။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

ပြင်ဆင်တဲ့ဥပဒေမူကြမ်းကို အတည်ပြုဖို့အတွက် လွှတ်တော်ရဲ့ သဘောထားကို ရယူပါမယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့်   ဥပဒေမူကြမ်းဟာ လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် ဤပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းဟာ အတည်ဖြစ်ပါတယ်။ (သြဘာသံများ)

ဆက်လက်ပြီးတော့ အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းကို စဉ်းစား ဆွေးနွေးမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။ အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ အတွင်းရေးမှူးက ဖတ်ကြားရှင်းလင်းမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးက အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၃း၄၄။**

**ဦးစံထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု ဝန်ကြီးများ နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစံထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ အစီရင်ခံတင်ပြ မှုဟာ မိနစ်(၂၀)ကျော်မှာ ဖြစ်လို့ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးစံထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) ။** ။အလုပ်သမားဝန်ကြီးဌာနမှ အမျိုးသားလွှတ်တော်သို့ အဆိုပြုတင် ပြလာတဲ့ အလုပ်သမားအဖွဲ့အစည်း ဥပဒေ (မူကြမ်း)ကို မိမိတို့ ဥပဒေကြမ်းကော်မတီမှ ၇-၈-၂၀၁၁ ရက်နေ့တွင် လက်ခံရရှိပြီး ဥပဒေကြမ်း ကော်မတီ အနေနဲ့ ၈-၈-၂၀၁၁၊ ၉-၈-၂၀၁၁၊ ၁၀-၈-၂၀၁၁ နှင့် ၁၁-၈-၂၀၁၁ ရက်များမှာ အစည်းအဝေးထိုင် လေ့လာစိစစ်ခဲ့ပါတယ်။ အခန်း (၁၄)ခန်း၊ ပုဒ်မပေါင်း(၅၆)ခု ပါဝင်ပါတယ်။ ဥပဒေမူကြမ်းကို ကော်မတီမှ လေ့လာစိစစ်ကြည့်တဲ့အခါ တချို့ရေးသားထားချက်များဟာ မြန်မာသဒ္ဒါရေးထုံးနဲ့

ကိုက်ညီရန် လိုအပ်သကဲ့သို့ ဥပဒေရေးထုံးနဲ့လည်း ညီညွတ်စေရန် လိုအပ်တာကို တွေ့ရှိရပါတယ် ။ တချို့ အရေးအသားများ ကတော့ လိုရင်းအဓိပ္ပာ ယ်ကို ပိုမို ပြည့်စုံ ရှင်းလင်းစွာရေးသားရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ အဲ ဒါကြောင့် ကော်မတီအနေနဲ့ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ ကို အစည်းအဝေးခေါ်ယူကာ တွေ့ရှိ ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ မိမိတို့ဥပဒေကြမ်း ကော်မတီအနေနဲ့ အလုပ်သမားဝန်ကြီးဌာ နမှ ဒုတိယဝန်ကြီးနဲ့ အဖွဲ့တို့ဟာ ၁၂-၈-၂၀၁၁ ရက်နဲ့ ၁၆-၈-၂၀၁၁ ရက်တို့မှာ နှစ်ကြိမ်တိုင် တွေ့ဆုံညှိနှိုင်းပြီး အပြန်အလှန် ဆွေးနွေးမှုများ ၊ လိုအပ်တာ များကို ပြင်ဆင်ဖြည့်စွက်ခဲ့ပါတယ်။ ညှိနှိုင်းပြင်ဆင်ဖြည့်စွက်ပြီးတဲ့အခါ ဥပဒေမူကြမ်းဗုဒ်မ(၅၈)ခု ရှိလာပြီး၊ ပုဒ်မ(၂)ခု တိုးလာပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို ဦးစွာဖတ်ကြား တင်ပြသွား မှာဖြစ်ပါတယ်။

နိဒါန်း(၁) ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ(၇)ရက် ရက်စွဲပါ စာအမှတ်၊ ၁/ပထ/(ကော်မတီ)၁/၂၀၁၁-၅ ဖြင့် အလုပ်သမားဝန်ကြီးဌာန၏ အလုပ်သမား အဖွဲ့အစည်းများ ဥပဒေမူကြမ်း ကို အမျိုး သားလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ များနှင့်အညီ စတင် ဆွေးနွေးဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါသည်။ ယင်း ဥပဒေမူကြမ်းတွင် အခန်း (၁၄)ခန်းနှင့် ပုဒ်မပေါင်း(၅၆)ခု ပါဝင်ပါသည်။ အလုပ်သမား ဝန်ကြီး ဌာနမှ တင်ပြလာသော အလုပ်သမားအဖွဲ့အစည်းများ ဥပဒေမူကြမ်းကို လေ့လာစိစစ်ခြင်း။

လေ့လာစစ်ဆေးတွေ့ရှိချက်များ။ (၂) အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီသည် အလုပ်သမားအဖွဲ့အစည်းများ ဥပဒေမူကြမ်းကို လေ့လာစိ စစ်ရာ၌ ယေ ဘုယျအားဖြင့် အောက်ပါအတိုင်း လေ့လာစိစစ်တွေ့ရှိပါသည်။ (က) နိုင်ငံတော်၏ ပြောင်းလဲလာသော ခေတ်စနစ် အခြေအနေများအရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ ညှိနှိုင်းတိုက်တွန်းချက်များအရလည်းကောင်း၊ အလုပ်သမားအချင်းချင်းကြား အလု ပ်သမားနှင့် အလုပ်ရှင်ကြားပေါ်ပေါက်လာသော ပြဿနာများကို အလုပ်သမားများကိုယ်တိုင် အ ဖွဲ့အစည်း များဖွဲ့၍ နည်းလမ်းတကျ စည်းကမ်းရှိရှိ ပါဝင်ဆောင်ရွက်နိုင်ရန် ဤဥပဒေမူကြမ်းကို တင်ပြခြင်း ဖြစ်ကြောင်းတွေ့ရှိရပါသည်။ (ခ) ဤဥပဒေမူကြမ်း၌ အချို့ရေးသားထားသော ပြဋ္ဌာန်းချက်များသည် တည်ဆဲအခြားဥပဒေများ၏ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် အလေးထားပြီး ပြန်လည်ပြင်ဆင် ရေးသားသင့်ကြောင်း တွေ့ရှိရပါသည်။ (ဂ) အချို့ရေးသားထားသော ပုဒ်မများ၌ မြန်မာစာ သဒ္ဒါရေးထုံးနှင့်လည်းကောင်း၊ ဥပဒေရေးထုံးနှင့်လည်းကောင်း၊ ညီညွတ်စေရန် ပြင်ဆင်ရမည့်

ရေးသားချက်များ ပါရှိသည်ကိုလည်း တွေ့ရှိရပါသည်။ (ဃ) အချို့ပုဒ်မများကို ရေးသား ထားရာ၌ လိုရင်းအဓိပ္ပာယ်ကို ပြည့်စုံရှင်းလင်းစွာမဖော်ဆောင်နိုင်သည်ကိုလည်းတွေ့ရှိရပါသည်။ (င) အချို့သောစကားရပ်များ၏ အဓိပ္ပာယ်ဖော်ပြရမည် ဖြစ်သော်လည်း ပြည့်စုံစွာ မဖော်ပြနိုင် သည်ကိုလည်း တွေ့ရှိရပါသည်။ အဓိကပြင်ဆင်ဖြည့်စွက်ချက်များ။ (၃) ယင်းစိစစ်တွေ့ရှိချက်များ အပေါ် အခြေခံ၍ အလုပ်သမားဝန်ကြီးဌာနနှင့် အသေးစိတ်ညှိနှိုင်းရာ ပြန်လည်ပြင်ဆင်ဖြည့်စွက် သင့်သည်များကို သဘောတူညီခဲ့ပါသည်။ ပုဒ်မအလိုက် ညှိနှိုင်းပြင်ဆင် ဖြည့်စွက်ရေးသားမည့် အချက်များကိုသီးခြားဇယားဖြင့် ရှင်းလင်းသွားမှာဖြစ်ပါတယ်။ အဓိကပြင်ဆင်ဖြည့်စွက်ချက်များကို အောက်ပါအတိုင်း ကောက်နှုတ်တင်ပြအပ်ပါသည်။ (က) ဥပဒေ၏အမည်ကို မူလအလုပ်သမား အဖွဲ့အစည်းများ ဥပဒေအစား အလုပ်သမား အဖွဲ့အစည်းဥပဒေဟု ပြင်ဆင်အစားထိုးခဲ့ပါသည်။ (ခ) ဥပဒေ၏ ရည်ရွယ်ချက်နှင့် အနှစ်သာရများကို ပို မိုပေါ်လွင်စေရန် အောက်ပါအတိုင်း ရည်ရွယ်ချက်များကို သီးခြားဖြည့်စွက် ဖော်ပြခဲ့ပါသည်။ (၁) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အနှစ်သာရများနှင့်အညီ အလုပ်သမား အဖွဲ့အစည်းများ လှုပ်ရှားဆောင်ရွက်နိုင်စေရန်။ (၂) နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ၌ အလုပ်သမားများအနေဖြင့် တက်ကြွစွာပါဝင်လာ စေရန်။ (၃) အလုပ်သမားထုအတွင်း ညီညွတ်မှုရှိစေရန်။ (၄) အလုပ်သမားနှင့် အလုပ်ရှင်အကြား အငြင်းပွားမှုလျော့နည်းပြီး သဟဇာတ ဖြစ်စေရန်။ (၅) အလုပ်သမားထုအတွင်း ဒီမိုကရေစီ အလေ့အကျင့်များ ရရှိစေရန်။ (ဂ) စကားရပ်များ၏ အဓိပ္ပာယ်ကိုဖော်ပြရာ၌ ဝါဏိဇ္ဇ ပဋိပက္ခ၏ အဓိပ္ပာယ်ကို ဖော်ညွှန်းသင့်ပါသဖြင့် ယင်းစကားရပ် အဓိပ္ပာယ်ဖော်ပြချက်ကို ထပ်မံထည့်သွင်း ခဲ့ပါသည်။ (ဃ) အလုပ်သမားအဖွဲ့အစည်းများ၏ဖွဲ့စည်းခြင်းအခန်း၌အလုပ်သမားအဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရှိသည့် အသက်အရွယ်ကို အခြားတည်ဆဲဥပဒေများနှင့် ညီညွတ်စေရန် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေ အသီးသီးရှိ သတ်မှတ်ထားသော အသက်အရွယ်ရှိသည့် အလုပ်သမားဟူသော စကားရပ်ကို အစားထိုး ပြင်ဆင်ခဲ့ပါသည်၊ (င) အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အခန်း၌ အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို ရှင်းလင်း လေးနက်စေရန်အတွက် အပိုဒ်ခွဲများခွဲ၍ ပြန်လည် ပြင်ဆင် ရေးသားခဲ့ပါသည်။ (စ) ရန်ပုံငွေ ထူထောင်ခြင်းနှင့် သုံးစွဲခြင်းအခန်း၌နိုင်ငံတော်အစိုးရ၏ ပေးအပ်သော ကူညီထောက်ပံ့မှုများတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ အခန်း ကဏ္ဍပါစေရေးအတွက် ပြည်ထောင်စုအစိုးရ နှင့်

တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့က ပေးအပ်ရသော ကူညီ ထောက်ပံ့မှုများတွင် ငွေကြေးပါဝင်ပါက ယင်းကို ရန်ပုံငွေထဲသို့ ထည့်သွင်းရေးဆွဲရမည်ဟု ဖြည့်စွက်ရေးသားစေခဲ့ပါသည်။

**ဥက္ကဋ္ဌ**။ ။ အဲဒီအပိုဒ်နဲ့ ပတ်သက်ပြီးတော့ တိုင်းဒေသကြီး /ပြည်နယ်အစိုးရတွေ ပါလာမယ်ဆိုရင် အခြားအခြားသော ဥပဒေတွေပါ သွားပြီးပြင်ဆင်ရမယ့် အနေအထားလည်း ရှိနေတယ်။ နောက် တစ်ခုက ဒီလိုအလုပ်သမားအစည်းအရုံး တွေကို ကူညီတာ ပြည်ထောင်စု အစိုးရက ကူညီတာနဲ့လုံလောက်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အ စိုးရတို့ရဲ့ ဥပဒေပြဋ္ဌာန်းပိုင်ခွင့်မှာလည်း အလုပ်သမားကိစ္စ ပါဝင်ခြင်းမရှိတဲ့အတွက် ဒီနေရာမှာ ပြည် ထောင်စုအစိုးရက ပေးအပ်ရသော ကူညီထောက်ပံ့မှုများတွင် ငွေကြေးပါဝင်ပါက ယင်းကို ရန်ပုံငွေထဲသို့ ထည့်သွင်းရေးဆွဲရမယ်ဆိုရင် လုံလောက်ပါတယ်။ (စ) တားမြစ်ချက်များအခန်း၌ သီးခြားပုဒ်မအဖြစ် အလုပ်ရှင်သည် ငွေကြေး သို့မဟုတ် အခြားနည်းဖြင့် ၎င်း၏ လွှမ်းမိုးမှု သို့မဟုတ် ထိန်းချုပ်မှုဖြင့် အလုပ်သမားအဖွဲ့အစည်းများ တည်ထောင်ခြင်း သို့မဟုတ် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းပြုရန် ရည်ရွယ်သည့် မည်သည့် လုပ်ကိုင်ဆောင်ရွက်ခြင်းမျှ မပြုရဟု ပြောင်းလဲဖြည့်စွက်ရေးသားခဲ့ပါသည်။ (ဆ)တားမြစ်ချက်အခန်း၌ ဆန္ဒပြခြင်း မပြုရသည့် အများပြည်သူနေရာများ၌ ဆေးရုံ စာသင်ကျောင်း၊ သာသနိကအဆောက်အဦတို့ကို ထပ်မံဖြည့်စွက်ခဲ့ပါသည်။(ဇ) အထွေထွေအခန်း၌ ပြည်ထောင်စုအစိုးရသည် အလုပ်သမားအဖွဲ့ အစည်း၏ ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်သည့် အသုံးအနှုန်းပါသော ပုဒ်မကို အောက်ပါအတိုင်း ပြည်ထောင်စုအစိုးရသည် အလုပ်သမားအဖွဲ့အစည်းအား သင့်လျော်သလို ကူညီပေးနိုင်သည်။ အလုပ်သမားအဖွဲ့အစည်း၏ ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ကိုလည်း အလေးထားရမည်ဟု ပြင်ဆင်ခဲ့ပါသည်။ (ဈ) အထွေထွေအခန်း၌ပင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အလုပ်သမားဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ စည်းမျဉ်းစည်းကမ်း အမိန့်ကြော် ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်ဟု ရေးသားထားရာ ယင်းရေးသား ချက်အား အလုပ်သမားဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ တူညီချက်ဖြင့် ထုတ် ပြန်နိုင်သည်ဟုလည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် လိုအပ်သောအမိန့် ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်ဟုလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၇ အရ ပြင်ဆင်ရေးသားခဲ့ပါသည်။ ဝန်ကြီးဌာနမှ ကနဦး ပေးပို့ထားသော ဥပဒေကြမ်းနှင့် ဥပဒေကြမ်းကော် မတီမှ ပြင်ဆင်အကြံပြုချက်များ

အသေးစိတ်ကို နှိုင်းယှဉ်ထားသည့် ဇယားအား Slide Show ဖြင့် ရှင်းလင်းတင်ပြသွားပါမယ်။ ခေါင်းစဉ်ကြီးပိုင်း အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့် ဥပဒေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စု လွှတ်တော် အလုပ်သမားအဖွဲ့အစည်းများဥပဒေ။ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အကြံပြုချက် ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော် အလုပ်သမားအဖွဲ့အစည်းဥပဒေ ရှင်းလင်းချက် ဥပဒေရေးထုံးအရ ဗဟုဝုစ်အစား ဧကဝုစ်သာ အသုံးပြုရသဖြင့် ဥပဒေအမည်ပါ "များ" ဟူသော စာသားအား ဖြုတ်သင့်၍ ပြင်ဆင်ခြင်း ဖြစ်ပါသည်။ နိဒါန်းပိုင်း ။ ပြင်ဆင်ချက်။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄ နှင့်အညီ အလုပ်သမား၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက် ရန်လည်းကောင်း၊ အလုပ်သမားများအကြား အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေး ကောင်းမွန်စေရန်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်လည်းကောင်း ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် အကြံပြုချက် ။ နိဒါန်း ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၄ နှင့်အညီ အလုပ်သမား များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်လည်းကောင်း ၊ အလုပ်သမားအချင်းချင်း အကြား၊ အလုပ်ရှင်နဲ့ အလုပ်သမားအကြား ဆက်ဆံရေး ကောင်းမွန်စေရန်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းများကိုစနစ်တကျနှင့် လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်လည်းကောင်း ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ မြန်မာသဒ္ဒါ ရေးထုံးရှင်းလင်းချက် မြန်မာသဒ္ဒါရေးထုံး နှင့် ညီညွတ်စေရန် ပြင်ဆင်ခြင်း ဖြစ်ပါသည်။ အခန်း(၁)၊ ပုဒ်မ ၁ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ။ ဤဥပဒေကို အလုပ်သမားအဖွဲ့အစည်းများ ဥပဒေဟုခေါ်တွင်စေရမည်။ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အကြံပြုချက် ဤဥပဒေကို အလုပ်သမားအဖွဲ့အစည်းဥပဒေဟုခေါ်တွင်စေရမည်။ "များ"စကားလုံးကိုဖြုတ်ခြင်းဖြစ်ပါသည်။

ရှင်းလင်းချက်။ ။ အခန်း(၁)၊ ပုဒ်မ ၂(က) အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ။ အလုပ်သမားဆိုသည်မှာနေ့စားအလုပ်သမားယာယီအလုပ်သမား၊ စိုက်ပျိုးရေးအလုပ်သမား၊အိမ်အကူအလုပ်သမားအစိုးရဝန်ထမ်း၊ အလုပ်သင်တို့အပါအဝင် စီးပွားရေးလုပ်ငန်း

တစ်ခုတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ၊ မိမိ၏လုပ်အားအပေါ် အားကိုးအားထားပြု လုပ်ကိုင်နေသူကိုဆိုသည်။ သို့ရာတွင် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သို့မဟုတ် တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့အစည်းဝင် တို့ မပါဝင်စေရ။ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အကြံပြုချက် ။ အလုပ်သမားဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီ အလုပ်သမား၊ စိုက်ပျိုးရေးအလုပ်သမား၊ အိမ်အ ကူအလုပ်သမား၊ အစိုးရဝန်ထမ်း၊ အလုပ်သင်တို့အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ၊ မိမိ၏လုပ်အားအပေါ် အားကိုးအားထားပြု လုပ်ကိုင် နေသူကိုဆိုသည်။ ယင်းစကားရပ်၌ တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သို့မဟုတ် တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့အစည်းဝင်တို့မပါဝစ် ရှင်းလင်းချက်၊ မူလရေးသားချက်မှာ ဥပဒေရေးထုံးအရ မှားယွင်းနေပါသဖြင့် ဥပဒေရေးထုံးနှင့်အညီ ညီညွတ်စေရန် ပြင်ဆင်ခြင်းဖြစ်ပါသည်။

အခန်း(၁)၊ ပုဒ်မ ၂(ခ)။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ ။ အလုပ်ရှင်ဆိုသည်မှာ လုပ်ငန်းတစ်ခုတွင် အလုပ်အကိုင်ဆိုင်ရာ သဘော တူညီချက်အရ နှစ်ဦးနှစ်ဖက်သဘောတူညီသော အခကြေးငွေ ဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားကို လုပ်ခပေးရန် တာဝန်ရှိသူနှင့် အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်ကိုဆိုသည်။ လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အကြံပြုချက် အလုပ်ရှင်ဆိုသည်မှာ လုပ်ငန်းတစ်ခုတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဦးနှစ်ဖက်သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမား တစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားကို လုပ်ခပေးရန်တာဝန် ရှိသူကို ဆိုသည်။ ယင်းစကားရပ် များတွင် အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်လည်း အကျုံးဝင်သည်။ ရှင်းလင်းချက်၊ အလုပ်ရှင်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင်ပါရှိသော ကိုယ်စားလှယ်ကို ဝါကျတစ်ကြောင်း သီးခြားခွဲထုတ်၍ ဥပဒေရေးထုံးနှင့်အညီ ရှင်းလင်းစေရန် ပြင်ဆင်ခြင်းဖြစ်သည်။ အခန်း(၁)၊ ပုဒ်မ ၂(ဂ)။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့် ဥပဒေ။ လုပ်ငန်းဆိုသည်မှာ ပြည်ထောင်စုသမ္မ တမြန်မာနိုင်ငံတော် အတွင်းရှိ နိုင်ငံပို င် သို့မဟုတ် ပုဂ္ဂလိက စက်ရုံ ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့် ယင်းတို့၏

ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်မှုလုပ်ငန်း ၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်း၊ စက်မှုလက် မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ သို့မဟုတ် အခြားအသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများလည်း ပါဝင်သည်။ လွှတ်တော်ဥပဒေ ကြမ်းကော်မတီ၏ ပြင်ဆင်အကြံပြုချက်။ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ နို ငံပိုင် သို့မဟုတ် ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့် ယင်းတို့၏ ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်မှု လုပ်ငန်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်မှုလုပ်ငန်း၊ ဝန်ဆောင်မှု လုပ်ငန်း သို့မဟုတ် အခြားအသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ ပါဝင်သည်။ ဤဥပဒေကြမ်းပါ ပုဒ်မ ၃(ခ)၊ ပုဒ်မ ၄၊ ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၅ တို့တွင် လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုဟု သုံးထားသဖြင့် အဓိပ္ပာယ်ဖွင့် ဆိုရာ၌လည်း လုပ်ငန်းတစ်ခုတည်းသာ ဖွင့်ဆို ထားရာ လုပ်ဆောင်မှုကိုပါ အသစ်ထပ်မံ အဓိပ္ပာယ်ဖွင့်ဆိုရန် အကြံပြုခဲ့ခြင်းဖြစ်ပါသည်။

အခန်း (၁)၊ ပုဒ်မ ၂(စ)။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ ။ အလုပ်ပိတ်ခြင်းဆိုသည်မှာ အလုပ်ရှင် အလုပ်သမား အငြင်းပွား မှုတစ်ခုခုတွင် ညှိနှိုင်း၍ မရတော့သည့် အခြေအနေနှင့် ဆက်နွယ်၍ အလုပ်ရှင်က လုပ်ငန်းတစ်ခုခု၏ အလုပ်လုပ်သော နေရာကို ယာယီပိတ်ခြင်း၊ အလုပ်ကို ခေတ္တရပ်ဆိုင်းထားခြင်း သို့မဟုတ် အလုပ်ခွင်ရှိ အလုပ်သမား များအား ဆက်လက် အလုပ်လုပ်ခွင့် မပြုခြင်းကို ဆိုသည်။ လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အကြံပြုချက်။ အလုပ်ပိတ်ခြင်းဆိုသည်မှာ အလုပ်ရှင်အလုပ်သမား အငြင်းပွားမှုတစ်ခုခုတွင် ညှိနှိုင်း၍ မရနိုင်သည့်အခြေအနေ၌ အလုပ်ရှင်က လုပ်ငန်းတစ်ခုခု၏ အလုပ်လုပ်သောနေရာကို ယာယီပိတ်ခြင်း၊ အလုပ်ကို ခေတ္တဆိုင်းထားခြင်း သို့မဟုတ် အလုပ်ခွင်ရှိ အလုပ်သမားများအား ဆက်လက်အလုပ်လုပ်ခွင့် မပြုခြင်းကိုဆိုသည်။ ရှင်းလင်းချက် ။ ဥပဒေရေးထုံးနှင့် မြန်မာစာ သဒ္ဒါရေးထုံးနှင့်အညီ ပြင်ဆင်ခြင်းဖြစ်သည်။

အခန်း(၁)၊ ပုဒ်မ ၂(ဆ)။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ။ အလုပ်ပိတ်မှောက်ခြင်း ဆိုသည်မှာ အလုပ်ရှင်နှင့်အလုပ်သမား ညှိနှိုင်း၍မရနိုင်သည့် အခြေအနေတွင်ရှိသော လူမှုရေး သို့မဟုတ် အလုပ် အကိုင်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အလုပ်သမားအချို့ကဖြစ်စေ ၊

အားလုံးကဖြစ်စေ၊ ဆုံးဖြတ်၍ အလု ပ်ရပ်ဆိုင်းခြင်း၊ အလုပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ဆက်လက်လုပ်ကိုင်ရန်ဖြစ်စေ၊ ငြင်းဆန်ခြင်း အလုပ်နှေး ှောင့်နှေးစေရန် ပြုလုပ်ခြင်း သို့မဟုတ် အများစုသဘောတူညီမှုဖြင့် ထုတ်လုပ်မှုကိုဖြစ်စေ ဝန်ဆောင်မှုကိုဖြစ်စေ ထိခိုက်ကျဆင်းစေသည့် စုပေါင်းလုပ်ဆောင်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် အလုပ်သမားများ၏ အသက် သို့မဟုတ် ကျန်းမာရေးအပေါ် ရုတ်ချည်းပြင်းထန်စွာ အန္တရာယ်ကျရောက်မည်ဟု ယုတ္တိတန်စွာ ယုံကြည်သည့်အကြောင်းကြောင်းကြောင့် အလုပ်ခွင်မှထွက်ခွာသွားရန် ၄င်းတို့၏ အခွင့်အရေးကို ကျင့်သုံးခြင်းမပါဝင်။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အကြံပြုချက် ။ သပိတ်မှောက်ခြင်းဆိုသည်မှာ အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုတစ်ခုခုတွင် ညှိနှိုင်း၍ မရနိုင်သည့်အခြေအနေ၌ လူမှုရေး သို့မဟုတ် အလုပ်အကိုင်ဆိုင်ရာ ကိစ္စများ နှင့်စပ်လျဥ်း၍ အလုပ်သမားအချို့က ဖြစ်စေ၊ အားလုံးကဖြစ်စေ ဆုံးဖြတ်၍ အလုပ်ရပ်ဆိုင်းခြင်း၊ အလုပ် လုပ်ကိုင်ရန်ဖြစ်စေ၊ ဆက်လက်လုပ်ကိုင်ရန်ဖြစ်စေ ငြင်းဆန်ခြင်း၊ အလုပ်နှောင့်နှေးစေရန် ပြုလုပ်ခြင်း သို့မဟုတ် အလုပ်သမားအများစုသဘောတူညီမှုဖြင့် ထုတ်လုပ်မှုကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ ထိခိုက်ကျဆင်းစေသည့် စုပေါင်းလုပ်ဆောင်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် အလုပ်သမား များ၏အသက် သို့မဟုတ် ကျန်းမာရေးအပေါ် ရုတ်တရက် ပြင်းထန်စွာ အန္တရာယ်ကျရောက်မည်ဟုယုတ္တိတန်စွာ ယုံကြည်သည့် အကြောင်းကြောင်းကြောင့် လုပ်ငန်းခွင်မှ ထွက်ခွါသွားနို ်ငသော ယင်းတို့၏ အခွင့် အရေးကို ကျင့်သုံးခြင်းမပါဝင်။ ရှင်းလင်းချက်၊ ဥပဒေရေးထုံးနှင့် မြန်မာစာသဒ္ဒါရေးထုံးနှင့်အညီ ပြင်ဆင်ခြင်းဖြစ်ပါသည်။ အခန်း (၁)၊ ပုဒ်မ ၂(ည)။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့် ဥပဒေ ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့ဆိုသည်မှာ သက်ဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းသော မြို့နယ်ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့ကိုဆိုသည်။ ရှင်း လင်းချက် အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ရည်ညွှန်းလိုသော ဥပဒေအား အတိအလင်းညွှန်းဆိုရမည်ဖြစ်၍ ယခုအဓိပ္ပာယ် ဖွင့်ဆိုချက်တွင် ဖော်ပြထားသည့် သက်ဆိုင်ရာ ဥပဒေအစား ဝါဏိဇ္ဇပဋိပက္ခဥပဒေအမည်ကို အတိအလင်း ထည့်သွင်းပြင်ဆင်ခြင်း ဖြစ်ပါသည်။

အခန်း(၂)၊ ပုဒ်မ ၃။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ။ လုပ်ငန်းတစ်ခုခုရှိ အလုပ်လုပ်ရန် တရားဝင် အသက်အရွယ်ရောက်ရှိသော အလုပ်သမားတိုင်းသည် ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အကြံပြုချက်။ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု တစ်ခုခုရှိ အလုပ်လုပ်ရန် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေအသီးသီးရှိ သတ်မှတ်ထားသော အသက်အရွယ်ရှိသည့်

အလုပ်သမားတိုင်းသည် ။ ရှင်းလင်းချက် ။ ပုဒ်မ ၃ ပုဒ်မခွဲ (ခ)တွင် လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု ဟုပါရှိပါသဖြင့် ညီညွတ်စေရန် ပြင်ဆင်ခြင်းဖြစ်သည်။

အခန်း(၂)၊ ပုဒ်မ ၄(က)။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ အခြေခံ အလုပ်သမားအဖွဲ့အစည်းကိုလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားအလိုက် သက်ဆိုင်ရာ လုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမား အနည်းဆုံး(၃၀)ဦးဖြင့် ဖွဲ့စည်း နိုင်သည်။ အလုပ်သမား ဦးရေ(၃၀)အောက်ရှိသော လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုဖြစ်ပါက လုပ်ငန်း သဘောသဘာဝတူညီသော အခြားလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုနှင့် ပူးပေါင်းဖွဲ့စည်း နိုင်သည်။ ယင်းသို့ ဖွဲ့စည်းရာတွင် သက်ဆိုင်ရာလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုရှိ စုစုပေါင်း အလုပ်သမား၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသူများက ထောက်ခံရမည်။ လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင် အကြံပြုချက်။ ၄(က)၁။ အခြေခံအလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားအလိုက် သက်ဆိုင်ရာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမား အနည်းဆုံးဦးရေ(၃၀)ဦးဖြင့် ဖွဲ့စည်းနိုင်သည်။ ၄(က)၂။ အလုပ်သမား ဦးရေ (၃၀) အောက်ရှိသော လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုဖြစ်ပါက လုပ်ငန်းသဘောသဘာဝ တူညီသော အခြားလုပ်ငန်း သို့မဟုတ်လုပ်ဆောင်မှုတစ်ခုခုနှင့် ပူးပေါင်းဖွဲ့စည်းနိုင်သည်။ ယင်းသို့ဖွဲ့စည်းရာတွင် သက်ဆိုင်ရာလုပ်ငန်းသို့မဟုတ် လုပ်ဆောင်မှုရှိ စုစုပေါင်း အလုပ်သမား၏ (၁၀) ရာခိုင်နှုန်းအောက် မနည်းသူက ထောက်ခံရမည်။ ရှင်းလင်းချက်။ ၄(က)ပါဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လူဦးရေ(၃၀) အထက်ရှိသော လုပ်ငန်းတစ်ခုချင်းအလိုက် ဖွဲ့စည်းခြင်းနှင့် လူဦးရေ(၃၀)ဦးအောက်ရှိ လုပ်ငန်းများ အနက် သဘာ ဝတူညီသော လုပ်ငန်းများ စုပေါင်းဖွဲ့စည်းခြင်းကိုရှင်းလင်းအောင် ပုဒ်မခွဲငယ် (၂)ခု ထပ်မံခွဲ၍ ပြင်ဆင်ခြင်းဖြစ်သည်။

အခန်း(၂)၊ ပုဒ်မ ၄(င)။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ။ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစား အလိုက် ဖွဲ့စည်းထားသော အလုပ်သမားအဖွဲ့ချုပ် စုစုပေါင်း၏ (၂၀)ရာခိုင်နှုန်းအောက် မနည်းသော အလုပ်သမား အဖွဲ့ချုပ်များက ထောက်ခံလျှင် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များကို ဖွဲ့စည်းနိုင်သည်။ ဥပဒေကြမ်း ကော်မတီ၏ပြင်ဆင်အကြံပြုချက်။ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုး အစားအလိုက် ဖွဲ့စည်းထားသော အလုပ်သမားအဖွဲ့ချုပ်

စုစုပေါင်း၏(၂၀) ရာခိုင်နှုန်း အောက်မနည်းသော အလုပ်သမားအဖွဲ့ချုပ်များက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။ ရှင်းလင်းချက်။ ကျန်ပုဒ်မခွဲများနှင့် ညီညွတ်စေရန် ဖွဲ့စည်းမည့် မြန်မာနိုင်ငံလုံး ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အား(ပြုလုပ်သူ) ကတ္တားပိုဒ်အဖြစ် ရှေ့သို့ ပို့၍ပြင်ဆင်ခြင်း ဖြစ်ပါသည်။

အခန်း(၂)၊ ပုဒ်မ ၆။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ ။ မြန်မာနိုင်ငံလုံး ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များနှင့် အလုပ်သမားအဖွဲ့ချုပ်များသည် ဆိုတဲ့အပိုဒ်မှာ လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အကြံပြုချက်မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့နှင့် အလုပ်သမား အဖွဲ့ချုပ်များသည် ဆိုပြီးတော့ရှင်းလင်းချက်ကတော့ "များ"ကို ဖြုတ်ခြင်း ဖြစ်ပါတယ်။

အခန်း(၂)၊ ပုဒ်မ ၇(က)။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များကို အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်းဆုံး(၁၅)ဦးမှ အများဆုံး (၃၅)ဦးအထိရှိသော (မ)ဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်းရမည်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အကြံပြုချက်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ကို အ လုပ်အမှုဆောင် အဖွဲ့ဝင် အနည်းဆုံး(၁၅)ဦးမှ အများဆုံး(၃၅)ဦးအထိရှိသော (မ)ဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်း ရမည်။ ရှင်းလင်းချက်က " များ" ဖြုတ်တာဖြစ်ပါတယ်။

အခန်း(၂)၊ ပုဒ်မ ၈။ အလုပ်သမားဝန်ကြီးဌာနမှတင်ပြသည့်ဥပဒေ၊ အလုပ်ရှင်များသည် အလုပ်ရှင်အဖွဲ့အစည်းများကို၎င်းဥပဒေအရ အလားတူဖွဲ့စည်းနိုင်သည်။ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အကြံပြုချက်၊ အလုပ်ရှင်များသည် အလုပ်ရှင်အဖွဲ့အစည်းများကို ၎င်းဥပဒေအရ အပြိုင် ဖွဲ့စည်းနိုင်သည်။ ဥပဒေရေးထုံးအရ ပြင်ဆင်ခြင်းဖြစ်ပါသည်။ အခန်း (၄) ခေါင်းစဉ်ပိုင်းကို ပြင်တာဖြစ်ပါတယ်။ အလုပ်သမား ဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ အလုပ် အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ။ ဥပဒေကြမ်းကော်မတီ၏ ပြ င်ဆင်အကြံပြုချက်။ အလုပ်အမှုဆောင် အဖွဲ့၏ လုပ်ငန်းတာဝန်များ ရှင်းလင်းချက် -

အခန်း(၄)ပါ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆ တို့သည် အလုပ်အမှုဆောင် အဖွဲ့၏ လုပ်ငန်းတာဝန်များဖြ စ်သဖြင့် ခေါင်းစဉ်အမည်ပြောင်းလဲ ခြင်း ဖြစ်ပါသည်။ အခန်း (၄) ပုဒ်မ ၁၄။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ။ အဲဒီမှာ ကျွန်တော်တို့ အောက် (၃)ပိုဒ်

တတိယအကြောင်းမှာ အလုပ်သမားရေးရာအဖွဲ့ကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ က ရှင်းလင်းပြီးတော့ "များ"ကို ဖြုတ်ခြင်းဖြစ်ပါတယ်။ နောက်အခန်း (၅)က ခေါင်းစဉ်ပိုင်း ပြင်ခြင်း ဖြစ်ပါတယ်။ အဲ ဒါမှာလည်း အလုပ်သမားဝန်ကြီးဌာနက တင်ပြတဲ့ အလုပ်သမားအဖွဲ့အစည်း များ၏ အခွင့်အရေးနှင့်တာဝ န်များမှာ အလုပ်သမားအဖွဲ့အစည်း၏ အခွင့် အရေးနှင့်တာဝန်များ ဆိုပြီးတော့ "များ"ကို အဖွဲ့အစည်းများ နေရာမှာအဖွဲ့အစည်းဆိုတဲ့ "များ"ကို ဖြုတ်လိုက်ခြင်း ဖြစ်ပါတယ်။

အခန်း(၅)၊ ပုဒ်မ ၁၇။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့် ဥပဒေ ။ အလုပ်သမား အဖွဲ့အစည်းများသည် ၎င်းတို့၏ ဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲရန် လည်းကောင်း၊ ၎င်းတို့၏ ကိုယ်စားလှယ်များကို ရွေးချယ်ရန် လည်းကောင်းဆိုတဲ့အပိုဒ်မှာ ဥပဒေကြမ်း ကော်မတီအနေနဲ့ ပြင်ဆင်ချက်ကတော့ အလုပ်သမားအဖွဲ့အစည်းများသည် ယင်းတို့နှင့် သက်ဆိုင်သော ဖွဲ့စ ည်းပုံ စည်းမျဉ်းကို ရေးဆွဲရာတွင်လည်းကောင်း ယင်းကိုယ်စားလှယ်များကို ရွေးချယ်ရာတွင်လည်းကောင်းလို့ ပြင်လိုက်ပါတယ်။ ရှင်လင်းချက်ကတော့ ဥပဒေရေးထုံးအရ ပြင်ဆင်ခြင်းပဲ ဖြစ်ပါတယ်။

အခန်း(၆)၊ ပုဒ်မ ၂၆။ အဲဒီမှာလည်း ကျွန်တော်တို့ အောက်စာကြောင်း (၅)ကြောင်းမှာ ရှိတဲ့ အလုပ်သမားအဖွဲ့ချုပ်များ နေရာမှာ ကျွန်တော်တို့ "များ"ကို ဖြုတ်လိုက်ခြင်း ဖြစ်ပါတယ်။

နောက်အခန်း(၆)၊ ပုဒ်မ ၂၇။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့် ဥပဒေ။ အလုပ်သမားအဖွဲ့အစည်းများ၏ ရန်ပုံငွေကို ၎င်းတို့၏ ဖွဲ့စည်း ပုံ စည်းမျဉ်းများတွင် ဖော်ပြ ထားသော လူမှုသက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သင်တန်း စသည့်ကိစ္စများနှင့် ယင်း ကိစ္စများအတွက် ရည်ရွယ်ခေ ါ်ယူကျင်းပသော အဆိုပါ အလုပ်သမား အဖွဲ့အစည်း၏ အထွေထွေအစည်းအဝေးတွင် အဖွဲ့ဝင်အများစုက အတည်ပြု ချမှတ်ထားသည့် အတိအလင်းရေးသားဖော်ပြထားသော ကိစ္စများမှအပ အခြားမည် သည့် ရည်ရွယ်ချက် တစ်ခု ခု အတွက်မျှ သုံးစွဲခြင်းမပြုရ ၊ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်အကြံပြုချက်။ အလုပ်သမား အဖွဲ့အစည်းများ၏ ရန်ပုံငွေကို ယင်းတို့၏ ဖွဲ့စည်းပုံစည်းမျဉ်းများတွင် ဖော် ပြထားသော လူမှုသက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အား ကစားကျွမ်းကျင်မှုဆိုင်ရာ သင်တန်း စသည့်ကိစ္စများနှင့် ယင်းကိစ္စများအတွက် ရည်ရွယ်ခေါ်ယူ ကျင်းပသော အဆိုပါ အလုပ်သမားအဖွဲ့အစည်း၏ အထွေထွေအစည်းအဝေးတွင် အဖွဲ့ဝင်အများစုက အတည်ပြု

ချမှတ်ထားသည့် ကိစ္စ ရပ်များတွင်သာ သုံးစွဲရမည်။ ရှင်းလင်းချက်။ ဥပဒေရေးထုံးနှင့်အညီ ရေးသားခြင်းဖြစ်ပါသည်။ နောက်ဆုံးစာပိုဒ်ရေးသားထားချက်သည် တားမြစ်ချက် အရေးအသား ဖြစ်နေ၍ တားမြစ်ချက်အခန်း မဟုတ်သောကြောင့် ပြင်ဆင်ရခြင်းဖြစ်ပါသည်။

အခန်း(၇)၊ ပုဒ်မ ၃၁။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ။ အဲဒါလည်း စာကြောင်း(၄)ကြောင်း မြောက်မှာ "၎င်း" ၏အစားကို မြန်မာ သဒ္ဒါရေးထုံးနှင့်အညီ "ယင်း"၏ ဆိုပြီးတော့ ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ခြင်းပဲဖြစ်ပါသည်။

အခန်း(၈)၊ ပုဒ်မ ၃၂ (ဂ)။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့် ဥပဒေ။ အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေး ရန် လျှောက်ထားလာလျှင် လျှောက်ထားမှုကို လက်ခံရရှိသည့်နေ့မှ အများဆုံးရက်ပေါင်း(၃၀)အတွင်း မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် အကြံပြုချက်။ အလုပ်သမား အဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားလာလျှင် လျှောက်ထားမှုကို လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း (၃၀) အတွင်း မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ပေးခြင်း ။ ရှင်းလင်းချက်။ ဥပဒေရေးထုံးအားမလိုတဲ့အတွက်ကြောင့် "အများဆုံး"ဆိုသော စကားလုံးကို ဖြုတ်ခြင်း ဖြစ်ပါတယ်။

အခန်း(၈)၊ ပုဒ်မ ၃၂(င)။အလုပ်သမားဝန်ကြီးဌာနမှတင်ပြသည့်ဥပဒေ။ အလုပ်သမား အဖွဲ့အစည်း၏ သင့်လျော် သော အဖွဲ့ဝင်ဦးရေက တောင်းဆိုလာလျှင် မြန်မာနိုင်ငံလုံး ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များနှင့် အလုပ်သမားအဖွဲ့ချုပ်များ၏ နှစ်ချုပ်စာရင်းများကို စစ်ဆေးခြင်း နှင့် အလုပ်သမား အဖွဲ့အစည်းအဆင့်ဆင့်၏ နှစ်ချုပ်စာရင်းများကို စစ် ဆေးခြင်း ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်အကြံပြုချက်။ အလုပ်သမားအဖွဲ့အစည်း၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသော ပေါင်းစည်းဆက်သွယ်ထားသည့် အလုပ်သမားအဖွဲ့အစည်းများက တောင်းဆို လာလျှင် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမား အဖွဲ့ချုပ်များ၏ နှစ်ချုပ်စာရင်းများကို စစ်ဆေးခြင်းနှင့် အလုပ်သမားအဖွဲ့အစည်း အဆင့်ဆင့်၏ နှစ်ချုပ်စာရင်း များကို စစ်ဆေးခြင်း။ ရှင်းလင်းချက်၊ သင့်လျော်သော အဖွဲ့ဝင်ဦးရေအစား အတိအကျ ညွှန်ပြ နိုင်ရန်အတွက် ပြင်ဆင်ရေးသားခြင်းဖြစ်ပါသည်။

အခန်း(၉)၊ ပုဒ်မ ၃၄။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ။ အလုပ်သမား အဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် ငြင်းပယ်ကြောင်း သို့မဟုတ် အလုပ်သမား အဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ခြင်း ကို ပယ်ဖျက်ကြောင်း မှတ်ပုံတင် အရာရှိချုပ်က ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မှုခင်းဖြစ်ရပ်၏အနှစ်သာရကို စစ်ဆေးခွင့်ရှိသည်။ မှတ်ပုံတင်အရာရှိချုပ်၏ ဆုံးဖြတ်ချက်သည် ထိုသို့ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက် (၉၀)မြောက်သည့် အချိန်အထိလည်းကောင်း ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ လျှောက်ထားမှုပြုခဲ့လျှင်၊ ယင်းတရားလွှတ်တော်ချုပ်၏ အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်သည့် အချိန်အထိလည်းကောင်း အကျိုးသက်ရောက်ခြင်း မရှိစေရ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် အကြံပြုချက်။ ပုဒ်မ ၃၄ အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် ငြင်းပယ်ကြောင်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ကြောင်း မှတ်ပုံတင် အရာရှိချုပ်က ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့လျှောက်ထားနိုင်သည်။အလုပ်သမားဝန်ကြီးဌာနက တင်ပြတဲ့ပုဒ်မ ၃၄ ကို ပုဒ်မ(၂)ခုခွဲခြင်း ဖြစ်ပါတယ်။ ပုဒ်မ ၃၅။ မှတ်ပုံတင် အရာရှိချုပ်၏ ယင်းဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက် (၉၀)ပြည့်မြောက်သည့် အချိန်အထိလည်းကောင်း၊ မကျေနပ်သူက ပုဒ်မ ၃၄ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လျှောက်ထားမှုပြုခဲ့လျှင် ယင်းတရားလွှတ်တော်ချုပ်၏ အပြီးသတ် ဆုံးဖြတ်ချက် ချမှတ်သည့် အချိန်အထိလည်းကောင်း အကျိုးသက်ရောက်ခြင်း မရှိစေရ။

ရှင်းလင်းချက် ။ ။ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မှုခင်းဖြစ်ရပ်၏ အနှစ်သာရကို စစ်ဆေးခွင့်ရှိသည်ဟူသော စကားရပ်သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ပိုင်ခွင့်အား ကန့် သတ်ရာရောက်သဖြင့် မထည့်သွင်းရန် အကြံပြုခြင်း ဖြစ်ပါသည်။ ယင်းပုဒ်မပါ လျှောက်ထားနိုင်သည့် အပိုဒ်အား ပုဒ်မ ၃၄ နှင့် အကျိုးသက်ရောက်ခြင်း မရှိစေရသည့် ကာလအပိုဒ်အား (ပုဒ်မ ၃၅)အဖြစ် ပုဒ်မ (၂)ခုခွဲရန် အကြံပြုခြင်း ဖြစ်ပါသည်။

အခန်း(၁၀) ပုဒ်မ ၃၆။ အလုပ်သမားဝန်ကြီးဌာနမှတင်ပြသည့်ဥပဒေ။ အများပြည်သူဆိုင်ရာ လုပ်ဆောင်မှုလုပ်ငန်းကိုလည်းကောင်း၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့်

အကျိုးမဝင်သောလုပ်ငန်းကိုလည်းကောင်း၊ အလုပ်ပိတ်ခြင်းပြုလိုသော အလုပ်ရှင်သည် စတင် အလုပ်ပိတ်သည့်နေ့ရက်နှင့် ကာလကိုသတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာမြို့နယ် အလုပ်သမား အဖွဲ့အစည်းသို့လည်းကောင်း၊ သက်ဆိုင်ရာ ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့သို့လည်းကောင်း၊ အလုပ်ပိတ် မည့်ရက်မတိုင်မီ အနည်းဆုံး(၁၄)ရက် ကြိုတင်အကြောင်းကြားပြီး သက်ဆိုင်ရာညှိနှိုင်းဖြန်ဖြေရေး အဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ အလုပ်ပိတ်ခြင်းပြုရမည်။

**ဥက္ကဋ္ဌ**။ ။ ခဏလေး။ အခန်း(၁၀)က မြို့နယ်မှတ်ပုံတင်အရာရှိတာဝန်နှင့် လုပ်ပိုင်ခွင့် လုံးဝမပြင်ဘူး။ အတည်ပြုတယ်။ အခန်း(၁၁) ပုဒ်မပါ ထည့်ပြောပါ။ ဥပဒေကြမ်းကော်မတီက ပြင်သည့် ပုဒ်မ ထည့်ပြောပါ။ မူလ (၃၆) ဥပဒေကြမ်းကော်မတီက ပြင်တာကို (၃၇) ဖြစ်ရမယ်။ ရှင်လား မသိဘူး။

**ဦးစံထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)**။ ။ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ပုဒ်မ ၃၇။ အခန်း(၁၁)၊ ပုဒ်မ ၃၆။ အလုပ်သမား ဝန်ကြီးဌာနမှ တင်ပြသည့် ဥပဒေ။ အလုပ် ပိတ်ခြင်းနှင့် သပိတ်မှောက်ခြင်း ။ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို လည်းကောင်း၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျိုးမဝင်သော လုပ်ငန်းကို လည်းကောင်း၊ အလုပ်ပိတ်ခြင်းပြု လိုသော အလုပ်ရှင်သည် စတင်အလုပ် ပိတ်မည့် နေ့ရက်နှင့် ကာလကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာမြို့နယ် အလုပ်သမားအဖွဲ့အစည်းများသို့ လည်းကောင်း၊ သက်ဆိုင်ရာ ညှိနှိုင်း ဖြန်ဖြေရေးအဖွဲ့သို့လည်းကောင်း အလုပ်ပိတ်မည့်ရက် မတိုင်မီ အနည်းဆုံး (၁၄)ရက် ကြို တင်အကြောင်းကြားပြီး သက်ဆိုင်ရာ ညှိနှိုင်းဖြန်ဖြေရေး အဖွဲ့၏ ခွင့်ပြုချက်ကို ရရှိမှသာ အလုပ်ပိတ်ခြင်းပြုရမည်။ ရှင်းလင်းချက်။ အလုပ်ပိတ်ခြင်းနှင့် သပိတ်မှောက်ခြင်းတို့တွင် တို က်ရိုက်သက်ဆိုင်သော သက်ဆိုင်ရာအလုပ်သမားများထံသို့ အကြောင်းကြားရန် လိုအပ်၍ ဖြည့်စွက်ခြင်းဖြစ်ပါသည်။

အခန်း(၁၁)၊ ပုဒ်မ ၃၇(ခ)။ အလုပ်သမားဝန်ကြီးဌာနမှတင်ပြသည့်ဥပဒေ။ သပိတ်မှောက်ခြင်း၏ အကျိုးသက်ရောက်မှုကို ယုတ်လျော့ခြင်းမရှိစေဘဲ အများပြည်သူ၏ အခြေခံလိုအပ်ချက် များကို ဖြည့်ဆည်းရန် ဝန်ဆောင်မှုပြုသည့် အနည်းဆုံး အရေအတွက်ကို အငြင်းပွားမှုမတိုင်မီ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် အလုပ်ရှင်နှ င့် အလုပ်သမား အဖွဲ့အစည်းများသည် သပိတ်မှောက်ခဲ့လျှင် လုပ်ငန်းခွင်တွင် ဆက်လက်လုပ်ကိုင်

နေရမည့် အလုပ်သမား အရေအတွက်နှင့် ရာထူးအမျိုးအစားအပေါ် သဘောတူညီချက်ရယူထားရမည်။ ယင်းသို့ သဘောတူညီမှုမရှိပါက ဝန်ဆောင်မှုပြုမည့် အနည်းဆုံး အရေအတွက်ကို စီရင်ပို င်ခွင့် ရှိသည်ဟု တရားရုံးတွင် ဆုံးဖြတ်ရမည် လွှတ်တော်ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်။ ပုဒ်မ ၃၈ (ခ) အလုပ်သမားများ၏ သပိတ်မှောက် ခြင်းဆိုင်ရာ အခွင့်အရေးကို မထိခိုက်စေဘဲ အများပြည်သူ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် ဝန်ဆောင်မှုပြုမည့် အနည်းဆုံးအရေအတွက်ကို အ ငြင်းပွားမှုမတိုင်မီ ညှိနှိုင်း ဆွေးနွေးဆုံးဖြတ်ရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများသည် သပိတ် မှောက်ခဲ့လျှင် လုပ်ငန်းခွင်တွင် ဆက်လက်လုပ်ကိုင် နေရမည့် အလုပ်သမား အရေအတွက် နှင့် ရာထူး အမျိုးအစားအပေါ် သဘောတူညီချက် ရယူထားရမည်။ ယင်းသို့ သဘောတူညီမှု မရရှိခဲ့ပါက ဝန်ဆောင်မှုပြုမည့် အနည်း ဆုံး အရေအတွက်ကို စီရင်ပိုင်ခွင့် ရှိသည့် တရားရုံးတွင် ဆုံးဖြတ်ရမည်။ ရှင်းလင်းချက်။ ဥပဒေရေးထုံး နှင့်အညီ ပြင်ဆင်ခြင်း ဖြစ်ပါသည်။

အခန်း(၁၁)၊ ပုဒ်မ ၄၀(က)။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ ။ ပြတ်တောက်ရပ်ဆိုင်းစေခြင်းဖြင့် အများပြည်သူအချို့၏ အသက်ကျန်းမာရေးနှင့် လုံခြုံရေးကို ထိခိုက် စေနိုင်သော မရှိမဖြစ်လိုအပ်သည့် အောက်ပါတို့ပါဝင်သော ဝန်ဆောင်မှုများဖြစ်ခြင်း ၊

ပုဒ်မ ၄၁(က) လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မှု ပြတ်တောက်ရပ်ဆိုင်း စေခြင်းဖြင့် အများပြည်သူ၏ အသက်ကျန်းမာရေး နှင့် လုံခြုံမှုကိုထိခိုက်စေနိုင်သော အောက်ပါမရှိမဖြစ် လိုအပ်သည့် ဝန်ဆောင်မှုဖြစ်ခြင်း ။ ရှင်းလင်း ချက်။ အကြောင်းအရာ မပါရှိသောကြောင့် ပြတ်တောက်ရပ်ဆိုင်းခြင်း၏အကြောင်းအရာကို ဖြည့်စွက်ထားခြင်းဖြစ်ပါသည်။

အခန်း(၁၂)၊ ပုဒ်မ ၄၃(ခ)။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ ။ အဲဒီမှာကတော့ ကျွန်တော်တို့ ဥပဒေ ပုဒ်မတွေက တစ်ခုစီပြောင်းလဲ သွား ခဲ့တဲ့အတွက်ကြောင့် ပြင်ဆင်ခြင်းပဲ ဖြစ်ပါတယ်။ ပုဒ်မ ၄၃(ခ)၊ ၄၃(ဂ)၊ ပုဒ်မ ၄၄၊ နောက်တစ်ခါ ပုဒ်မ ၄၅ တို့ ဖြစ်ကြပါတယ်။

အခန်း(၁၂)၊ ပုဒ်မ ၄၆(ခ)။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ အဲဒါကလည်း ပုဒ်မ အပြောင်းအလဲကြောင့် ပြင်ဆင်ခြင်းပဲ ဖြစ်ပါတယ်။

အခန်း(၁၂)၊ ပုဒ်မ ၄၇။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြ သည့်ဥပဒေ။ မည်သူမျှ အလုပ်သမားအဖွဲ့အစည်း၏ ရန်ပုံငွေကို အဖွဲ့ဝင် အလုပ်သမားများ၏ သာရေး၊ နာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့် ကျန်းမာရေး၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများနှင့် အလုပ်သမားများ အတွက် အကျိုးရှိသော လုပ်ငန်းကိစ္စတို့မှအပ အခြား မည်သည့်ကိစ္စတွင်မျှ သုံး စွဲခြင်းမပြုရ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အကြံပြုချက် ။ ပုဒ်မ ၄၈။ အလုပ်သမားအဖွဲ့အစည်းများ၏ ရန်ပုံငွေကို ယင်းတို့၏ ဖွဲ့စည်းပုံစည်းမျဉ်းများတွင် ဖော်ပြထားသော လူမှုသက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ ကျွမ်းကျင်မှုဆိုင်ရာသင်တ န်း စသည့်ကိစ္စရပ်များနှင့် ယင်းကိစ္စရပ်များအတွက် ရည်ရွယ်ခေါ်ယူကျင်းပသော အဆိုအလုပ်သမားအဖွဲ့အစည်း၏ အထွေထွေအစည်းအဝေးတွင် အဖွဲ့ဝင် အများစုက အတည်ပြုချမှတ်ထားသည့် ကိစ္စရပ်များ မှအပ သုံးစွဲခြင်းမပြုရ။ ရှင်းလင်းချက်၊ ပုဒ်မ ပြောင်းလဲခြင်းကြောင့် ပြင်ဆင် ခြင်းဖြစ်ပါသည်။ ပုဒ်မ ၂၇ ပါ ရန်ပုံငွေသုံးစွဲနိုင်ခွင့်ရှိသည့် အချက်များကို ထပ်မံဖြည့်စွက်ခြင်းလည်း ဖြစ်ပါသည်။

အခန်း(၁၂)၊ ပုဒ်မ ၄၉(ခ)။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ။ အလုပ်သမား ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လေဆိပ်၊ ဘူတာရုံ၊ ခရီးသည်တင်ယာဉ်ရပ်နားစခန်း၊ ဆိပ်ကမ်း သို့မဟုတ် သံတမန်အဖွဲ့အစည်းများ တပ်မတော် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဆောက်အဦ တစ်ခုခုမှ ကိုက်(၅၀၀)အတွင်းတွင် ဆန္ဒပြခြင်းမပြုရ၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်အကြံပြုချက်။ ပုဒ်မ ၅၀(ခ) အလုပ်သမားရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆေးရုံ၊ စာသင်ကျောင်းသာသနိက အဆောက်အဦ၊ လေဆိပ်ဘူတာရုံ၊ ခရီးသည်တင်ယာဉ်ရပ်နားစခန်း၊ ဆိပ်ကမ်း သို့မဟုတ် သံတမန်အဖွဲ့အစည်းများ၊ တပ်မတော် သို့မဟုတ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အဆောက်အဦ တစ်ခုခုမှ ကိုက်(၅၀)အတွင်းတွင် ဆန္ဒပြခြင်းမပြုရ ရှင်းလင်းချက် ပုဒ်မ အပြောင်းအလဲ ကြောင့် ပြင်ဆင်ခြင်းဖြစ်ပါသည်။ထို့အပြင်အများပြည်သူသုံးနေရာများဖြစ်သည့် ဆေးရုံ၊ စာသင်ကျောင်း၊ သာသနိကအဆောက်အဦများကို ထပ်မံဖြည့်စွက်ထားခြင်းဖြစ်ပါသည်။

အခန်း(၁၃)၊ ပုဒ်မ ၅၀။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ။ ပြစ်ဒဏ်များ ကလည်း ပုဒ်မပြောင်းလဲတဲ့အတွက်ကြောင့် ပုဒ်မ အပြောင်းအလဲကိုပဲ ပြင်ဆင်ခြင်းဖြစ်ပါတယ်။

အခန်း(၁၃)၊ ပုဒ်မ ၅၁။ အဲဒါကလည်း ကျွန်တော်တို့ ပုဒ်မ အပြောင်းအလဲတွေ လိုက်ပြင်ထားခြင်းပဲ ဖြစ်ပါတယ်။

နောက်အခန်း(၁၃)။ ပုဒ်မ ၅၂ ကလည်း ပုဒ်မ အပြောင်းအလဲကို ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။

နောက်အခန်း(၁၃)၊ ပုဒ်မ ၅၃။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ ။ မည်သူမဆို ပုဒ်မ ၄၈ နှင့် ပုဒ်မ ၄၉ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ပုဒ်မ ၄၈ နှင့် ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က) ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည် ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ)နှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ကို ပြစ်မှုကျူးလွန်ရာ၌ လူပုဂ္ဂိုလ်ကို အကြမ်းဖက်ခြင်း၊ ပစ္စည်းအား ထိခိုက် ပျက်စီးစေခြင်း သို့မဟုတ် အခြားသော အခွင့်အရေးများကို ပြင်းထန်စွာ ချိုးဖောက်ခြင်းကိစ္စများတွင် သက်ဆိုင်ရာဥပဒေအရ ချမှတ်နိုင်သည် လွှတ်တော်ဥပ ဒေကြမ်းကော်မတီ၏ ပြင်ဆင်အကြံပြုချက် (ပုဒ်မ ၅၄) ဖြစ်သွားပါမယ်။ ပုဒ်မ ၅၄ မည်သူမဆို ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၀၊ ပုဒ်မခွဲ (က)ပါ တားမြစ်ချက် တစ်ရပ်ရပ် ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှ စ်ရပ်လုံးဖြစ်စေ ချမှတ်စေရမည်။ ပုဒ်မ ၅၃ ကို ကွန်တော်တို့က ပုဒ်မ (၂)ခွဲထားလိုက်တာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့ နော က်တစ်ခုက ပုဒ်မ ၅၅၊ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (ခ)ပါ တားမြစ်ချက်အား ကျူးလွန်ရာ၌ လူပုဂ္ဂိုလ်ကို အကြမ်းဖက်ခြင်း၊ ပစ္စည်းအား ထိခိုက်ပျက်စီးစေခြင်း သို့မဟုတ် အခြားသော အခွင့်အရေးများကို ပြင်းထန်စွာ ချိုးဖောက်ခြင်းကိစ္စများတွင် သက်ဆိုင်ရာ ဥပဒေ အရ ချမှတ်နိုင်သည်။ ရှင်းလင်းချက် ။ ပုဒ်မ အပြောင်းအလဲကြောင့် ပြင်ဆင်ခြင်း ဖြစ်ပါသည်။ ဒုတိယအချက်ကတော့ ဥ ပဒေရေးထုံးနှင့်အညီ ပြင်ဆင် ထားပါတယ်။ ပုဒ်မ ၅၀(ခ)ပါ တားမြစ်ချက်အား ကျူးလွန်လျှင် ဤဥပဒေအရ အရေးမယူဘဲ သက်ဆိုင်ရာ ဥပဒေဖြင့်သာ အရေးယူရန်အတွက် ပုဒ်မ(၂)ခု ခွဲထားခြင်းပဲ ဖြစ်ပါသည်။

အခန်း(၁၄)၊ ပုဒ်မ ၅၄။ ပြည်ထောင်စုအစိုးရသည် အလုပ်သမားအဖွဲ့အစည်းအား သင့်လျော်သလို အကူအညီပေးနိုင်သည်။ သို့ရာတွင် အလုပ်သမား အဖွဲ့အစည်း၏ ဥပဒေနှင့် အညီ လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ကို ထောက်ထားရမည် ။ လွှတ်တော်ဥပဒေကြမ်း

ကော်မတီ၏ ပြင်ဆင်ချက်။ ပုဒ်မ ၅၆။ ပြည်ထောင်စုအစိုးရသည် အလုပ်သမားအဖွဲ့အစည်းအား သင့်လျော်သလို အကူအညီပေး နိုင်သည်။ အလုပ်သမားအဖွဲ့အစည်း၏ ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက် ပိုင်ခွင့်ကိုလည်း အလေးထားရမည် ။ ရှင်းလင်းချက်။ သဒ္ဒါရေးထုံးနှင့် ဥပဒေရေးထုံးအရ ပြင်ဆင်ခြင်းဖြစ်ပါသည်။

အခန်း(၁၄)၊ ပုဒ်မ ၅၅။ အလုပ်သမားဝန်ကြီးဌာနမှ တင်ပြသည့်ဥပဒေ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ၅၅ (က)။ ပြည်ထောင်စုအစိုးရအဖွဲ့၏ အလုပ်သမားဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ ကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သောစည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော် ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။ ၅၅(ခ)။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန် နိုင်သည်။ ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ချက်။ ပုဒ်မ ၅၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်အလုပ်သမားဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သော စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည် ။ ရှင်းလင်းချက်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၇ နှင့်အညီ ပြင်ဆင်ခြင်းဖြစ်ပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ယခုကျွန်တော် ရှင်းလင်း တင်ပြခဲ့တဲ့ အလုပ်သမား အဖွဲ့အစည်းဥပဒေမူကြမ်းဟာ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီမှ စိစစ်ပြီးတဲ့ ဥပဒေမူကြမ်းဖြစ်ပြီး နိုင်ငံတော်အ ခြေအနေနှင့် နိုင်ငံတကာ အခြေအနေများအရ အချိန်မီပြဋ္ဌာန်းသင့်တဲ့ ဥပဒေတစ်ရပ် ဖြစ်သဖြင့် ဤဥပဒေ မူကြမ်းအား လွှတ်တော်မှ အတည်ပြုသွားသင့်ကြောင်း ဥပဒေကြမ်းကော်မတီ ကိုယ်စား တင်ပြအပ်ပါသည်။

# အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၄း၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုပ်သမား အဖွဲ့အစည်း ဥပဒေမူကြမ်းနဲ့ပ တ်သက်ပြီး ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ က ဆွေးနွေးလိုကြောင်း တင်ပြထားပါတယ်။ ယခု ဒေါက်တာတင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**ဒေါက်တာတင်ရွှေရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအား မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ အလုပ်သမားအဖွဲ့အစည်း ဥပဒေမူကြမ်းကိုဆွေးနွေးရန် တင်ပြထားသော်လည်းပဲ ယခု တင်ပြသွားတဲ့ ဥပဒေမူကြမ်းကော်မတီ အတွင်းရေးမှူးရဲ့ တင်ပြချက်များဟာ အခန်း နိဒါန်းမှ အစပြုပြီး၊ အခန်း (၁)မှစ၍ အခ န်း(၁၄)အထိ ပြီးပြည့်စုံစွာ တင်ပြသွားတာကို လေ့လာ တွေ့ရှိရပါတယ်။ ဒါကြောင့် အထူးဥပဒေ မူကြမ်းကို စောဒကတက်ရန် မလိုတော့ဘဲ အနည်း ငယ် အားဖြင့် အကြံပြုလိုတဲ့အချက် ကတော့ အခ န်း(၁)၊ ပုဒ်မ ၂ ရဲ့ ပုဒ်မ ၂(င)(၁) မှာ ပါရှိတဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုတော့အဓိပ္ပာယ်ဖွင့် စေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ယာဉ်၊ အနေ့းယာဉ် လုပ်သားတွေရဲ့ အခြေခံအစည်းအရုံးဆိုတာရှိပါတယ်။ အလားတူ ကျွန်တော် တို့ ကြည့်မြင်တိုင်ရဲ့ တစ်ဖက်ကမ်း ဒလတစ်ဖက်ကမ်း ကူးခတ်နေတဲ့ သမ္ဗန်လုပ်သားတွေရဲ့ အခြေခံအစည်းအရုံးတွေ ရှိပါတယ်။ အဲဒါကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုတော့ အကျယ်ဖွင့်ပြီးတော့ ထည့်သွင်း ပေးလိုက်မယ်ဆိုရင် လုံးဝပြည့်စုံသွားတဲ့ ဥပဒေမူကြမ်း ဖြစ်သွားနိုင်ပါတယ်ဆိုတာ တင်ပြရင်း ဥပဒေမူကြမ်း ဆွေးနွေးမှုကို အဆုံးသတ်ပြီး အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

## အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အလုပ်သမား အဖွဲ့အစည်းများ ဥပဒေကြမ်းအားပြန်လည်ရှင်းလင်းဆွေးနွေးခြင်း

**အချိန်၊ ၁၄း၃၁။**

**ဥက္ကဋ္ဌ။** ။ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည် ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ ကဆွေးနွေးတင်ပြ ချက်နဲ့ ပတ်သက်ပြီးတော့ အနည်းငယ် ပြန်လည်ရှင်းလင်း ဆွေးနွေးလိုပါတယ်။ ၎င်းရဲ့တင်ပြချက်မှာ ဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၁) သယ်ယူပို့ဆောင်ရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ အဓိပ္ပာယ်ရှင်းလင်းဖော်ပြချက် ဖော်ပြပေးဖို့ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ နည်းဥပဒေထုတ်ပြန်တဲ့အခါမှာ ဆောင်ရွက် သွားမှာဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ။** ။အလုပ်သမားဝန်ကြီးက အလုပ်သမားအဖွဲ့အစည်းများ ဥပဒေမူကြမ်း အား စဉ်းစားဆွေးနွေးရန် အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

## အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အလုပ်သမား အဖွဲ့အစည်းများ ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်း

**အချိန်၊ ၁၄း၃၂။**

**ဦးအောင်ကြည်၊ (ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန)။** ။အလုပ်သမား အဖွဲ့အစည်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးပါရန် တင်ပြအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် ဖြစ်သည်။

ဒီအဆိုကို သဘောတူရင်တူတယ်လို့ပြောပါ။

သဘောမတူရင် မတူဘူးလို့ ပြောကြပါ။

အဆိုကိုသဘောတူပါသလားခင်ဗျား။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ။)

အဆိုကို သဘောမတူတဲ့ သူမရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါသည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကအလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ အသေးစိတ်တင်ပြ ဆွေးနွေးသွားပြီးဖြစ်တဲ့အတွက် ပုဒ်မ တစ်ခုချင်း ဆောင်ရွက်ခြင်း မပြုတော့ပါဘူး။

ယခုအဆိုမှာ ဤဥပဒေကြမ်း ၏ ပုဒ်မ ၁ မှ ၅၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူရင်တူတယ်ပြောပါ။

သဘောမတူရင် မတူဘူး ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ။)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်ပါသည်။

အဆိုအတည်ဖြစ်တဲ့အတွက် ပုဒ်မ ၁ မှ ၅၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

ဆက်လက်ပြီး အဆိုမှာ ဤဥပဒေကြမ်း၏ အမည်နှင့် နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ရဲ့ သဘောထား ရယူပါ့မယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ။)

အဆိုသဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါသည်။

အဆိုအတည်ဖြစ်တဲ့အတွက် အမည်နှင့် နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

## အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်း ခြင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (က)အရ အလုပ်သမားအဖွဲ့အစည်း ဥပဒေ ကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**ဦးအောင်ကြည် (ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ အဆိုတင်သွင်းပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၅။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာခင်မောင်လေး ဖြစ်ပါတယ်။ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းအား ထောက် ခံ အပ်ပါတယ်ခင်ဗျား ။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အလုပ်သမားအဖွဲ့အစည်းများ ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ယခုအဆိုမှာ အလုပ်သမားအဖွဲ့အစည်းဥပဒေကြမ်းအား အတည်ပြု ရန်ဖြစ်သည်။ ဒီအဆိုကို လွှတ်တော်ရဲ့ သဘောထားရယူပါမယ် ။

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

(သဘောမတူသူ မရှိပါ။)

သဘောမတူတဲ့သူ မရှိတဲ့အတွက် အလုပ်သမား အဖွဲ့အစည်းများ ဥပဒေကြမ်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၆။**

**ဥက္ကဋ္ဌ။** ။ ယခု လွှတ်တော်အစည်းအဝေးကို ခေတ္တရပ်နားပြီး ၃း၀၀ နာရီတိတိ အချိန်မှာ ပြန်လည် စတင်မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) ၏ သစ်တောသယံဇာတ မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် သစ်တော ဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၅:၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင် တင်သွင်းထားတဲ့ သစ် တောသယံဇာတ မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် သစ်တော ဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေ နွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက အမည်စာရင်း တင်သွင်းထား ပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**ဒေါက်တာတင်ရွှေ၊ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြီး ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းပြုအပ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးရှုမောင် ရဲ့ ပြည်ထောင်စုအစိုး ရအား သစ်တောသယံဇာတ မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အပြည့်အဝကာကွယ်ပေးနို င်ရေး

အတွက် သစ်တော ဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန်အဆိုကို ကျွန်တော် ထောက်ခံသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် ထောက်ခံတဲ့နေရာမှာ အဆိုရှင်ရဲ့ တင်ပြထားတဲ့အတိုင်း သစ်တော သယံဇာတ မပြုန်းတီးရေးကို ပထမတစ်ပိုင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဒုတိယတစ်ပိုင်း အနေနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဦးစွာ သစ်တောမပြုန်းတီးရေး ကျွန်တော်တို့ ယနေ့ စီးပွားရေးပညာရှင်များရဲ့ သတ်မှတ်ချက်အတိုင်း Self - Sustainable Development လို့ ခေါ်တဲ့ နောင်လာနောင်သား များ Future Generation တို့ရဲ့ စီးပွားရေးလိုအပ်မှု၊ လူမှုရေး လိုအပ်မှု၊ သယံဇာတအရင်းအမြစ်များလိုအပ်မှုကို ယုတ်လျော့ပျက်စီးစေခြင်းမရှိဘဲနဲ့ ယခုကာလ မှာလည်းပဲ လိုအပ်ချက်များကို ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းသုံးစွဲနိုင်တဲ့ တိုးတက်မှုကို ရှေ့ဆောင် နေတဲ့ အမျိုးသား စီးပွားရေးလမ်းစဉ်ကို အခြေခံလိုက်ပြီး မျှမျှတတ သစ်တော များ မပြုန်းတီး ရေးကို အဓိ ကထားသွားရမှာ ဖြစ်ပါတယ်။ ဒီလို ထားတဲ့နေရာမှာ စီးပွားရေးကဏ္ဍ တစ်ခုတည်း မဟုတ်ဘဲ လူမှုရေးကဏ္ဍနှင့် မိမိတို့ သုံးစွဲမှုကဏ္ဍအပေါင်းတို့ကို ဟန်ချ က်ညီညီ တိုးတက်အောင် ကျင့်ဆောင်ရမယ်လို့ ဥပဒေက ညွှန်ထားပါတယ်။ ဒါကြောင့် လေးနက်စွာနဲ့ စဉ်းစားလိုက်မယ် ဆိုရင် ဒီဥပဒေစဉ်အတို င်း ကျွန်တော်တို့ သစ်တောသယံဇာတ ဘာကြောင့် မပြုန်းတီးရေးကို ရှေးရှုပေမယ့် ဘာကြောင့် ပြုန်းတီးခဲ့ရသလဲဆိုတာကို အနည်းငယ်ရှင်းလင်းသွားပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ၂၀၀၉-၂၀၁၀ စီးပွားရေးကာလမှာ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ထွက်ကုန်ဟာ (၅)မျိုးတည်းသာရှိပါတယ်။ (၁)သဘာဝဓာတ်ငွေ့၊ (၂)အထည်အလိပ်၊ (၃)သစ်နှင့် သစ်အချောထည်ပစ္စည်းများ၊ (၄)ငါး၊ ပုစွန်ရေထွက်ပစ္စည်းများ၊ (၅)ပဲမျိုးစုံတို့ဖြစ်ပါတယ်။ အဲဒီ (၅)မျိုးဟာလည်း ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ထွက်ကုန် အသီးသီး အနက်ကနေ ၈၀ ရာခိုင်နှုန်း လောက် ရှိပါတယ်။ အဲဒီ (၅)မျိုးကိုပဲ ပြည်ထောင်စုမြန်မာနိုင်ငံအနေနဲ့ ၂၀၀၉-၂၀၁၀ ကာလမှာ Export လုပ်နေရပါတယ်။ Export လုပ်လိုက်တဲ့အခါကြတော့ ထွက်ကုန်က ၈၀ ရာခိုင်နှုန်း၊ အခြား Mini Goods လို့ခေါ်တဲ့ အခြားပစ္စည်းတွေက ၁၀ ရာခိုင်နှုန်း၊ ပေါင်းလိုက်ရင် ကျွန်တော်တို့ ၉၀ ရာခိုင်နှုန်းလောက်ပဲ ပို့ရပါတယ်။ ပို့တဲ့အခါမှာလည်း ကျွန်တော်တို့ (၁)ထိုင်းနိုင်ငံ၊ (၂)ချိုင်းနား Including က ဟောင်ကောင်၊ ဟောင်ကောင်ကတော့ အဓိကပါပဲ၊ (၃)အိန္ဒိယ (၄)စင်ကာပူ၊ စင်ကာပူ ကလည်း ကျွန်တော်တို့ ထင်သလောက် မရောင်းရပါဘူး ။ ၁၀ ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။

အဲဒီ(၄)နိုင်ငံကိုပဲ ကျွန်တော်တို့ရဲ့ ကုန်သွယ်မှုကလည်း အဲဒီလောက်အထိဝန်းကျင်ပဲ ဆောင်ရွက်ခဲ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ Market Diversitication လို့ခေါ်တဲ့ ဈေးကွက်အားဟာလည်း နည်း နေတာကို တွေ့ရပါတယ်။ အဲဒီလို ဖြစ်ခဲ့တဲ့အချိန်မှာပဲ ကျွန်တော်တို့ ၁၉၉၇ ခုနှစ်ကို ပြန်စဉ်းစား လိုက်လို့ရှိရင် အဲဒီနှစ်မှာ ကျွန်တော်တို့ Asia Financial Crisis ခေါ်တဲ့ စီးပွားရေးအကျပ်အတည်းဟာ ကမ္ဘာနဲ့အဝန်း ဖြစ်လာပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ တပ်မတော် အစိုးရလက်ထက်မှာ နိုင်ငံတော်အကြီးအကဲများရဲ့ အမြော် အမြင်ကြီးမှုကြောင့် မသိသာလှ သော်လည်းပဲ ကျွန်တော်တို့ရဲ့ သမီးငယ် /သားငယ်တွေဟာ ဒီအထည်ချုပ်စက်ရုံတွေကနေ အလုပ်ပြုတ်ပြီးတော့ သူတို့ရဲ့ဒုက္ခအသွယ်သွယ်ကို ကျွန်တော်တို့ မရှုစိမ့်နိုင်အောင်မြင်တွေ့ခဲ့ကြရပါတယ်။ ဒီအချိန်မှာပဲ မမျှော်လင့်တဲ့ Sanction စီးပွားရေးပိတ်ဆို့ဒဏ်ကိုလည်း ခံခဲ့ရပါတယ်။ ဒါဟာ ကျွန်တော်တို့သစ်တော သယံဇာတ မပြုန်းတီးရေးအား အရေးဆိုသော်လည်းပဲ သစ်ကိုပဲအခြေခံပြီး အရောင်းအဝယ်ပြုနေရတဲ့ အနေအထားရှိတယ်ဆိုတာကို ကျွန်တော် High Light လုပ်ပြတာပါ။ အဲဒီလို ဖြစ်နေတဲ့ဟာကို အဲဒီ အချိန်မှာ ၂၀၀၃ ခုနှစ်မှာတော့ အိမ်နီးနားချင်းဖြစ်တဲ့ ဗီယက်နမ် သူကလည်းပဲ ဂျပန်နဲ့ Joint Venture ရှိသွားပါတယ်။ Joint Venture ရရှိသွားတော့ ကျွန်တော်တို့က ၁၉၉၇ ခုနှစ်နောက်ပိုင်းမှ Investment တွေက အရမ်းကို လျော့ သွားပါတယ်။ အဲ ဒီတော့ စီးပွားရေးအ ရကို သစ်နှင့်တကွ သဘာဝဓာ တ်ငွေ့၊ ခုနတင်ပြခဲ့တဲ့ (၅) မျိုးကို အားကိုးခဲ့ရတယ်။ Value-added ထပ်မံပြီးတော့ တိုးချဲ့နိုင်တဲ့ အစီအစဉ်တွေကလည်း မရှိခဲ့ဘူး။ အဲဒီလို ကျွန်တော်တို့ဖြ စ်ပါတယ်။ နောက် ၂၀၀၃ ခုနှစ် ဗီယက်နမ် ရရှိသွားတဲ့ ဂျပ န်နဲ့ စာချုပ်ပြီးတဲ့အခါမှာ ဗီယက် နမ်ဟာ တစ်ဟုန်တိုး Invester တွေရဲ့ ဆောင်ကျဉ်းမှု၊ ဂျပန်ရဲ့ ဆောင်ကျဉ်း မှုကြောင့် အောင်မြင်မှုတွေ ဖြစ်ပွားတဲ့ အတွက် ဒါကို တွေ့ရှိလေ့လာရပါတယ်။ အဲဒီတော့ ဒီမှာ ဘာမြင်ရသလဲ ၁၉၉၇ နဲ့ ၂၀၀၃ တို့မှာ ကျွန်တော်တို့ရဲ့ အဲဒီအချိန်မှာ ဖြစ်ပျက်နေတဲ့ နိုင်ငံရေးမ တည်ငြိမ်မှုဟာ ဘယ် လောက်ခံစားရတယ်ဆိုတာကို ကျွန်တော် မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်တို့ ယခု အချိန်မှာတော့ နှစ် (၃၀) အမျိုးသား သစ်တောစီမံကိန်းဆိုတာကို ဖော်ထုတ်နေပါပြီ။ ဒါကြောင့် ကျွန်တော်တို့ မြန် မာနိုင်ငံမှာ ကျွန်းစိုက်ခင်း၊ နောက်စီးပွားဖြစ်စိုက်ခင်း၊ ကျေးလက်ဒေသ စိုက်ခင်းဆိုပြီးတော့ ကျွန်တော်တို့

အသီးသီးပြန်လည် ပြီးတော့ရယူထားပါတယ်။ အဲဒီတော့ စောစောက ကျွန်တော်ပြောခဲ့တဲ့ Self-Sustainable Development ဆိုတာ အဲဒီဟာကို ရည်ညွှန်းတာပါ။ စိတ်ပူနေ ကြမယ့် အားလုံးသော ပုဂ္ဂိုလ်တွေဟာ နောင်လာ နောင်သားတွေအတွက် ကျန်မှကျန်ပါ့မလားဆိုတဲ့ ဒီပြောမှုတွေဟာ ကျွန်တော်တို့ နှစ် (၃၀) အမျိုးသားသစ်တောစီမံကိန်းကို ကျွန်တော် တို့ ဆောင်ရွက်နေပါပြီ။ နောက်တစ်ခါ ကျွန်တော်တို့ဟာ အမျိုးသား ဒီသစ်တောလုပ်ငန်း သဘာဝ ပတ်ဝန်းကျင် Convention မှာလည်း အဖွဲ့ဝင်ဖြစ်နေတဲ့အတွက် သစ်ပင်တွေ သဘာဝ အပင်တွေကို ကာကွယ်ရေး၊ သဘာဝမြေတွေကို ထိန်းသိမ်းရေးဆိုတဲ့ နည်းဥပဒေတွေ၊ ဥပဒေတွေ၊ သစ်တောဥပဒေတွေရှိနေတဲ့အတွက် နောက်ပိုင်းမှာ မြန်မာနိုင်ငံအနေနဲ့ တိုးတက်မယ့် လမ်းကြောင်းကိုပဲ ရှိပါတယ်။ ဒါကြောင့် မို့လို့ သဘာဝသစ်တော သယံဇာတမပြုန်းတီးရေးဟာ တကယ့်ကို လက်တွေ့ဖြစ်လာနိုင်တော့မယ်ဆိုတာ ကျွန်တော် ပဏာမအနေနဲ့တင်ပြအပ်ပါတယ်။ နောက်တစ်ခုကတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အပြည့်အဝကာကွယ်ပေးရန်ဆဲ့။ ဒါဟာလည်းပဲ ဒီမနက် လွှတ်တော်ကိုလာတဲ့အချိန်မှာ ကျွ န်တော်တို့ သဘာဝမူကြမ်းစာအုပ်ကို သစ်တောရေးရာဝန်ကြီးဌာနက ဖြန့်ထားပါပြီ။ အဲဒီတော့ သူလည်း လုပ်ထုံးလုပ်နည်းတွေနဲ့ လုပ်မှာပါ။ အဲ့ဒီတော့ ခုန ကျွန်တော်တို့ ပြောခဲ့သလိုပဲ ခေတ္တတော့ ခံစားရပါတယ်။ ဘယ်လိုခံစားရမလဲ။ ကမ္ဘာ့ကုလသမဂ္ဂကလည်း တင်ပြနေပါတယ်။ ဘာတင်ပြလဲ။ လူသန်းပေါင်း (၈၀၀) လောက်ဟာတဲ့ ဒီကနေ့ Nutritional Deticiency လို့ခေါ်တဲ့ အာဟာရ မပြည့်ဝမှုကို ခံစားနေရတယ်။ နောက်တစ်ခါ သန်းပေါင်း (၁၃၀၀)ကတော့ မသန့်ရှင်း တဲ့ရေတွေကို သောက်သုံးနေရတယ်။ သုံးစွဲ နေရတယ်။ နောက် သန်းပေါင်း (၁၄၀၀)ကတော့ လေကောင်း လေသန့်ကို မရှူ ရဘူးဆိုတဲ့ ခံစားမှုတွေကို ကုလသမဂ္ဂကိုယ်တိုင်က ထုတ်ပြန်ထားပါတယ်။ ဒါတွေဟာ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ခုနသုံးခဲ့တဲ့ သစ်တောက သစ်ပင်တွေရဲ့ ခုတ်လှဲမှုတွေ အကျိုးဆက်ကြောင့်ဖြစ်ပါတယ်။ အဲဒီတော့ သစ်ပင်ခုတ်လှဲမှုတွေ အကျိုးဆက်ကြောင့် အစာအာဟာရချို့တဲ့မှုတွေဖြစ်တယ်။ အာဖရိကမှာ ဆိုရင် အာဖရိကမှာရှိတဲ့ တိုင်းသူပြည် သား အပေါင်းဟာ (၉၀)ရာခိုင်နှုန်းလောက် တောရိုင်းတိရ စ္ဆာန်တွေ ဆီကနေပြီးတော့ Protein ဓာတ်ကို ရအောင်ယူတယ်ဆိုတာလည်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံ အနေနဲ့ကတော့ အဲဒီလောက်အထိ ခံစားရမှု မရှိပါဘူး။ အဲဒီလို ရာသီဥတုတွေဖောက်ပြန်တယ်။ မြေတွေခြောက်သွေ့လာတယ်။ အဲဒီတော့(၁၉၉၇)မှာ Kyoto Protocol ခေါ်တဲ့ Convention က

နေပြီးတော့ထွက်ပေါ်လာတဲ့ ဓာတ်ငွေ့အရည်(၆)မျိုးရှိပါတယ်။ ကျွန်တော်တို့က (၁)ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့၊(၂) နိုက်ထရစ်အောက်ဆိုဒ် ဓာတ်ငွေ့၊ (၃) မီသိန်း၊ (၄) ဟိုက်ဒရိုဂျင်ဖလိုရိုက်၊ (၅)ပါဖလူရိုရိုက် (၆) ဆာဖာဟက်စာဖလူရိုရိုက်လို့ခေါ်တဲ့ ဓာတ်ငွေ့(၆)မျိုးဟာ Kyoto Protocol ကနေပြီးတော့ လေထုထဲမှာ လွင့်ပျံ့နေတယ်ဆိုတာကို ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ဒါကိုပဲ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စား လှယ်ကြီးများ သိရှိပြီးဖြစ်တဲ့ ဖန်လုံအိမ်ဓာ တ်ငွေ့ ဆိုတာ အဲဒီ (၆)မျိုးပါပဲ။ အဲဒီ ဓာ တ်ငွေ့(၆)မျိုး လွှမ်းမိုးနေတဲ့အတွက် ရာသီဥတုက ပူနွေးတယ်။ အောက်ဆီဂျင်ကနည်းတယ်။ အိုဇုန်းလွှာနဲ့ ကျွန်တော်တို့တွေထိတဲ့အခါမှာ ဓာတ်ပြုမှုအားနည်းတဲ့အတွက် အိုဇုန်းလွှာတွေ ပါးရတယ်။ ဆင့်ကဲဆင့်ကဲပေါ့။ သဘာဝပတ်ဝန်းကျင်ရဲ့ အနေအထားတွေ ဖြစ်ပေါ်လာခြင်း ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ကတော့ အခုမှ ကျွန်တော်တို့က လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ကူးပြောင်းတာဖြစ်တဲ့အတွက် ဒီကျွန်တော်တို့ Biological Diversity ခေါ်တဲ့ ပတ်ဝန်းကျင်သန့်ရှင်းမှုဟာ သိပ်ပြီးစိုးရိမ်စရာတော့ မရှိသေးဘူးပေါ့လေ။ စိုးတော့စိုးရိမ်နေကြတာပေါ့။ အားလုံးပြောတဲ့အတွက် ဒီ မေလ (၂၂)ရက်နေ့မှာပဲ International Day for the Biological Diversity နေ့မှာ ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ အခုမှ ကျွန်တော်ပြောတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်လို့ ဒီရေတောတွေ ဖန်တီးမယ်။ သစ်စိုက်ခင်းတွေ ဖန်တီးမယ်။ တောရိုင်းတိရစ္ဆာန်တွေကို ပြန်လည်ပြီးတော့ ပြုစုမယ်။ ပျိုးထောင်မယ်။ ကျေးငှက်သာရကာတွေ ပြုစုပျိုးထောင်မယ်ဆိုတော့ ကျွန်တော်တို့က ဒီသဘာဝ ပတ်ဝန်းကျင် ဒီကနေဘာတွေ ကျွန်တော်တို့ ရလဲ။ ရတဲ့ဥစ္စာတွေက အစားအစာအတွက်ရတယ်။ အထည်အလိပ်အတွက်ရတယ်။ ရေမွှေးလိုကမှစပြီးတော့ ဆေးဝါးအဖြစ်နဲ့ ကျွန်တော်တို့ရတယ်။ အပူစွမ်းအင်တွေရတယ်။ အဲဒီလို အစီအစဉ်တွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံသစ်တောသယံဇာတမပြုန်းတီးရေး၊ ဒီသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုတဲ့အရာတွေမှာ နှစ်စဉ်နှစ်တိုင်းလိုလို နိုင်ငံတော်အစိုးရဘက်က၊ ရှေးယခင် အစိုးရတွေလည်းပဲ ဒါဟိုသစ်တောတော့ ခုတ်ခဲ့ရတယ်။ ကျွန်တော်တို့ Save Environmental Drain ပတ်ဝန်းကျင် အစဉ်စိမ်းလန်းစိုပြေနေရမယ်။ နောက်ကျွန်တော်တို့ Save Natural Balance of Eco System လို့ခေါ်တဲ့ ဂေဟစနစ် ထိန်းသိမ်းမှုကိုလည်းပဲ အစဉ် စောင့်ကြပ်နေတဲ့အတွက် ကျွန်တော်တို့ ယခု ရှမ်းပြည်နယ် မဲဆန္ဒ နယ်မြေအမှတ်(၈)မှ

ဦးရှုမောင် ရဲ့ အဆိုတင်သွင်းအပ်သော သစ်တောသယံဇာတမပြုန်းတီးရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကို အပြည့်အဝကာကွယ်ပေးရန် ဆိုတဲ့အဆိုဟာ အမျိုးသားရေးအတွက် အဓိက ကျသော အဆို ဖြစ်တယ်။ တန်ဖိုးရှိတဲ့အဆို ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဝိုင်းဝန်းပြီးတော့ နိုင်ငံအလိုက်၊ မိသားစုအလိုက်၊ တစ်ဦးချင်းအလိုက် ရရှိတဲ့တာဝန်တွေ နဲ့ စုံစုံညီညီ ဆောင်ရွက်သွားကြမယ်။ ဒါကို ကျွန်တော် အမျိုးသားစီးပွားရေး National Economic Devolopment အစီအစဉ် ဖြစ်တဲ့အတွက် လေးစားစွာ ထောက်ခံပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးညီညီထွန်း ဆွေးနွေးနိုင်ပါပြီ။

**ဦးညီညီထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) ။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးရှုမောင် တင်သွင်းသော အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ အဆိုမှာ သစ်တောသယံဇာတများ မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အပြည့်အဝအကာအကွယ်ပေးနိုင်ရေးအတွက် သစ်တောဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဆွေးနွေးချက်အား ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးညီညီထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ ကျွန်တော့်အနေနဲ့ ၎င်းအဆိုကို အပိုင်း (၄)ပိုင်းခွဲပြီး ဆက်စပ်ပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ နှစ်ပေါင်း (၃၀)အတွင်း ကျွန်တော်တို့ရဲ့ ရှေ့မှာ သစ်တောများ ပျောက်ကွယ်သွားခြင်းကို ဒီဒေသတစ်ခုအား ဥပမာပေးပြီးတော့ ဆွေးနွေးမှာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာ ထိုသို့ သစ်တော

သယံဇာတများ ပျက်စီးပျောက်ကွယ်သွားတဲ့အတွက် ဖြစ်ပေါ်လာသော အကျိုးဆက် များနဲ့ ဝမ်းနည်းဖွယ်ရာဖြစ်ရပ်မှန်များကို တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။ တတိယပိုင်းမှာ လတ်တလော ဆောင်ရွက်ရမယ့်ကိစ္စများနဲ့ နောက်ဆုံးအပိုင်းမှာ သစ်တောဥပဒေများကို ဆွေးနွေးမှာ ဖြစ်ပါ တယ်။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မွန်ပြည်နယ် ၊ ကျိုက်ထိုမြို့မှာတည်ရှိတဲ့ ဆံ တော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီးကို တည်ရှိတဲ့ ကျိုက်ထီးရိုး တောင်တန်းကြီးကို ဥပမာပေးပြီးတော့ ကျွန်တော်ဆွေးနွေး ခွင့်ပြုပါခင်ဗျား။ လွန်ခဲ့သော နှစ်ပေါင်း (၃၀)ကျော်ကျော်လောက်က သစ်ပင်ကြီးတွေ တောအုပ်ကြီးတွေနဲ့ စိမ်းညို့နေသော ကျိုက်ထီးရိုး တောင်တန်းကြီးဟာ အခုဆိုရင်ဖြင့် သစ်ပင်ကြီးများကွယ်ပျောက်လို့ တောင်ကတုံး ဖြစ်နေပါပြီ ခင်ဗျား။ ဒီသစ်တောကြီးထဲမှာ ပျော်ပါးနေတဲ့ တောနေသတ္တဝါများနဲ့ ကျေးငှက် သာရကာများ ဟာလည်း မျိုးသုဉ်းပျောက်ကွယ်ကုန်ပြီဖြစ်ပါတယ်။ သဘာဝအတိုင်းတည်ရှိနေတဲ့ ရေအရင်းအမြစ် များဖြစ်တဲ့ စိမ့်၊ စမ်း၊ ရေတံခွ န်များနဲ့ ရေထွက်ပေါက်များဟာလည်း ခန်းခြောက်လို့နေပြီ ဖြစ်ပါ တယ်။ သစ်ပင်မရှိလို့ မျောက်သတ္တဝါများဟာလည်း မြေပြင်မှာလမ်းလျှောက်ရတဲ့အဖြစ်ကို ရောက်ရှိ နေပါတယ်။ ကျိုက်ထိုမြို့နယ်မှာ ကြိုးဝိုင်း (၃)ခုရှိပြီး ဝက်ဝံတော င်ကြိုးဝိုင်းဟာ ဧကပေါင်း (၃၇၁၃)ဧကရှိပြီးတော့ သို့သော်လည်းပဲ သစ်ပင်တစ်ပင်မှ မရှိပါဘူး။ ကျွန်းထောက်ကြိုးဝိုင်းဟာ ဧရိယာ(၂၁၃၈)ဧကရှိပေမယ့် သစ်တောသယံဇာတများ ဘာမှမရှိပါဘူး။ ကျိုက်ထီးရိုးကြိုးဝိုင်း ဧရိယာ(၃၈၆၀၆)ဧကရှိပြီးတော့ သစ်ပင်ကြီး အနည်းငယ်ပဲရှိပါတယ်။ သစ်တောဦးစီးဌာနက အကူအညီနဲ့ ဒီပုဂ္ဂလိက ကျွန်းစိုက်ခင်း ဧကပေါင်း ဧက (၁၀၀)လောက်သာ စိုက်နိုင်တဲ့အတွက် ပျက်စီးသွားတဲ့ သစ်တောသယံဇာတများကိုပြန်ပြီးတော့ဖြည့်ဆည်းနိုင်စွမ်းမရှိဘူးဆိုတာ ထင်ရှားပါ တယ်။ မွန်ပြည်နယ်မှာ ရာဘာစိုက်ခင်းများအများကြီးရှိပေမယ့် ရာဘာပင်ရဲ့ သဘောသဘာဝကတော့ အကိုင်းအခက်နည်းပြီးတော့ အဆေး လှီးရတဲ့အတွက် နှစ်ပေါင်း (၃၀)မှာ တစ်ခါခုတ်လှဲပြီးတော့ ပြန်စိုက်ရလို့ နိုင်ငံစီးပွားရေးကို အထောက်အကူပြုပေမယ့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို နည်းနည်းပဲ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။ ကျိုက်ထီးရိုးတောင်တန်းကြီးနဲ့ တောင်ခြေ ပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်ကြီးများ ဘယ်ကိုရောက်သွားပြီလဲ။ ဒီအချက်က ဆွေးနွေးရမယ့် အချက်ပါ။ ဒီသစ်ထုတ်ခွင့်ရထားတဲ့ ကုမ္ပဏီများဟာ စက်ယန္တရားများသုံးပြီးတော့ ဒီလုပ်ကွက်ထဲကို လမ်းဖောက်ပြီးတော့ ဝင်ရောက်လာပါတယ်။ စည်းကမ်းနဲ့အညီပဲ ခုတ်ခုတ်၊ စည်းကမ်းနှင့်မညီဘဲ သစ်ထုတ်သည်ဖြစ်စေ၊ သေချာတာတစ်ခု ကတော့ ဒီလမ်း ကိုအသုံးပြုပြီးတဲ့ အခါမှာ ဒေသခံ

တရားမဝင်သစ်ခိုးအဖွဲ့များက နောက်ကလိုက်ပြီးတော့ သစ်များကို အောက်ခြေသိမ်းခုတ်လှဲခြင်း၊ သစ်ငုတ်များကို မီးသွေးဖုတ်ခြင်း၊ လောင်စာများအတွက် ထင်းခုတ်ခြင်း တို့ကြောင့် ဒီသစ်တော ဧရိယာတစ်ခုလုံးဟာဖြင့် ဒီပတ်ဝန်းကျင်တစ်ခုလုံးဟာ လုံးဝပျက်သုဉ်းရတဲ့ အနေအထား ရောက်ရှိလာပါတယ်။ နောက်ပိုင်းမှာ တရားမဝင်ဝင်လာတဲ့ ဒီ Chain Saw များဟာလည်း သစ်တောများကို မျိုးသုဉ်း တဲ့အဖြစ်များ ဖြစ်ပေါ်လာခဲ့ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောသယံဇာတများ ပျက်စီးပျောက်ကွယ်သွားတဲ့အတွက် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်ကတော့ အရမ်းကြောက်ဖို့ကောင်းပါတယ်။ သားစဉ်မြေးဆက် အထိမစောင့်ဘဲနဲ့ လက်တွေ့ကို ခံစားလိုက်ရတာလေးကိုက်သေပြပြီးတော့ ကျွန်တော်တင်ပြချင်ပါတယ်။ ကျိုက်ထီးရိုးတောင်ခြေကနေပြီးတော့ (၅)မိုင်လောက်ဝေးတဲ့ ဒီကရင်ရွာလေးတစ်ရွာဟာ တောင်ပြိုကျမှုကြောင့် တစ်ရွာလုံးနီးပါး ပျောက်ဆုံးသွားပ ါတယ်။ ဒီအဖြစ်အပျက်က ၁၉၉၈ ခုနှစ်မှာ တကယ်ဖြစ်ခဲ့တာပါ။ ကျွန်တော်ကိုယ်တိုင် ရွှံ့နွံထဲကနစ်နေတဲ့ ဒီလူ (၆၉)ယောက်ကို သင်္ဂြိုလ်ပေးခဲ့ပါတယ် ။ ပြီးတဲ့အခါမှာ ရွာပျက်သွားတဲ့ အတွက် ရွာသစ်တည်ပေးခဲ့ပါတယ်။ ဒါကြောင့် အပိုင်း (၃)အနေနဲ့ ကျွန်တော်ပြောချင်တာက လတ်တလောဆောင်ရွက်ရမယ့်အချက်တွေ ကျွန်တော်တို့မှာ ရှိလာပါတယ်။ နံပါတ် (၁) စိုက်ခင်းသစ်တောများသည် သဘာဝသစ်တောများကို အစားထိုးနိုင်ခြင်း မရှိကြောင်း ကျွန်တော်တို့လက်ခံရမှာဖြစ်ပါတယ်။ ကျန်ရှိတဲ့သဘာဝ သစ်တောများကို ထိန်းသိမ်းထားရမှာဖြစ်ပါတယ်။ ဒီသစ်ထုတ်လုပ်မှုကို လုံးဝတားမြစ်ခြင်း သို့မဟုတ် နှစ်အကန့်အသတ်ဖြင့် ရပ်ဆိုင်းစေခြင်း သို့မဟုတ် တင်းကြပ်သော စည်းကမ်းများနှင့် ထုတ်လုပ်ခွင့် ပေးခြင်းများကို ကျွန်တော်တို့ ဆောင်ရွ က်ကြရမှာဖြစ်ပါတယ်။ (၂) သစ်တောများပျက်စီး ပြုန်းတီးနေသော ဒေသများမှာ သစ်တော များပြန်လည် ထူထော င်နိုင်ရေးအတွက် သစ်တော စိုက်ပျိုးရေး သမဝါယမအသင်းများ တည်ထောင်ပြီး ရင်းနှီး မြှုပ်နှံမှုများ ပြုလုပ်နိုင်စေရန် ငွေကြေးများ ထောက်ပံ့ခြင်း၊ ချေးငှားခြင်းများ ပြုလုပ်ပေးရမှာ ဖြစ်ပါတယ်။ ဒါမှသာလျှင် စိုက်ခင်း သစ်တောနှင့် သဘာဝသစ်တောများကို ညီညွတ်မျှတစွာ ပေါင်းစပ်သည့်နည်းဖြင့် နိုင်ငံတော်၏ သစ်တောသယံဇာတများကို အကျိုးရှိစွာ အသုံးပြု ချသွားရမှာ ဖြစ်ပါတယ်။ (၃)ဂေဟစနစ် မျှတရေးအတွက် တောပျက်နဲ့ ယာမြေဖုန်းစိုးများမှာ အကြီးမြန်တဲ့ သစ်အမျိုးအစားများကို ပြန်လည်ပြီးတော့ စိုက်ပျိုးခြင်းကို အားပေးရမှာဖြစ်ပါတယ်။ (၄) သစ်ထုတ်ပြီးတော့ လုပ်ကွက်များမှာ တာဝန်ရှိတဲ့သူများကို သစ်ပင်များပြန်လည် စိုက်ပျိုးစေခြင်း၊ ရှင်သန် အောင်ပြုစုခြင်း၊

တောမီးမလောင်အောင် မီးတားလမ်းများ၊ မီးဖျက်လမ်း များ၊ မီးကင်းများထားရှိခြင်းဖြင့် သစ်တောကို ပြန်လည်အောင်မြင်အောင် ဆောင်ရွက်ပေးရပါမယ်။ (၅) သစ်တောသယံဇာတ အရင်းအမြစ်များ ထာဝစဥ်တည် တံ့ခိုင်မြဲရေးအတွက် ပြည်သူလူထု ပူးပေါင်းပါဝင်လာစေရန် သစ်တောများမှရရှိသည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သောအကျိုးများကို လည်းကောင်း၊ နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် သစ်တောများကိုပဇ်မူတည်နေသည်ကို လည်းကောင်း ကျယ်ကျယ်ပြ န့်ပြန့် စည်းရုံးဆောင်ရွက်ကြပါမည်။ (၆) သစ်တောမြေအတွင်း ဓာ တ်သတ္တု တူးဖော်ခြင်း၊ ကျောက်မျက်ရတနာအားတူးဖော်ခြင်းများ ဆောင်ရွက်တဲ့အခါမှာ စည်းကမ်းသတ်မှတ်ချက် များဖြင့် စနစ်တကျဖြစ်ဖို့ ကြီးကြပ်ဆောင်ရွက်ရပါမယ်။ (၇) သစ်တောမြေများအတွင်း ကျူးကျော် ဝင်ရောက်၍ အခြေချထားသည်များကို စည်းမျဥ်းစည်းကမ်းများချမှတ်ပြီး စနစ်တကျ အသိအမှတ် ပြုသွားရန်နှင့် အနာဂတ်သစ်တောမြေအတွင်း ကျူးကျော်ဝင်ရောက်မှုနှင့် တခြား သစ်တောမြေ အလွဲသုံးစားမှုများကို ဥပဒေအရ ထိရောက်သောပြစ်ဒဏ်များ ချမှတ်နိုင်ရန် သစ်တောဥပဒေကို ပြင်ဆင်ပြဌာန်းရန် လိုအပ်လာပါတယ်။ (၈) ရွှေ့ပြောင်းတောင်ယာစနစ် လုပ်ကိုင်သူများအား အစားအစာပိုမိုရရှိအောင်၊ လူနေမှုအဆင့်အတန်း တိုးမြှင့်အောင် ဆောင်ရွက် ပေးခြင်းအားဖြင့် သစ်တောများပြုန်းတီးစေသည့် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်း ဓလေ့အား ပပျောက်အောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။(၉) သစ်တောသယံဇာတများပြုန်းတီးရေးနှင့်သဘာဝထတ်ဝန်းကျင် ထိန်းသိမ်းရေးကို အပြည့်အဝကာကွယ်ပေးနိုင်သည့် ကော်မတီတစ်ရပ် ကို အမျိုးသား လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးရန် လိုအပ်လာမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောဥပဒေအကြောင်းကို ကျွန်တော် ဆက်လက် ဆွေးနွေးမှာဖြစ်ပါတယ်။ သစ်တောဥပဒေ Forest Law (ဥပဒေအမှတ်၊ ၈/၉၂) ကို ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ ပုဒ်မ - ၅၈ ဖြင့် The Forest Act (1902) ကို ရုပ်သိမ်းခဲ့ပါတယ်။ ယင်းဥပဒေမှာ အခန်း (၁၃)နှင့် ပုဒ်မပေါင်း (၅၈)ခု ပါရှိပါတယ်။ အခန်း (၄)မှာ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ဖြစ်ပါတယ်။ ယင်းအခန်းရဲ့ ဥပဒေပုဒ်မ ၁၇ မှာ သစ်တောထွက် ပစ္စည်းများကို ခွင့်ပြုမိန့်ရရှိပြီးမှသာ ထုတ်ယူခွင့်ရှိသည်။ သို့ရာတွင် စီးပွားဖြစ် မဟုတ်သည့် မိမိသုံး၊ လယ်ယာသုံး သို့မဟုတ် ငါးဖမ်းလုပ်ငန်းသုံး အတွက်ဖြစ်လျှင် သတ်မှ တ်အရေအတွက်ထက် မကျော်လွန်ပါက ခွင့်ပြုမိန့်ရယူရန်မလိုဘဲ ထုတ်ယူနိုင်သည်ဆိုပြီး ဆိုပါတယ်။ ဒီပုဒ်မအရ ဒီအချက်ကို အခွင့်ကောင်းယူပြီး စည်းကမ်းမဲ့

သစ်ခုတ်သည့်အတွက် ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ အခန်း (၁၀) ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ စီမံခန့်ခွဲရေး နည်းလမ်းများဖြင့် အရေးယူခြ င်း၊ ပုဒ်မ - ၃၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ကျွန်း (သို့မဟုတ်) တားမြစ်သစ်ပင်မှ တွေ့ရှိသည့် (၃)တန် အထက် မပိုသော အခြားသစ်များ ဖမ်းဆီးမိခြင်းဖြစ်လျှင် သစ်၏ဒေသတန်ဘိုးနှစ်ဆနှင့် ကျပ် (၁၀၀၀၀ိ/-) ထက်မပိုသော ဒဏ်ကြေးငွေကိုပေးဆောင်စေပြီး သစ်များအား ပြန်လည်ပေးအပ်ခြင်းပြုရပါမယ်။ ဒီအချက်ကလည်း ပြင်ရမယ့်အချက်ဖြစ်ပါတယ်။ ခုတ်ချင် သလောက်ခုတ်ပြီးတော့ ဖမ်းမိရင် ဒဏ်ရိုက်ပြီးတော့ ပြန်ပေးမယ့် သဘောဆောင် နေပါတယ်။ အခန်း (၁၂) ပြစ်မှုနှင့် ပြစ်ဒဏ်များ အခန်းဖြစ်ပါတယ်။ ပုဒ်မ ၄၀ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွ န်ကြောင်း ထင်ရှားခံရလျှင် ထိုသူအား ငွေဒဏ် (၅၀၀၀ိ/-) ထိဖြစ်စေ၊ ထောင်ဒဏ် (၆)လအထိဖြစ်စေ၊ ဒဏ် နှစ်ရပ်စလုံး ဖြစ်စေ ကျခံစေရမည်ဟု ပါပါတယ်။ (က) ကြိုးဝိုင်းတောအတွင်း ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ ဒီ အချက်နဲ့ပတ်သက်လို့ ကြိုးဝိုင်း အတွင်းမှာ ကျူးကျော်ဝင်ရောက်သူ အများအ ပြား ရှိပါတယ်။ဒီလိုရှိတဲ့အခါမှာ ငွေဒဏ် (၅၀၀၀ိ/-) ဆောင်ပြီးတော့ တစ်နှစ်လျှင် တစ်ဧကကို (၅၀ဝိ/-) ဆောင်စေခြင်းအားဖြင့် ကြိုးဝိုင်းထဲကို ကျူးကျော်ခွင့်ပေးသလို ဖြစ်နေပါ တယ်။ ဒါကြောင့် ဒီအချက်များဟာလည်း ပြင်ဆင်ရမည့် အချက်များ ဖြစ်ပါတယ်။ လေးစားအပ် ပါသောဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ သစ်တောသယံဇာတ မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဟာ နိုင်ငံတော်အတွက် အရေးတကြီး ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါ၍ ဦးရှုမောင် တင်သွင်းသောအဆိုအား ကျွန်တော့်အနေနဲ့ အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅:၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးရဲမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅:၂၅။**

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအပေါင်းအား မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကျယ်ဝန်းလှတဲ့ ဒီသဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးကို အရှည်တင်ပြလိုခြင်း မရှိတော့ပါဘူး။ မြန်မာနိုင်ငံမှာ သစ်တောပြုန်းတီးမှု၊ သစ်တောအလျင်အမြန် ပြန်လည်ပျိုးထောင်မှု၊ ကျွန်တော်တို့ဆီမှာ သစ်တော ပြုန်းတီးမှု ရာခိုင်နှုန်း ဘယ်လောက်ရှိတယ်။ ကျွန်တော်တို့လိုပဲ အခြားနိုင်ငံတွေမှာ ဘယ်လောက် ပြုန်းတီးနေကြတယ်။ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ဥပဒေမှာ အသစ်ပြဋ္ဌာန်းတဲ့အခါမှာ ကျွန်တော်တို့ ထည့်သွင်းစဥ်းစားရန် အချက်ကလေးတွေကိုပဲ အနှစ်ချုပ်အားဖြင့် တင်ပြလိုပါ တယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ သစ်တောပြုန်းတီးမှု ပြဿနာဟာ အရေးပါတဲ့ ပြဿနာတစ်ရ ပ်ဖြစ်တယ်ဆိုတာ မှန်ပါတယ်။ နောက် တစ်စတစ်စ သဲကန္တာရ ဖြစ်လာခြင်းနဲ့ ကုန်းမြေ၊ မြေဆီလွှာတွေ ပျက်စီးပြီးတော့ စိုက်ပျိုးမြေတွေ ပျက်စီးမှုဟာလည်း သစ်တောပြုန်းတီးမှုနဲ့ ဆက်စပ်နေတဲ့ အဓိကပြဿနာရပ်ကြီးတစ်ခု ဖြစ်ပါတယ်။ စိုက်ပျိုးမြေတွေ ပျက်စီးခြင်းအားဖြင့် စားနပ်ရိက္ခာထုတ်လုပ်မှုကို အကြီးအကျယ်ထိခိုက်စေတာတွေလည်းစာရင်း ဇယားတွေနဲ့ တကွတွေ့ရှိနေရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ သစ်တောဖုံးလွှမ်းမှုအနေနဲ့ ကချင်ပြည်နယ်ဟာ တောအထူထပ်ဆုံးဖြစ်ပြီး၊ တနင်္သာရီတိုင်းဟာ ဒုတိယအများဆုံး၊ စစ်ကိုင်းတိုင်းဟာ တတိယအများဆုံးဖြစ်ပါတယ်။ မကွေးတိုင်းမှာတော့ ပြုန်းတီးနေတဲ့ သစ်တောကို မြေနေရာတွေကို အများဆုံးတွေ့ရပြီးတော့ ကယားပြည်နယ်ဟာ ပြုန်းတီးမှု ဒုတိယအများဆုံး၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့ဟာ တတိယအများဆုံး ဖြစ်တာကိုလည်း တွေ့ရပါတယ်။ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးတဲ့ဒေသမှာတော့ ချင်းပြည်နယ်ဟာ ပထမဆုံး ဖြစ်ပြီး၊ ရှမ်းပြည်နယ်ဟာ ဒုတိယအများဆုံး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ဟာ တတိယအများဆုံးဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ သစ်တောပြုန်းတီးမှုဟာ အခုအချိန်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အဓိကပြဿနာတစ်ရ ပ် ဖြစ်လာ နေပြီဖြစ်ပါတယ်။ အပူပိုင်း ဇုန်ကြီးဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ နိုင်ငံခြားဝင်ငွေရရှိမှုကို တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အလျင်အမြန် ဒီသစ်တောထုတ်ယူခြင်းအားဖြင့်လည်းကောင်း၊ တိုးတက်လာတဲ့ လူဦးရေရဲ့လိုအပ်ချက်အရ ထင်း၊ မီးသွေးစတဲ့ လောင်စာစွမ်းအင် ပိုမိုသုံးစွဲမှု၊ ရွှေ့ပြောင်း တောင်ယာ စိုက်ပျိုးမှုအတွက် မြေကို အသုံးပြုဖို့ သစ်တောတွေ ရှင်းလင်းတာ၊ နောက် တရားမဝင် သစ်ခိုးထုတ်မှုကို ကြီးကြပ်မှု လျော့နည်းတာ၊ သစ်တောထိန်းသိမ်းမှုမှာ ဒေသခံပြည်သူတွေ ပူပေါင်းဆောင်ရွက်လိုမှုအားနည်းတာ အစရှိတဲ့ လူမှုစီးပွားရေး အကြောင်းအရာတွေကြောင့် သစ်တောပြုန်းတီးမှု ဖြစ်ပေါ်စေတာတော့

ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ အဓိကပြဿနာဖြစ်ပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့ ထင်း၊ မီးသွေးအသုံးပြုရတယ် ဆိုတဲ့နေရာမှာ မီးသွေး ထုတ်လုပ်မှုဟာ သာမန်သစ်ထုတ်လုပ်မှုထက် အဆများစွာ သစ်တောပြုန်းတီးစေတယ် ဆိုတာကို ဒါ့ကြောင့် သစ်တော စာရင်းဇယားနဲ့နီးစပ်တဲ့ ပုဂ္ဂိုလ်တွေ အားလုံးပဲ အသိဖြစ်ပါတယ်။ ဒီလိုဖြစ်ရတာလည်း ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးမှာ ဖြစ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ လူမှုစီးပွားရေးအရ လိုအပ်တဲ့စီးပွားဖွံ့ဖြိုးမှုမှာ စွမ်းအင်ကို ကျွန်တော်တို့ အခြားနေရာကနေ အစားထိုးပေးနိုင် ခြင်း မရှိသေးလို့ပဲ ဖြစ်ပါတယ်။ ဥပမာ ဆိုပါတော့ ကျွန်တော်တို့ ဓာ တ်ငွေ့စွမ်းအင်လိုမျိုးကို အများပြည်သူသုံးစွဲ နိုင်အောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိတာဟာလည်း ထိန်းသိမ်းလို့မရတဲ့ သစ်တောပြုန်းတီးမှု ဖြစ်ရပ်တစ်ခုပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စွမ်းအင်လို အပ်ချက် စုစုပေါင်းရဲ့၈၄.၁၁ ရာခိုင်နှုန်းကို ထင်း၊ မီးသွေး ကို အသုံးပြုနေတာကို တွေ့ရှိနေရပါတယ်။ သက္ကရာဇ် ၂၀၀၀မှာ မြန်မာနိုင်ငံရဲ့ ထင်း၊ မီးသွေး သုံးစွဲမှုပမာဏဟာ ကုဗတန်သန်း(၂၀)တောင် ရှိခဲ့ပါတယ်။ သုတေသနမှတ်တမ်းများအရ အဲဒီကာလ အတွင်းမှာ လူဦးရေခန့်မှန်းသန်း(၅၀)လောက် ရှိနေပြီးတော့ အဲဒီသန်း(၅၀)သုံးစွဲတဲ့ ထင်း၊ မီးသွေး ပမာဏဟာ ကုဗတန်(၂၅)သန်းထက် မလျော့နိုင်ကြောင်းကို ထင်းစိုက်ခင်း သုတေသန မှတ်တမ်း တွေအရ ကျွန်တော်တို့တွေ့ရှိနေရပါတယ်။ နှစ်စဉ်ဒီလိုသုံးစွဲမှုဟာ တိုးပွားနှုန်း ကုဗတန်(၁၀) သန်း ရှိမယ်လို့တောင် ကျွန်တော်တို့ တွက်ချက်ရရှိခဲ့ပါတယ်။ ၁၉၉၇ခုနှစ် မှတ်တမ်းအရ ထင်းစိုက်ခင်း ဧရိယာ စုစုပေါင်းဧက (၁.၃) သန်းရှိပြီးတော့ နှစ်စဉ်စိုက်ပျိုးနှုန်းဟာ ဧ က(၃၀၀၀၀)ကျော်လေးပဲ ရှိနေပါတယ်။ ဒီ ကိန်းဂဏန်းအရ မြန်မာနိုင်ငံ ထင်း၊ မီးသွေး လိုအပ်ချက်အားလုံးနီးပါးဟာ သဘာဝသစ်တောတွေက ထုတ်ယူသုံးစွဲနေတယ်ဆိုတာကိုဖော်ပြနေတဲ့ ကိန်းဂဏန်းတွေပဲ ဖြစ်ပါတယ်။ အမှန်တော့ရွှေ့ပြောင်းတောင်ယာခုတ်ယူခြင်းဟာ အဓိကအားဖြင့် ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့မှာ ဖြစ်ပေါ်နေပေမယ့် ဒီရွှေ့ပြောင်း တောင်ယာခုတ်ယူခြင်းထက် ထင်း၊မီးသွေး ထုတ်လုပ်မှုကြောင့် အန္တရာယ်ကပိုကြီးနေတယ်ဆိုတာကို ကျွန်တော်တို့ ကိန်းဂဏန်း၊ ဇယားတွေမှာတွေ့ရှိနေရပါတယ်။ နောက်တစ်ချက်က ၂၀၀၁ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေး အဖွဲ့ FAO ရဲ့ ထုတ်ပြန်ချက်အရ ၂၀၀၀ ပြည့်နှစ် မြန်မာနိုင်ငံရဲ့ဧရိယာဧ က (၈၅.၀၅)သန်း၊ ဟတ်တာအားဖြင့် (၃၄.၄၂)သန်းဟာ သစ်တော ဖုံးလွှမ်းနေတာကို စိစစ်တွေ့ရှိရပြီးတော့ ၁၉၉၅ ခုနှစ်ထက် ၂၀၀၀ ပြည့်နှစ်မှာ ဧက(၁.၆)သန်း ထပ်မံလျော့နည်းသွားတာ ကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ၂၀၀၅ခုနှစ် အာရှပစိဖိတ်ဒေသဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ အစီရင်ခံစာ

တင်ပြချက်အရ မြန်မာနိုင်ငံရဲ့ သစ်တော ဧရိယာဟာ ၁၉၉၀ ခုနှစ် စုစုပေါင်းမြေ ဧရိယာရဲ့ ၆၀ ရာခိုင်နှုန်းမှာ သစ်တောဖုံးလွှမ်းမှု ရှိပြီးတော့ ၂၀၁၂ ခုနှစ်မှာ ၅၂ ရာခိုင်နှုန်း အထိ ထိုးဆင်း သွားတာကိုလည်း တွေ့ရှိ နေရပါတယ်။ ဒါပေမယ့် ကမ္ဘာမှာ မြန်မာနို င်ငံရဲ့ သစ်တောဧရိယာ အတန်အသင့်ကျန်သေးတယ်ဆိုပေမယ့် ကမ္ဘာမှာတော့ သစ်တောဧရိယာ လျင်မြန်စွာကျဆင်း နေတဲ့ နိုင်ငံတွေဟာ မက်ဆိုနီးယားနိုင်ငံ၊ နီပေါနိုင်ငံ၊ သီရိလင်္ကာ၊ မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံတို့က အဓိကဖြစ်ကြောင်းတွေ့ရှိရပါတယ်လို့ ဆိုထားပါတယ်။ အခုလိုဖြစ်ရခြင်းဟာ ကျွန်တော်တို့ နိုင်ငံတော်အစိုးရတို့ရဲ့ ပေါ်လစီနဲ့လည်း သက်ဆိုင်ပါတယ်။ ဖွံ့ဖြိုးဆဲနို င်ငံတွေမှာ အများနှင့်တန်းတူ ပြည်သူ့ဘဝမြင့်တင်ရေးအတွက် ကျွန်တော်တို့စီးပွားရေးကို လျင်မြန်စွာဖွံ့ဖြိုးဖို့ နိုင်ငံခြားဝင်ငွေ လျင်မြန်စွာရရှိဖို့ ဆိုတဲ့အခါမှာ ဒီသစ်တောကို အဓိကထားပြီးတော့ ထုတ်ယူရတဲ့ အချက်ဟာလည်း အဓိကအချက်တစ်ချက် ဖြစ်ပါတယ်။ ဒါ ပေမယ့် လယ်ယာစိုက် ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစေပြီးတော့ ရာသီဥတုကိုကောင်းမွန် မျှတစေဖို့အတွက် သစ်တောနေရာတွေမှာ ရာဘာပင်များကို မိုးနည်းရေရှားခြောက်သွေ့လွန်းတဲ့ မြန်မာနိုင်ငံအလယ်ပိုင်းမှလွဲပြီး နိုင်ငံရဲ့ဒေသအများစုမှာ စိုက်ပျိုးစေခဲ့တာကို လည်း တွေ့ရှိရပါ တယ်။ ရာဘာပင်ကို ပြုန်းတီးသွားတဲ့ သစ်တော၊ သစ်ပင်နေရာတွေမှာ ပြန်လည်အစားထိုး စိုက်ပျိုးခြင်းဖြင့် သဘာဝ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး သစ်တောထူထပ်မှုကို ပြန်လည် နလန်ထူစေမယ်လို့ ယူဆလို့ပဲ ဖြစ်ပါတယ်။ သို့သော်လည်း လက်တွေ့မှာ ဥပဒေရဲ့ ကြပ်မတ်မှု လိုနေတာကို ကျွန်တော်တို့နေရာ အနှံ့ အပြားမှာ တွေ့ နေရပါတယ်။ အဓိကအားဖြင့်တော့ ကျွန်တော်တို့ ဒီသစ်ပင်စိုက်ပျိုးမှု ဟာ အထူးသဖြင့် နယ်စပ်ဒေသတွေမှာ ပြည်နယ်ဒေသတွေမှာ သစ်တောသစ်ပင်ရှိတဲ့အကွက်ကို ရာဘာပ င်စိုက်ပျိုးမှုတွေဟာ အခုလက်တွေ့ တွေ့မြင်နေရပါ တယ်။ ဒါတွေကိုလည်း ကြ ပ်မတ်ပေးနိုင်ဖို့ ဥပဒေမှာ ထည့်သွင်းစဥ်းစားနိုင်ဖို့ အကြံပြုတင်ပြ အပ်ပါတယ်။ နောက်တစ်ချက်ကတော့ အာရှပစိဖိတ်ဒေသဆိုင်ရာ ပတ်ဝန်းကျင်အ ခြေအနေ အစီရင်ခံစာ(၂၀၀၅)မှာ ကို ရီးယား၊ ဂျပန်နဲ့ မြန်မာနိုင်ငံ (၃)နိုင်ငံမှာ ဓာ တ်မြေသြဇာသုံးစွဲမှု ပမာဏဟာ တစ်ဧကမှာ (၂၀)ကီလိုဂရမ် ဖြစ်ပြီး အခြားနိုင်ငံတွေနဲ့ နှိုင်းယှဥ်ရင် အလွန်မြင့်မား နေတယ်လို့ ဆိုထားပါတယ်။ အကျိုးဆက် ကတော့ ကျွန်တော်တို့ဆီမှာ ရေထုနဲ့မြေထု ညစ်ညမ်းပြီးတော့ စိုက် ပျိုးနိုင်တဲ့မြေဧရိယာ ယုတ်လျော့ ပျက်စီးမှုတွေ တိုးပွားလာနိုင်တယ်လို့ သူတို့တွက်ဆထားပါတယ်။ ဒါဟာလည်း ကျွန်တော်တို့သစ်တောပြန်လည်ထူထောင်ရေးနဲ့ စိုက်ပျိုး

မြေတွေပျက်စီးမှုကို ကာကွယ်ရေးအတွက် အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်နေပါတယ်။ ဥပဒေ ပြဋ္ဌာန်းချက်မှာထည့်သွင်းစဥ်းစားဖို့ အကြံပြုအပ်တဲ့ အချက်လည်းဖြစ်ပါတယ်။ ဒီစံနှုန်းတွေ အရဆိုရင် အပူပိုင်းဒေသ သစ်တောတွေဟာလာမယ့် ယခုလက်ရှိ (၂၅)နှစ်တာကာလ အတွင်းမှာ အမေရိကတိုက်(၄)နိုင်ငံမှာ အပူပိုင်းသစ်တောတွေ ပျောက်ကွယ်သွားပြီဖြစ်ပါတယ်။ အာဖရိက တိုက်မှာ (၃)နိုင်ငံနဲ့အာရှတိုက်မှာ(၂)နိုင်ငံပျောက်ကွယ်သွားပြီဖြစ်ပါတယ်။ ဒီနှုန်းထားအရဆိုရင် လာမယ့် အနှစ်(၅၀) အတွင်းမှာ နောက်ထပ် (၁၃)နိုင်ငံမှာ အပူပိုင်းသစ်တော ကြီးတွေ လုံးဝ ပျောက်ကွယ်သွားမယ့် အနေအထားရှိတယ်လို့တောင် တွက်ဆထားတာဖြစ် ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ဥပဒေမှာ ထည့်သွင်းစဥ်းစားပေးဖို့ အချက်တစ်ချက်အဖြစ် တင်ပြလိုပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံမှာနေထိုင်ကြတာဖြစ်ပြီးတော့ လူဦးရေတိုးတက် လာတဲ့အတွက် မြို့ရွာတွေတိုးချဲ့တယ်။ စိုက်ပျိုးမြေတွေ တိုးချဲ့တယ်။ ထင်း၊မီးသွေးလိုအပ်ချက်တွေ ပိုမိုလာတယ်။ တောင်ယာတွေမီးရှို့ပြီးတော့ ကျွန်တော်တို့စိုက်ပျိုးမြေတွေ လုပ်ကြတယ်ဆိုတာဟာ ကျွန်တော်တို့ တစ်နိုင်ငံတည်းတော့ မဟုတ်ပါဘူး။ ဒါဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ဘိုးဘွားပိုင်သစ်တောဆိုပြီးတော့ တိုင်းရင်းသားလူ မျိုးစုတွေမှာ ရှိနေကြပါတယ်။ အခု သူတို့အစဥ်အဆက် နေလာခဲ့တဲ့နေရာတွေဟာ သစ်တော ဧရိယာထဲမှာ ဖြစ်နေပါတယ်။ ဒီတော့ ဒီကိစ္စကို ဖြေရှင်းတဲ့အခါမှာ အင်္ဂလိပ်က ထားခဲ့တဲ့ဥပဒေ၊ အိန္ဒိယ ကနေ ကျွန်တော်တို့ကူးယူဖော်ပြတဲ့ ဥပဒေတွေကိုပဲ တစိုက်မတ်မတ် အစွဲကြီးပြီးကျင့်သုံးမယ့်အစား လူမှုစီးပွားရေးကို ပြန်လည် ပြီးတော့ ကြည့်ခြင်းအားဖြင့်လည်းကောင်း၊ သစ်တောပြန်လည် ပျိုးထောင်ရေးမှာ အစိုး ရနဲ့ သစ်တောဦးစီးဌာနတို့ရဲ့ ကြိုးပမ်းအားထုတ်မှုဟာ လျင်မြန်စွာ သစ်တောဖြစ်ထွန်းရေးအတွက် လုံလောက်မှုမရှိတာကို နှစ်ပေါင်းများစွာ တွေ့ခဲ့ရတဲ့အတွက် ပြည်သူလူထုအနေနဲ့ သစ်တော ပြန်လည်ထူထောင်ရေးမှာ လိုလိုလားလား၊ တက်တက်ကြွကြွ ပါဝင်စေလိုတဲ့ ဆန္ဒ ရှိပါတယ်။ ဒီတော့ သူတို့ရဲ့ အကူအညီကိုရယူပြီး သစ်တောပြုစု ပျိုးထောင် နိုင်အောင်လည်း သူတို့ကိုနှင်ထုတ်မယ့်အစား ဒီဥပဒေတွေကို ပြင်ဆင်သတ်မှတ်ပေးဖို့ အကြံပြု လိုပါတယ် ခင်ဗျား။နောက်တစ်ချက်က ရွှေ့ပြောင်းတောင်ယာစနစ်ကို ကျင့်သုံးနေတဲ့နိုင်ငံဟာ ကျွန်တော်တို့တစ်နိုင်ငံထဲ မဟုတ်ဘဲနဲ့ ဒီရွှေ့ပြော င်းတောင်ယာစနစ်ကို ကျင့်သုံးနေတဲ့ ကမ္ဘာ့ လူဦးရေဟာ သန်း(၅၀၀)နဲ့ သန်း(၁၀၀၀) ကြားမှာရှိတယ်လို့ တွက်ဆထားတာရှိပါတယ်။ ဆိုလိုတာ ကတော့ နှစ်စဥ်စိုက်ပျိုးခြင်းမဟုတ်လို့ သန်း(၅၀၀)ကနေ သန်း (၁၀၀၀)ကြားကွာဟနေတာ ဖြစ်ပါ

တယ်။ ကမ္ဘာပေါ်မှာ ရွှေ့ပြောင်းတောင်ယာမြေဧရိယာဟာ(၂.၉)ဘီလီယံဟတ်တာ အကျယ်အဝန်း ခန့်မှန်းခြေက မြန်မာနိုင်ငံ အကျယ်အဝန်းရဲ့ (၄၃)ဆတောင်ရှိနေတာကို တွေ့ရပါတယ်။ ကမ္ဘာ့ စိုက်ပျိုးရေးလုပ်နိုင်တဲ့ မြေဧရိယာစုစုပေါင်းရဲ့(၃၀)ရာခိုင်နှုန်း ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်နေတယ် ဆိုတာကိုလည်း ကျွန်တော်တို့ ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။ဒီတစ်ချက်ဟာ ကျွန်တော်တို့ ဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံမှာ ကျွန်တော်တို့ ပြည်သူတွေထဲက ရာခိုင်နှုန်း ဘယ်လောက် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်နေလဲဆိုတာကို ခန့်မှန်းတွက်ချက်ပြီးတော့ ဥပဒေပြဋ္ဌာန်း ကျင့်သုံးတဲ့နေရာမှာ ကျင့်သုံးနိုင်အောင်လို့ တင်ပြခြင်းပဲဖြစ်ပါတယ်။ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်နေတာကို ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံ တွေဖြစ်တဲ့ ဗီယက်နမ်နိုင်ငံမှာ လူဦးရေ (၃) သန်း လုပ်ကိုင်နေပါတယ်။ လာအိုနို ငံမှာလည်း (၁.၆)သန်း လုပ်ကိုင်လျက်ရှိတယ်လို့ ခန့်မှန်း ထားပါတယ်။ ၂၀၀၂ ခုနှစ် သစ်တောဦးစီးဌာန ထုတ်ပြန်ချက်အရ သစ်တောဖုံးလွှမ်းမှုဧရိယာဟာ တစ်နိုင်ငံလုံးရဲ့ (၂၂.၈)ရာခိုင်နှုန်း တောပျက်တွေ ဖြစ်နေပြီဆိုပြီးတော့ အခုလိုပျက်စီးရခြင်း အဓိကအကြောင်းအရင်းကလည်း ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်မှုကြောင့်လို့ ဆိုထားပါတယ် ။ သို့သော်လည်းအထက်က ကျွန်တော်တင်ပြခဲ့တဲ့ စာရင်းဇယားတွေအရ ရွှေ့ပြောင်းတောင်ယာဟာ နိုင်ငံအများမှာပြုလုပ်နေပြီးတော့ ရွှေ့ပြောင်းတောင်ယာကြောင့်ထက် ထင်း၊ မီးသွေး ခွင့်ပြုချက် ဟာလည်း လူမှုစီးပွားရေးတွေနဲ့ ဆက်စပ်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့စိမ်းအင်လိုအပ်ချက်ကို လျင်လျင်မြန်မြန်ပံ့ပိုးပေးနိုင်တာနဲ့အညီပဲ ကျွန်တော်တို့ သစ်တောပြန်လည်ပြုစု ပျိုးထောင်ရေးဟာ တိုက်ရိုက်အချိုးကျနေတယ် ဆိုတာကိုလည်း တင်ပြလိုပါ တယ်။ ဒါကြောင့် ဒီအချက်တွေကို ထည့်သွင်းစဉ်းစားပြီးတော့ကျွန်တော်တို့ ပြည်သူလူထု ပူးပေါင်းပါဝင်မှုရမှသာ လျင်လျင်မြန်မြန် သစ်တောဧရိယာ ဖြစ်ထွန်းမှာ ဖြစ်တဲ့အတွက် ပြည်သူလူထုရဲ့ လူမှုစီး ပွားရေး အချက်အလက် တွေကို အဓိကဦးစားပေးအနေနဲ့ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ ထည့်သွင်းစဉ်းစားပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လုံခြုံရေးနဲ့ကာကွယ်ရေး အရေးကြီးတဲ့ နိုင်ငံရေးကိစ္စရပ်တွေမှာတောင် ပြည်သူလူထုကို First Priority အဓိကဦးစားပေး ကဏ္ဍမှာထားပြီးတော့ လုပ် ကိုင်လာကြတဲ့ ဒီနေ့ကမ္ဘာမှာ သ စ်တောပြန်လည် ပြုစုပျိုးထောင်ရေးမှာလည်း သစ်တောတွင်း နေတဲ့ရွာတွေကို ရွှေ့ပြောင်းဖို့၊ သစ်တောရွာ တွေကို အရေးယူဖို့ထက် သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှု ကို အဓိက ထားပြီး ဥပဒေမှာစဉ်းစားပေးပါ။ ပြုပြင်ပေးပါလို့ တင်ပြရင်းနဲ့ ဦးရှုမောင်ရဲ့အဆိုကို ထောက်ခံပြီး နိဂုံးချုပ် တင်ပြလိုက်ရပါတယ်ခင်ဗျား။အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါတယ်။

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)က ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က ဦးရှုမောင်ရဲ့ သစ်တောသယံဇာတ မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အပြည့်အဝကာကွယ်ပေးနိုင်ရေးအတွက် သစ်တောဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန်ဆိုတဲ့ အဆိုကို ကျွန်မက ထပ်ဆင့်ထောက်ခံမှာ ဖြစ်ပါတယ်။ အခုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများ ထောက်ခံသွားကြပြီး ဖြစ်ပါတယ်။ အဲဒီအပေါ်မှာပဲ လိုအပ်တာကို ထပ်ဆင့် ထောက်ခံမှာ ဖြစ်ပါတယ်။ လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့ ကိုယ်စားလှယ်တော်ကြီးများရှင်။ ဥတုရာသီတောကိုမှီတယ်လို့ ကျွန်မတို့ကြားဖူးပြီးသားပါ။ နောက် သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်းခိုနိုင် တယ်လို့ ကျွန်မတို့ ကြားဖူးပြီးသားပါ။ အဲတော့ သစ်တောတွေရဲ့တန်ဖိုးဟာ အင်မတန်အေးမြတယ်။ အင်မတန်တန်ဖိုးရှိတယ်ဆိုတာ ဒါကျွန်မတို့ ဗုဒ္ဓဘာသာဝင်တွေ အားလုံးသာမက တစ်ကမ္ဘာလုံးနဲ့ လက်သင့်ခံပြီးတော့ သိထားပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အခုဒီလုပ်ငန်းကိစ္စတွေနဲ့ ပတ်သက်တာ၊ နိုင်ငံတော်နဲ့ပတ်သက်တာ၊ ပြည်သူလူထုနဲ့ ပတ်သက်တာအားလုံးကို ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းထား ပြီးပြီလို့ ကျွန်မက ယုံကြည်တဲ့အတွက် အဲဒီအထဲကဥပဒေတွေနဲ့ ကိုးကားပြီးတော့မှ ကျွန်မထောက်ခံ ဆွေးနွေးမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်(၄၅) နိုင်ငံတော်သည် သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်လို့ ပါပါတယ်။ အဲ ဒါကတော့ ဥပဒေ ပုဒ်မ ၄၅ ပါ။ နောက်တစ်ခါ ဥပဒေ ပုဒ်မ ၃၉၀မှာ နိုင်ငံသားတိုင်းသည် အောက် ဖော်ပြပါကိစ္စများတွင် နိုင်ငံတော်အား ကူညီရန် တာဝန်ရှိသည်ဆိုပြီးတော့ (က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်။ (ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။ (ဂ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားလာစေရန် ကြိုးပမ်း ခြင်း။(ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုပြီးတော့ ပါပါတယ်။ အဲဒီတော့ အခုသဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်တာနဲ့ ပတ်သက်လို့ နိုင်ငံတော်ကလည်း နိုင်ငံတော်ရဲ့အပိုင်းကို

ဆောင်ရွက်ရမှာဖြစ်သလို ကျွန်မတို့ ပြည်သူလူထုတွေကလည်း ကိုယ်စီကိုယ် စီ အသိစိတ်ဓာတ် အပြည့်နဲ့ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ပူး ပေါင်းပြီးတော့ နိုင်ငံတော်ကိုပံ့ပိုးပြီးတော့ ကျွန်မတို့ကတာဝန်သိစွာနဲ့ ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ နောက်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁(ဃ) နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နဲ့တားမြစ်ချက်များ ထိရောက် ခိုင်မာပြည့်စုံစေရန် လိုအပ်သော ဥပဒေပြဋ္ဌာန်းရမည်လို့ ပါရှိပါတယ်။ အဲဒီတော့ ကျွန်မတို့ အခုကမ္ဘာကြီးမှာရော ကျွန်မတို့ မြန်မာမှာပါ ဖြစ်နေတဲ့ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီးတော့ ဒါ ဖြစ်စဥ်ကတော့ ဂေဟ စနစ်တွေပျက်သုဥ်းတဲ့အခါမှာ သဘာဝဘေး အန္တရာယ်တွေကို အခုဒီနှစ်ပိုင်းတွေမှာ အင်မတန် ကြောက်စရာကောင်းတဲ့ ဘေးဆိုး၊ ဒဏ်ဆိုး တွေ ကျွန်မတို့ ကြားနေရပါတယ်။ အဲဒီအခါကျတော့ ဒီဂေဟစနစ်မပျက်သုဥ်းဖို့၊ ဒီဘေးအန္တရာယ် ကနေ ကာကွယ်ဖို့ အတွက်က ဒီသစ်တောတွေကို နောက်ကျန်တဲ့ တခြားအချက်တွေရော အားလုံးထိန်း သိမ်းစောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။ အဲဒီတော့အများကြီးပဲ ကျွန်မရှေ့မှာ အကုန်လုံးက အထောက်အထားတွေနဲ့ စာရင်းဇယားတွေနဲ့ အားလုံး အဆိုပြုသွားကြပြီဖြစ်ပါတယ်။ အဲဒီတော့ ဒီဥပဒေတွေအရ ကျွ န်မတို့ နိုင်ငံတော်အစိုးရ ကလည်းနိုင်ငံတော်အစိုးရရဲ့ ကဏ္ဍကနေပြီးတော့ ဆောင်ရွက်နေတာဖြစ်သလို ကျွန်မတို့ကလည်း ပံ့ပိုးပြီး တာဝန်သိစွာနဲ့ ဆောင် ရွက်ရမယ်လို့ ကျွန်မပြောချင်ပါတယ်။ နောက်တစ်ခုကတော့ ဒီလို သဘာဝဘေးအန္တရာယ်တွေ နဲ့ ပတ်သ က်ပြီး အခုဖြစ်နေတာက ပြောမယ်ဆိုရင် တော့ အများကြီးပဲ။ အဲဒါ ကျွန်မကို Test လုပ်ထားတာတွေလည်း ရှိပါတယ်။ အဲဒီအချက်ကလေး ကတော့ နည်းနည်းပြောချင်ပါတယ်။ ဥပဒေပြင်ဆင်တဲ့အခါမှာ တစ်ခုကတော့ သစ်ထုတ်လုပ်မှု လျှော့ချဖို့ ဒါတရားဝင်ရောင်းဝယ်တဲ့ အထဲမှာလည်းပါတယ်။ နောက်တစ်ခု ကတော့ တရားမဝင် သစ်ခိုးနေတာကို ကာကွယ်တားဆီးဖို့ ဒါကလည်းလေးလေးနက်နက်ထားပြီးတော့ လုပ်ဖို့၊ နောက်တစ်ခုက တောမီးလောင်တာ တွေ၊ ထင်း /မီးသွေး ထုတ်လုပ်တာတွေကိုလည်း နည်းနည်း ထိန်းချုပ်ဖို့ အခုဆို ကျွန်မတို့ ကြားနေ၊ သိနေ၊ မြင်နေရတာ တွေက ဘာလဲဆိုရင် ကျွန်မ တို့ ဘက်ကသစ်တောသစ်ပင်တွေ ပြုန်းတီးတဲ့အခါမှာ တချို့ဆိုရင် ကားကြီးတွေနဲ့ တစ်ခါတည်း သစ်ပင်တွေကို အမြစ်ကနေပြီးတော့ယူပြီးတော့ သယ်သွားတာတွေ တရားမဝင် ထုတ်တာတွေ တွေ့ပါတယ်။ အဲတော့ ဒီသစ်ပင်နဲ့ပတ်သက်ပြီးတဲ့ အခါကျတော့ သဘာဝဘေး အန္တရာယ်ကို ကာကွယ်ထိန်းသိမ်းနိုင်အောင်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်အောင် ကျွန်မတို့ အားလုံးပဲ

ဒီသစ်ထုတ်တာတွေ၊ သစ်နဲ့ပတ်သက်ပြီးတော့ သစ်တောပြုန်းတီး အောင်လုပ်တာတွေ နှစ် (၃၀) မတိုင်သေးဘဲနဲ့၊ အဲဒီအချိန်အခါ မကျသေးဘဲနဲ့၊ အရွယ်အစားလည်း မပြည့်မီသေးဘဲ နဲ့ သစ်တောတွေခုတ်တာတွေ၊ တောင်ယာမီးရှို့တာတွေ ကျန်တဲ့အချက်တွေလည်း အများကြီးပေါ့နော်၊ အဲဒါတွေကို ကျွန်မတို့က အကုန်လုံးတက်ညီလက်ညီနဲ့ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်တဲ့အပြင် စောစောတုန်းက ဦးရှုမောင် တင်ပြသလိုပဲ ကျွန်မတို့နိုင်ငံတော်ကလည်း ဥပဒေပြဋ္ဌာန်းတဲ့ အခါမှာ ဒါတွေကို ကာကွယ် စောင့်ရှောက်နိုင်ဖို့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေထဲမှာပါတဲ့ အတိုင်း နောက်ထပ်လည်း ထပ်မံပြီးတဲ့ အခါကျတော့ ကျွန်မတို့ဆီ ရောက်နေတာတွေလည်း ရှိတယ်။ နောက်ထပ်လည်း ထပ်မံပြီးတော့ ဦးရှုမောင် ပြောထားတဲ့ အတိုင်းပဲ ဦးရှုမောင်ရဲ့ သစ်တောသယံဇာတမပြုန်းတီးရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အပြည့်အဝ အကာအကွယ်ပေးနိုင်ရေးအတွက် သစ်တောဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန်ဆိုတဲ့ အဆိုကို အခြား ကိုယ်စားလှယ်တော်များနဲ့အတူ ကျွန်မ ကလည်းထပ်ဆင့်ပြီးတော့ လှိုက်လှိုက်လှဲလှဲ ထောက်ခံ ဆွေးနွေးပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင်၏ တိုက်တွန်းကြောင်း အဆိုနဲ့ပတ်သက်ပြီး ကျွန်တော်ဦးနေဝင်းထွန်းမှ ဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ ထောက်ခံဆွေးနွေးချက်ကို ဖတ်ကြား ဆွေးနွေးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ် ။

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)** ။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောများကို အစိုးရအဆက်ဆက်မှ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါတယ်။ သစ်တောရေးရာ ဝန်ကြီးဌာန အနေဖြင့် လည်း ပုဂ္ဂလိကလုပ်င န်းရှင်များကို သစ်ထုတ်လုပ်ခွင့်ပြုခဲ့ သလို ကြိုးဝိုင်း ကြိုးပြင်မြေလွတ်မြေရိုင်းများကို သစ်တောစိုက် ခင်းများကို ဥပဒေနဲ့အညီ စိုက်ပျိုး ခွင့်ပြုစေခဲ့ပါ တယ်။ ထို့ကြောင့် သစ်တောဌာနမှ ရှာဖွေပေးခဲ့သော ဝင်ငွေများကိုလည်း နိုင်ငံတော်မှ တစ်ဖက် တစ်လမ်း ရရှိခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ သစ်တောရေးရာ ဝန်ကြီးဌာနမှ ဥပဒေနဲ့အညီ သစ်ထုတ်ခွင့်၊ သစ် တောများကို စိုက်ပျိုးခွင့်ပေးနေသော်လည်း ပြည်သူအများစုသည် စီးပွားရေးဥပဒေကို လုပ်ထုံးလုပ်နည်းများကို မသိနားမလည်တာက တစ်ကြောင်း၊ ထုတ်လုပ်ခွင့်ရရှိသော ကုမ္ပဏီကြီးမှ သစ်များကိုထုတ်လုပ်ပြီး ပြန်လည်စိုက်ပျိုးခြင်း မရှိသည်ကတစ်ကြောင်း၊ လတ်တလော အကျိုးစီးပွားရရှိရေးကို ဦးစားပေးကာ ဆောင်ရွက်တာက တစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ စည်းရုံးသွေးဆောင်မှုကြောင့် သိမ်းသွင်းမှု တို့ကြောင့် သစ်များကို ယ်စပ်မှတစ်ဆင့် ပြည်ပသို့ တရားမဝင် ခိုးထုတ်ခြင်း၊ သစ်တောဧရိယာများကို ခုတ်ထွင်မီးရှို့၍ ငွေရလွယ်သော မဟုတ်မမှန် ဘိန်းစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက် ရှိကြပါတယ်။ တောင်ယာစိုက်ခင်းများနဲ့ ဘိန်းစိုက်ပျိုးခြင်းများ ကို ရောထွေး ဆောင်ရွက် နေတာကို တွေ့ရှိရပါတယ်။ အဲဒီလိုဖြစ်နေရတဲ့အတွက် အမျိုးသားလွှတ် တော်ကိုယ်စားလှယ်ကြီး ဦးရှုမောင် တင်ပြသကဲ့သို့ သစ်တောများဟာ ရာခိုင်နှုန်း များစွာ ကျဆင်းလျော့ပါးလျက် ရှိ တာကို တွေ့ရပါတယ်။ သစ်တောများကို တိုးပွားနိုင်စေရန်အတွက် လုပ်ငန်းရှင် ကြီးများသာမက ဒေသခံ တိုင်းရင်းသားပြည်သူများကို သစ်တောကြိုးဝိုင်းအတွင်း၊ သစ်တောကြိုးဝိုင်းအပြင် သစ်ထုတ်ခွင့်၊ ပြန်လည်စိုက်ပျိုးထူထောင် ထိန်းသိမ်းစောင့်ရှောက်ခွင့်ပေးပြီး သစ်ထုတ်လုပ်ငန်းကို အကျိုး ခံစားခွင့် ရာခိုင်နှုန်းတစ်ခုကို ဝန် ကြီးဌာနမှ ၂၀ ရာခိုင်နှုန်းသော်လည်းကောင်း (၂) ဒေသခံ ပြည်သူများကို ၈၀ ရာခိုင်နှုန်း ခံစားခွင့်ပြုပေးစေလိုပါတယ်။ ထိုသို့ပြည်သူများ လုပ်ပိုင်ခွင့် ရှိလာတဲ့ အချိန်မှာ ဥပဒေနှင့်အညီ ဝန်ကြီးဌာနမှ ကုမ္ပဏီများကို ထူထောင်ပေးခြင်း၊ စည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်းများ၊ ပညာပေးဟောပြောပေးခြင်း၊ ဆုပေးဒဏ်ပေးအရေးယူမှုများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဝန်ကြီးဌာနမှ စည်းရုံးဆောင်ရွက်ပေးစေလိုပါသည်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား၊ ဘရာဇီးနိုင်ငံမှလုပ်ငန်းရှင်တစ်ဦးဆိုလျှင် တောင်တွင်းကြီးမြို့နယ် တောင်ညိုဒေသမှ မြန်မာကျွန်းရွှေဝါမျိုးစေ့များကို ယခင်က တ စ်ပြည်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့်

ဝယ်ယူပြီး ၎င်းနိုင်ငံသို့ သယ်ဆောင်ကာ စိုက် ပျိုးစနစ်တကျပြုပြင်ဆောင်ရွက် စိုက်ပျိုးတဲ့အတွက် ယခုအချိန်မှာ သန်းကြွယ်သူဌေးကြီးတောင် ဖြစ်နေတဲ့အနေအထားကို ကြားသိရပါတယ်။ ကျွန်တော်တို့ ပြ ည်တွင်းမှာလည်း ဒီအကျိုးစီးပွား လုပ်ငန်းရှင်များသည် မြန်မာ့ သစ်လုပ်ငန်း များကို တန်ဖိုးထား စိုက်ပျိုးထိန်းသိမ်းမှုများလည်း ရှိလာပြီဖြစ်ပါတယ်။ သို့ပေမယ့် ယင်း လုပ်ငန်းများကို ပြည်သူများနှင့် ဒေသခံများအား ပါဝင်စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်လာနိုင် စေရန် လုပ်ကွ က်များချထားပေးပြီး ဒေသခံပြည်သူများ ကို သစ်တောများပိုင်ဆိုင်ခွင့် ရရှိသည်နှင့် အမျှ မိမိတို့ အကျိုးစီးပွားဖြစ်ထွန်းမည်ကို သိရှိနားလည်လာပြီး စနစ်တကျ စိုက်ပျိုးထုတ်လုပ် ရောင်းချခြင်း၊ ပြည်သူနှင့်ဝန်ကြီးဌာန ပူးပေါင်း ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် တဖြည်းဖြည်း လျော့နည်းလာသော သစ်တောကြီးများ လျင်မြန်စွာ ပြန်လည် ထွန်းကားတိုးပွားလာမည်ဟု ယုံကြည်မိပ ါသည်။ သစ်တော ဝန်ကြီးဌာနမှလည်း အချိုးအစား အလိုက် အကျိုးများရှိလာသည့်အပြင် သစ်တောများ ပြန်လည်တိုးပွားလာခြင်းကိုလည်း ဖြစ်စေ ပါမည်။ သဘာဝပတ်ဝန်းကျင် ကို စိမ်းလန်းစိုပြည် စေပြီး သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုစေပါသည်။ သစ်တောမြေများနှင့် အခြားမြေများကို ဘိန်းစိုက်ပျိုးရန် အသုံးချမှု လျော့နည်း ပပျောက်လာရေး ၊ ဘိန်းစိုက်ပျိုးမှု ၊ ဘိန်းကုန်ကူးမှု ၊ ပပျော က်စေခြင်းတို့လည်း အထောက်အကူပြု စေမည် ဖြစ်ပါသည်။ ပြည်သူ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒအတွက်လည်း အထောက်အကူပြု စေပါမည်။ ပြည်သူများ ၊ ဒေသခံများ၊ ကျေးလက်နေပြည်သူများ စီးပွားတိုးတက်လာကြသဖြင့် ဆင်းရဲနွမ်းပါးလျော့ ချမှု အတွက်လည်း အထောက်အကူပြုစေမည် ဖြစ်ပါသည်။ အလုပ်အကိုင် အခွင့်အလမ်း ရ ရှိကြ၍ နိုင်ငံခြားသို့တရားဝင်၊တရားမဝင်သွားရောက်လုပ်ကိုင်ခြင်းများ လျော့နည်းလာစေရေးလူကုန်ကူးမှု များကိုလည်း ချုပ်ငြိမ်းပပျောက်စေခြင်းအတွက် အထောက်အကူပြုမည်ဖြစ်ပါသည်။ အယူ ဝါဒ အစွဲအရလည်းကောင်း၊ အထင်အမြင်လွဲမှားမှုအရလည်းကောင်း၊ လက်နက်ကိုင်လမ်းစဉ်ကို ဆုပ်ကိုင်ထားကြသော ပြည်တွင်းပဋိပက္ခ အဖွဲ့အစည်းများလည်း ပြည်သူတို့ လူမှုဘဝ စီးပွားရေး ဖွံ့ဖြိုးမှုကို မျက်ဝါးထင်ထင် မြင်တွေ့လာတဲ့ အချိန်မှာဆိုရင် ငြိမ်းချမ်းသော လမ်းမပေါ်သို့ ရောက်ရှိလာကြခြင်းဖြင့် ပြည်တွင်း ငြိမ်းချမ်းမှုကိုလည်း အထောက်အကူပြုစေမည် ဖြစ်ပါတယ်။ ပြည်သူများသည် သစ်တောစိုက်ပျိုးထိန်းသိမ်းမှုမှသည် သစ်ထုတ်လုပ်ခြင်း၊ သစ်ကိုအခြေခံထည် အဆင့်အထိ နည်းပညာများအသုံးချလျက်အဆင့်တက်လုပ်ကိုင်လာခြင်း ကုန်ကြမ်း/ကုန်ချောများကို

ကမ္ဘာ့ဈေးကွက်အထိ သွယ်တန်းရောင်းချလာကြသ ည်ဖြစ်၍ ကမ္ဘာ့နှင့် ရင်ပေါင်တန်းနိုင်ပြီး နိုင်ငံဂုဏ်တက်စေမည်ဖြစ်ပါသည် စသည့်မြောက်များလှစွာသော အကျိုးကျေးဇူးများ ခံစားလာ ရမည်မှာ မလွဲဧကန်ဖြစ်ပါ၍ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးရှုမောင် မှ သစ်တောသယံဇာတ မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အပြည့်အဝ အကာအကွယ် ပေးနိုင်ရန်အတွက် သစ်တောဥပဒေ အား ပြင်ဆင် ပေးနိုင်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို အထက်ပါ အကျိုးတရားများ ထည့်သွင်းစဉ်းစား၍ ဥပဒေကို ပြင်ဆင်ပေးနိုင်ပါရန် ကျွန်တော့် အနေဖြင့် ဖြည့်စွက်ဆွေးနွေး ထောက်ခံအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၅၁။**

**ဥက္ကဋ္ဌ။** ။ သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပြန်လည် ရှင်းလင်း ဆွေးနွေးဖို့ရှိပါက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၅၁။**

**ဦးဝင်းထွန်း၊ (ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီး များ ခင်ဗျား။ အဆိုရှင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးရှုမောင် နှင့်တကွ အဆိုရှင်ရဲ့ အဆိုအပေါ်မှာ ယနေ့ ထောက်ခံဆွေးနွေး သွားကြသော ကိုယ်စားလှယ်ကြီး (၅)ဦးသည် မိမိတို့ တိုင်းပြည်နှင့် ဒေသခံ တိုင်းရင်းသားပြည်သူများရဲ့အကျိုးကို ရှေးရှုပြီးတော့၊ စိတ်စေတနာထား ပြီးတော့ ကျွန်တော်တို့ ပါဝင်ဆွေးနွေးသွားကြတယ်လို့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ရိုးသားစွာ ခံယူပါတယ်။ ထို့ အတွက်ကြောင့် ယနေ့တင်ပြပါဝင်ဆွေးနွေးသွားကြသော အချက်အလက်များ အားလုံးသည် ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ နိစ္စဓူဝ ဆောင်ရွက်မှုများအပေါ်မှာ သက်ရောက်နေ မည် ဖြစ်ပါတယ်။ ဒီဟာနဲ့ ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီး အနေနဲ့ အနည်းငယ် ပြန်လည် တင်ပြ ဆွေးနွေးရမည် ဆိုလျှင် အားလုံးသိကြတဲ့အတိုင်းပဲ မြန်မာနိုင်ငံသစ်တောဥပဒေကို ၁၉၀၂ ခုနှစ်မှာ စတင်ပြဋ္ဌာန်းခဲ့ပြီးတော့ ခေတ်ကာလအခြေအနေနဲ့ လိုက်လျောညီထွေ ဖြစ်စေဖို့၊ နောက်တစ်ချက်ကလည်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများတွင် ပါဝင်

လက်မှတ်ရေးထိုး ဆောင်ရွက်ရသည့် ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ လိုအပ်တဲ့ အချိန်များတွင် ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၀၂ ခုနှစ် ဥပဒေကို ၁၉၉၂ ခုနှစ်တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၅ ခုနှစ်မှ စတင်ပြီး တော့ ထပ်မံပြင်ဆင်ရေးအစီအမံ များကို ဆောင်ရွက်ခဲ့ပါတယ်၊ အခုအချိန် အခါမှာဆိုလို့ရှိရင် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက် ခေတ်ကာလရဲ့ လိုအပ်ချက်များနဲ့အညီ စိစ စ်ပြင်ဆင်ပြီး ပြည်ထောင်စုရှေ့နေ ချုပ်ရုံးသို့ ကျွန်တော်တို့ ပေးပို့ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ကိုယ်စားလှယ်တော်ကြီးများအား အသိပေး တင်ပြအပ်ပါတယ်။ ထို့အပြင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေကိုလည်း အချိန်ယူရေးဆွဲခဲ့ ပြီးတော့ လွှတ်တော်သို့ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် တင်ပြထားပြီးဖြစ်ပါကြောင်းလည်း ထည့်သွင်းပြီးတော့ တင်ပြလိုပါတယ်။ အခြားဖွံ့ဖြိုးဆဲ နိုင်ငံများနည်းတူ မြန်မာနိုင်ငံရဲ့ သစ်တော သယံဇာတအရင်းအမြစ်များ ဆုံးရှုံးနေမှုမှာ ၁၉၉၅ခုနှစ်က နိုင်ငံတော်ရဲ့ သစ်တောဖုံးလွှမ်းမှု ဧရိယာ ၅၂ ရာခိုင်နှုန်းခန့်ရှိရာမှ လက်ရှိ ၄၇ ရာခိုင်နှုန်းအထိ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါ၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှုများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ကျွန်တော်တို့ အချိန်ရောက် နေပြီ ဖြစ်ပါတယ်။ သစ်တောသယံဇာတများ ပြုန်းတီးခြင်းမှာ တိုတောင်းလှသောကာလအတွင်း ဖြစ်ပေါ်နိုင် သော်လည်း ပြန်လည်ကုစားထိန်းသိမ်းရာမှာ အချိန်ကြာပြီး ငွေကြေးပမာဏ မြောက်မြားစွာ သုံးစွဲရမှာဖြစ်ပါတယ်။ ရေရှည်တည်တံ့မယ့် သစ်တောစီမံအုပ်ချုပ်မှု လုပ်ကိုင်မှုစနစ်ကို ချမှတ်ထား ပေမဲ့လည်း အမြဲတမ်းသစ်တောနယ် မြေ များရဲ့ အဆင့်အတန်းဟာ ကျဆင်း နေတာလည်း တွေ့ရှိ ရပါတယ်။ အမျိုးသား သစ်တောကဏ္ဍ ပင်မနှစ်(၃၀)စီမံကိန်း ပြဋ္ဌာန်းရေးဆွဲပြီးတော့ နိုင်ငံတော်ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ရှိပြီးသား သစ်တောဥပဒေ၊ နည်းဥပဒေများ နဲ့ ဒီဥပဒေတွေရဲ့ အနှစ်သာရကိုလည်း အများ ကျေးလက်နေပြည်သူလူထုအများအနေနဲ့ နားလည်သဘောပေါက်အောင်၊ အပြည့်အဝ ပူးပေါင်းဆောင်ရွက်လာအောင် ကျွန်တော်တို့ ပညာပေးလုပ်ငန်းများ ကျွန်တော်တို့အနေနဲ့ များစွာ လုပ်ရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သဘာဝသစ်တောများ ထိန်းသိမ်းခြင်းနဲ့ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းကို နိုင်ငံတော်က အစဉ်အဆက် တာဝန်ယူခဲ့တဲ့နေရာမှ အခုအခါဆိုလို့ရှိရင် ပုဂ္ဂလိကတိုင်းရင်းသားများ တည်ထောင် ထိန်းသိမ်းပိုင်ဆိုင်ရန် ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ အထူးသဖြင့် ကျွန်းပင်ကို ပုဂ္ဂလိက ပိုင်ဆိုင်မှု အတွက် ခွင့်ပြုပေးပြီးဖြစ်ရာ သူနဲ့သက်ဆိုင်တဲ့ ဥပဒေကိုလည်း ပြင်ဆင်ပြဋ္ဌာန်း ရန် ဆော င်ရွက် ထားပြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ အဆိုမှာ ပါရှိခဲ့သည့်အတိုင်း ကျွန်း၊ ပျဉ်းကတိုး ၊

ပိတောက်၊ သစ်ယာ၊ အင်ကြင်း၊ ယ မနေ စတဲ့ တန်ဖိုးမြင့် သစ် အချို့ကိုသာလျှင် ထုတ်လုပ်နေပါက သစ်တော တန်ဖိုးကျဆင်းပြီး အဖိုးတန်သစ်မျိုးများ ရှားပါးပျောက်ကွယ်သွားမည်ဖြစ်ရာ လူသုံးနည်းသစ်များ Lesses Used Species များကို စနစ်တကျ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် သုတေသနပြုစု စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောထွက်ပစ္စည်းများကို စနစ်တကျ ထုတ်ယူသုံးစွဲရေးအတွက် ရေရှည်တည်တံ့မယ့် သစ်တောစီမံအုပ်ချုပ်မှု Self Sustainable Forest Management စနစ်နဲ့ ကာလရှည်ကြာစွာ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ရာမှ ကိုယ်စားလှယ်တော်ကြီး အဆိုပြုထားတဲ့ အတိုင်း ပိုမိုတိုးတက်ကောင်းမွန်တဲ့ Progressive Forest Management စနစ်ကို တက်လှမ်း ဖော်ဆောင်နိုင်ရေးကို လည်း အလေးထား ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ သစ်တောကင်းရှုံး များ ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်ကတော့ သစ်နှင့်သစ်တောထွက်ပစ္စည်းများ သယ်ယူရွှေ့ပြောင်းရာတွင် ထိန်းသိမ်းနိုင်ရေးအတွက် အထောက် အကူပြုရန်နှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်အခများ ကောက်ခံနိုင်ရန်ဖြစ်ပါတယ်။ကင်းရုံးတာဝန်ကျဝန်ထမ်းများကိုလည်းပဲ လာဘ်ပေးလာဘ်ယူမှုများ ကင်းရှင်းစေရေးအတွက် စနစ်တကျ ကြပ်မတ်ထိန်းသိမ်းမယ့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး မသမာမှုများအပေါ်မှာလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေပါကြောင်း ပြန်လည် တင်ပြအပ်ပါတယ်။ ကျယ်ပြန့်တဲ့သစ်တော နယ်မြေများကို ထိန်းသိမ်းနိုင်ရန်အတွက် ဆက်စပ်ဝန်ကြီးဌာနများနဲ့ လူမှုအဖွဲ့အစည်းများ အားလုံးက ဝိုင်းဝန်းပူးပေါင်း စောင့်ရှောက်ပေးပါက ပိုမိုထိရောက်မှာဖြစ်ကြောင်း သိရှိရတဲ့ အတွက် ဒေသခံပြည်သူလူထုကို သစ်တောသစ်ပင်ချစ်ခင်တဲ့ စိတ်ဓာ တ်များ ပိုမိုခိုင်မာလာစေရေး အတွက် ဆွဲဆောင်မှုပေးပြီး စည်းရုံးဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အဆိုရှင်နှင့် ယနေ့ ဆွေးနွေးကြသော ကိုယ်စားလှယ်တော်ကြီးများအပေါ်မှာ နိုင်ငံ့အကျိုးကို ရှေးရှု၍ သစ်တောက ဏ္ဍအပေါ်မှာ အလေးထား အဆိုပြုချက်များ အားလုံးကို အထူးပင်ကျေးဇူး တင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် အမျိုးသား အကျိုးစီးပွားနှင့် အနာဂတ် လူ့ဘောင်အကျိုးစီးပွားအတွက် သစ်တောများနဲ့ သစ်တောသယံဇာတ အရင်းအမြစ်များထိန်းသိမ်းကာကွယ်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ် အဖြစ်ခံယူပြီးတော့ ပြည်သူလူထုနှင့်အတူ အစဉ်တစိုက် လက်တွဲပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီး။

**အချိန်၊ ၁၆း၀၀။**

**ဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးရှုမောင် ၏ သစ်တော သယံဇာတမပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးကို အပြည့်အဝ အကာအကွယ် ပေးနိုင်ရန်အတွက် သစ်တောဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန်ဆိုတဲ့အဆိုမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေကို မကြာသေးမီရက်ပိုင်းက အမြန်တင်ပြရန်သစ်တောဝန်ကြီးကို တိုက်တွန်းတဲ့ အခါမှာ ယခုအခါ လွှတ်တော်ကို တင်သွင်းပြီး လွှတ်တော်ကို ယ်စားလှယ်များထံ ဖြန့်ဝေထား ပြီး ဖြစ်ပါတယ်။ ဒါကြောင့်ဒီအဆိုမှာ (၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတာကို ကောက်နုတ် ပယ်ဖျက်လိုက်ပါပြီ။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၈) ဦးရှုမောင် တင်သွင်းတဲ့ သစ်တောသယံဇာတမပြုန်းတီး ရေးကို အပြည့်အဝ အကာအကွယ် ပေးနိုင်ရေး အတွက် သစ်တောဥပဒေအား ပြင်ဆင်ပြဋ္ဌာန်း ရန် ပြည်ထောင်စု ဝန်ကြီး အား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။ ဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇ နည်းဥပဒေခွဲ(ထ)နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါမယ်၊ ဒီလိုဆန္ဒရယူရမှာ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့ နေရာတွင် မတ်တတ်ရပ်ပြကြဖို့ဖြစ်ပါတယ်။ အားလုံးထိုင်နိုင်ပါပြီ။

မတ်တတ်ရပ်ပြတဲ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ (၄၀)ဦးအထက်ရှိတဲ့အတွက် ဦးရှုမောင် ရဲ့အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော် ဆဋ္ဌမနေ့ အစည်းအဝေးရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၆း၀၂။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၁ ခုနှစ် ဩဂုတ်လ ၃၀ ရက် အင်္ဂါနေ့ နံနက် ၁၀း၀၀နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၆း၀၂။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီ။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေးကို ၁၆း၀၂ နာရီအချိန်တွင် ရပ်နားပါသည်။ ]